www.burmeseclassic.com

စိတ်ကူးချိုချို စာအုပ် - ၃၇

စာတတ်ခြင်းနှင့် စာရေးတတ်ခြင်း
မတူပါ
အသေးအဖွဲရေးတတ်မှ
စာရေးကောင်းသူဖြစ်၏

# ပီမိုးနင်းအထိမ်းအမှတ်ခန်းမ
# နှင့်
## အခြားဆောင်းပါးများ

သတင်းစာဆရာ
**မြန်မာ့အလင်းသန်းညွန့်**
ရေးသားသည်

၂၀၀၁ ခုနှစ် ဇူလိုင်လ

www.burmeseclassic.com

# မာတိကာ


- ကျေးဇူးရှင်များအား ပူဇော်ကန်တော့ခြင်း ၁
- ပဏာမ အစီရင်ခံစာ ............ ၂
- စကားချီး ............ ၆

(က) ပီမိုးနင်းအထိမ်းအမှတ်ခန်းမနှင့် စာကြည့်တိုက် ရှိသင့်ပြီ ............ ၇

(ခ) ထမင်းစားလက်မှတ် ............ ၁၆

(ဂ) တကယ့်ကရုဏာရှင်များနှင့် ဆုံဆည်းရပါလို၏ ............ ၂၄

(ဃ) ရွှေ ............ ၄၁

(င) ခေတ်ဟောင်းတေးရေးပညာရှင် မှတ်တမ်းတင် ............ ၄၆

(စ) ကံ ............ ၅၉

(ဆ) ဆန့်ကျင်ဘက်ခြားနားချက် ............ ၆၅

(ဇ) ရေကုသိုလ် ............ ၇၃

(ဈ) မောင်ပေါက်ကျိုင်းလိုလူစား .......... ၈၀

(ည) မန္တလေးသို့ ခရီးတစ်ခေါက် ............ ၉၀

(ဋ) ပြည်တွင်းဖြစ်ကိုသုံး ငွေမဖြုန်းနဲ့ ......၁၀၆

(ဌ) ခရီးကမဝေးပါ အချိန်ကကြာ .........၁၁၇

(ဍ) မီးပုံးပျံစီး၍စွန့်စားဝံ့သူ မြန်မာသူရဲကောင်း ဦးကျော်ရင် ......၁၂၇

(ဎ) အတွေးနယ်ချဲ့မိပုံက ............၁၃၃

(ဏ) နှစ်သစ်မင်္ဂလာ အေးချမ်းသာယာ ......၁၄၁

www.burmeseclassic.com

# ကျေးဇူးရှင်များအား ပူဇော်ကန်တော့ခြင်း

ကွယ်လွန်သူ အဘဦးထွန်းဦး - အမိ ဒေါ်နှင်းရီ၊ ငယ်စဉ်စ၍ အမျိုးသားပညာရေး အထက်တန်းအဆင့်ထိ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဘာသာစုံသင်ကြားပို့ချပေးခဲ့ကြသော အိန္ဒိယ ဥပဒေပြုလွှတ်တော် မင်းတိုင်ပင်အမတ်ဟောင်း (Ex; M.L.A) မွန်အမျိုးသားကြီး ကျောင်းအုပ်ဆရာကြီး ဦးဒွေးနှင့် စေတနာဆရာများ၊ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ မြန်မာ့အလင်း သတင်းစာတိုက်တွင် လခစားအလုပ်သင် ခန့်ပြီး သတင်းစာဆရာ ဖြစ်အောင် စာနယ်ဇင်းပညာစုံကို လက်တွေ့သင်ကြားပေးခဲ့သော မြန်မာ့အလင်း အထွေထွေမန်နေဂျာ တိုက်အုပ် ဦးတင် (နောင်အခါ ဘဏ္ဍာရေးဝန်ကြီးဟောင်း နှင့် သတိုး သီရိ သုဓမ္မာဘွဲ့ရ ပါလီမန်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဟောင်း) နှင့် ဂျာနယ်ကျော် ဦးချစ်မောင် (ရွှေလင်းယုန်) စသော စာနယ်ဇင်းလောကမှ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများဖြစ်သော စာနယ်ဇင်းဆရာကြီး များအားပူဇော်ကန်တော့ပြီး ဤစာအုပ်ဖြင့် ကျေးဇူးဆပ်လိုက်ပါသည်။

**မြန်မာ့အလင်းသန်းညွန့်**

www.burmeseclassic.com



# ပဏာမအစီရင်ခံစာ

မြန်မာ့အလင်းသတင်းစာတာဝန်ခံ အယ်ဒီတာအဖြစ်မှ သက်ပြည့်ပင်စင်ယူပြီးလျှင်၊ ကျွန်တော်၏အတွေ့အကြုံများ ကို စာနယ်ဇင်းများတွင် သတင်းဆောင်းပါးများ ရေးသား မည်ဟု အားခဲထားခဲ့ပါသည်။ သို့သော်ခဲလေသမျှသဲရေကျဖြစ်ရပါတော့သည်။အငြိမ်းစားယူပြီး မကြာမီပင် ခါးရိုး ကြီးပေါင်းတက် ဝေဒနာဖြစ်ပေါ်၍ ခါးနာ၊ လက်နာ၊ ခြေနာပြီး ထုံကျင်ကိုက်ခဲကာ မသွားနိုင်၊ မလာနိုင်၊ မလုပ်ကိုင်နိုင်ဖြစ်လာသဖြင့် စာမရေးဖြစ်တော့ပါ။

သတင်းစာလုပ်ငန်းမှ ရေးဖော်၊ ရေးဖက် အချို့က အငြိမ်းစားယူပြီး ပုဂ္ဂလိက စာနယ်ဇင်းများ လုပ်ကိုင်နေကြ၍ ကျွန်တော့်အား စာပြန်ရေးရန် တိုက်တွန်းလာကြသည်။ ဘာမျှမလုပ်ဘဲ ထိုင်နေလျှင် အသက်တိုလိမ့်မည်။ “ရေးစရာ အတွေ့အကြုံတွေ အများကြီးရှိတာပဲ၊ စာသာဆက်ရေးပါ” ဟု ကျွန်တော့်အား စိတ်ဓာတ်မကျအောင်အားပေးကြပါသည်။

ကျန်းမာရေးချို့တဲ့လျက်ပင် စာဆက်ရေးရန် ဟန်ပြင်လိုက်ပြန်သောအခါ မျက်စိမှာ အတွင်းတိမ်ဝေဒနာ စွဲကပ်၍ တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါးခန့် စာဖတ်၊ စာရေးခြင်း မပြုနိုင်တော့ပါ။ သို့ဖြင့် အငြိမ်းစားယူပြီး ၁၀ နှစ် ကြာခဲ့သော်လည်း စာတစ်လုံးမှ မရေးဖြစ်ခဲ့ပါ။

www.burmeseclassic.com



မျက်စိနှစ်ကွင်းစလုံး အတွင်းတိမ်စွဲကပ်ခဲ့ရာ ညာဘက်မျက်စိကို အရင်ခွဲစိတ်၍ မျက်ကြည်ဖလင် အစား ထည့် ကုသပြီး ကျွန်တော့်အသက် (၇၀) ပြည့်မှ မျက်စိတစ်ဘက် အားကိုးဖြင့် စာရေးဖြစ်တော့သည်။ စာသွက်သွက်ရေးကောင်းဆဲမှာပင်၊ သုံးလကြာသောအခါ ဘယ်ဘက်မျက်စိကို ခွဲစိတ်၍ မျက်ကြည်ဖလင် အစားထိုး ကုသခံရပြန်သည်။ မျက်စိနှစ်ဖက်လုံး ခွဲစိတ်ကုသပြီး အသားကျမှ မျက်မှန်အသစ် ပြုလုပ်ရမည်ဖြစ်ရာ မျက်မှန် မလုပ်ရမီမှာပင် စာများကို သွက်သွက်ရေးခဲ့သည်။ ဤ စာအုပ်တွင်ဖော်ပြသော ဆောင်းပါးများမှာ အဆိုပါကာလ တွင် ရေးသားခဲ့သော ဆောင်းပါးအနက်မှ အချို့ဖြစ်ပါ သည်။

ကျွန်တော်၏ အတွေ့အကြုံဆောင်းပါးများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေရန် စာရေးဆရာကြီး ပါရဂူ စသောစာနယ်ဇင်းဆရာအချို့က အကြိမ်ကြိမ် တိုက်တွန်း အားပေးကြသော်လည်း ကျန်းမာရေး အခြေ အနေနှင့် အသက်အရွယ်ကြောင့် ကျွန်တော်ကိုယ်တိုင် စာအုပ်ထုတ်ဝေရေးကို မလုပ်နိုင်ခဲ့ပါ။

လွန်ခဲ့သော တစ်နှစ်ကျော် နှစ်နှစ်ခန့်က စိတ်ကူးချိုချိုစာပေတိုက်ပိုင်ရှင် ဦးစန်းဦးကစာနယ်ဇင်း များတွင် ဖော်ပြပြီးသော ကျွန်တော့်ဆောင်းပါးများကို စာအုပ်အဖြစ်ထုတ်ဝေလိုသည်ဟုဆိုလာ၍ဆောင်းပါး အချို့ကိုစုစည်း ပေးလိုက်လိုက်ပါသည်။ ကျွန်တော်သည် ၅၅ နှစ်ကျော်စာနယ်ဇင်းများတွင်သာဆောင်းပါးများရေးသား ခဲ့သော်လည်း၊လုံးချင်းစာအုပ်အဖြစ်တစ်ကြိမ်မျှမထုတ် ဝေခဲ့ဖူးပါ။

www.burmeseclassic.com



ထို့ကြောင့် ဤစာအုပ်သည် ကျွန်တော်ရေးသားသော ပထမဆုံးလုံးချင်း စာအုပ်ဖြစ်ပါသည်။ ထို့ပြင် ဤစာအုပ် ထုတ်ဝေချိန်မှာ ကျွန်တော့်အသက် ၇၅ နှစ်ပြည့်ကာလနှင့် တိုက်ဆိုင်နေ၍ အသက် ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ်လည်း ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သို့ဖြစ်၍ ဦးစန်းဦးသည် ကျွန်တော်ရေးသားသော ဆောင်းပါးများကို စုစည်း၍ ကျွန်တော့်အတွက် ပထမဆုံး လုံးချင်းစာအုပ် ထုတ်လုပ်ပေးသူ ဖြစ်သဖြင့် ကျွန်တော့်ဘဝမှတ်တမ်းတွင် မှတ်တမ်းတင်ရမည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာပါတော့သည်။

ကျွန်တော်သည် ငယ်စဉ်ကပင် ကိုယ့်ဒူး ကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်မွေးမြူလိုသူ ဖြစ်၍ နိုင်ငံကျော် စာနယ်ဇင်းဆရာကြီးနှင့် မြန်မာ့ရုပ်ရှင်ရှေ့ဆောင် ဆရာကြီးပီမိုးနင်း၏ 'ကိုယ့်ဒူးကိုယ်ချွန်'၊ စာနယ်ဇင်းဆရာကြီး ဦးဗဂျိုင် (တိုးတက်ရေးဂျာနယ်နှင့်သတင်းစာတိုက်ပိုင်ရှင် ဦးစိန်) ၏ 'ကြီးပွားချမ်းသာရေး'၊ စာရေးဆရာ လောကခံ ဦးထွန်းလှ၏ 'ဘာလဲဟဲ့လောကခံ' စသော ကိုယ့်အားကိုယ်ကိုးအောင်မြင်ခြင်းစာအုပ်များနှင့် သတင်း စာဆရာ လက်ရေးတို ဦးချစ်မောင်၏ 'ဒါမှသတင်းထောက်' စသော လက်တွေ့အောင်မြင်မှု စာအုပ်များကို စိတ်ဝင်စားစွာဖတ်ရှုလေ့လာခဲ့သည်။ အထူးသဖြင့် ဆရာကြီးပီမိုးနင်း၏ ကြီးပွားတိုးတက်ရေးစည်းကမ်းစနစ်နှင့် အလေ့အကျင့် နည်းလမ်းပြ ဩဝါဒထူးများကို ယနေ့အထိ လက်လှမ်းမီသရွေ့ လေ့လာမှတ်သား နာယူလျက်ပင်။

ထို့ကြောင့် ကျွန်တော်၏ ပထမဦးဆုံး လုံးချင်း

www.burmeseclassic.com



စာအုပ်အဖြစ် ထုတ်ဝေရာတွင် ဆရာကြီး ပီမိုးနင်း၏ ကျေးဇူးကို အထူးပြု၍ ဦးစားပေး ဖော်ပြလိုက်ရပါသည်။ စာပေအရေးအသား၌ ဆရာကြီး ပီမိုးနင်းက စာတတ်သူတိုင်း စာမရေးတတ်၊ စာရေးတတ်သူတိုင်း စာပေပညာရှိသူမဟုတ်၊ စာတတ်သည်က တခြား၊ စာရေးတတ်ခြင်းက တခြား ဖြစ်သည်ဟု အဆိုအမိန့် ထားရှိခဲ့ပါသည်။ ထိုအဆိုအမိန့်ကိုခံယူ၍ ဤစာအုပ်အမည်အဖြစ် ကမ္ပည်းထိုးလိုက်ရပါသည်။

ကျွန်တော့် ဆောင်းပါးများကို ထည့်သွင်းဖော်ပြခဲ့ကြသော စာနယ်ဇင်းများနှင့် စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြသော စာဖတ်ပရိသတ်တို့ကိုလည်း ကျေးဇူးမမေ့ပါဟု လေးစားစွာ အစီရင်ခံအပ်ပါသည်။

စတုတ္ထမဏ္ဍိုင် ကြံ့ခိုင်စေရမည်။

မြန်မာ့အလင်းသန်းညွန့်
အငြိမ်းစားတာဝန်ခံအယ်ဒီတာနှင့်
မြန်မာနိုင်ငံလုံးဆိုင်ရာ
သတင်းထောက်အသင်းများဌာနချုပ်
ပထမဆုံး - အတွင်းရေးမှူးဟောင်း(၁၉၅၃)

www.burmeseclassic.com

# ကျေးဇူး

သတင်းစာဆရာ၊ အငြိမ်းစားတာဝန်ခံ အယ်ဒီတာ မြန်မာ့အလင်း (ဦး) သန်းညွှန့်၏ နွယ်နီမဂ္ဂဇင်း၊ ရနံ့သစ် မဂ္ဂဇင်းနှင့် မိုးဂျာနယ်တို့တွင် ရေးသားခဲ့သော ဆောင်းပါး အချို့ကိုစုစည်း၍ တင်ပြလိုက်ပါသည်။

**စိတ်ကူးချိုချို**

www.burmeseclassic.com

၈

## ပီမိုးနင်းအထိမ်းအမှတ်ခန်းမနှင့် စာကြည့်တိုက်ရှိသင့်ပြီ

ရန်ကုန်နှင့်မြို့ကြီးများရှိ စာအုပ်ဈေးတန်းများကို လျှောက်ကြည့်လျှင် လောကီကျမ်းများ၊ ဝတ္ထုများ၊ စာအုပ်စာတမ်းအများဆုံး ပြုစုရေးသားခဲ့သော စာရေးဆရာ၊ သတင်းစာဆရာကြီး ပီမိုးနင်း၏ စာအုပ်စာတမ်းများကို အများဆုံး တွေ့ရပေမည်။ ဆရာကြီးပီမိုးနင်း၏ စာအုပ်စာတမ်းများမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ပုံနှိပ်ထုတ်ဝေ ရောင်းချခဲ့ကြသည်မှာ ယခုအထိဖြစ်သည်။ ခေတ်အဆက်ဆက် မရိုးနိုင်ဘဲ၊ စာဖတ်သူမျိုးဆက်ပေါင်းများစွာ၏ လက်စွဲကျမ်း၊စာအုပ်စာတမ်းများဖြစ်နေသည်။ ထို့ကြောင့် ဆရာကြီးပီမိုးနင်း၏ ကျမ်းများ၊ စာအုပ်စာတမ်းများကို ထပ်တလဲလဲ ပုံနှိပ်ထုတ်ဝေ၍ စီးပွားရှာခဲ့ကြရာ ပုံနှိပ်ထုတ်ဝေသူ အတော်တော်များများပင် ချမ်းသာ ကြွယ်ဝခဲ့ကြလေသည်နိုင်ငံနှင့်လူမျိုးအတွက်စာပေဖြင့်အကျိုးပြုခဲ့သောဆရာကြီးပီမိုးနင်း၏စာပေကျေးဇူးမှာကြီးမားလှပေသည်။

ဆရာကြီးပီမိုးနင်းကား . . .

"ကျွန်ုပ်မှာအသက် ၅၆ နှစ် ရှိလေပြီ၊ ဆင်းရဲတုန်းပင်။ စာအုပ်များ ထွက်ပြီးသည့်နောက် ကိုယ်တိုင်

www.burmeseclassic.com



အကျိုးမခံစားရဘဲ၊ ဒုက္ခရောက်ခြင်း တည်းဟူသော နွံထဲမှာပင် တိုးလျက်နေရလေသည်။ . . . ကျွန်ုပ် တစ်ယောက်တည်း သာမဟုတ်၊ စာရေးဆရာတိုင်းလိုပင် ဆင်းရဲနေကြ၏။ ဝတ္ထုဆောင်းပါးတို့ မည်မျှပင်ကောင်းသော်လည်း စာရေး ဆရာတို့သည် မည်သည့်အခါမှ ထိုက်သည့်အားလျော်စွာ တန်ရာတန်ဖိုးကို မရခဲ့ပေ။ အဘယ်မှာလျှင် စာရေးဆရာတို့ ထမင်းဝအံ့နည်း။ . . . မြန်မာပြည်၌ ရိုင်ယယ်တီ (မူပိုင်ခွင့်)ထုံးစံကို နားမလည်ကြသည်သာမက၊ စာရေး ဆရာတို့ ရေးသားခဲ့သော ဝတ္ထုဇာတ်လမ်းခိုးယူကာ ရုပ်ရှင်ကုမ္ပဏီများကလည်း စာရေးဆရာများကို အသိအမှတ် မပြုကြချေ။ ရုပ်ရှင်ဇာတ်လမ်း ရိုက်ကူးကြသေးသည်။ ရုပ်ရှင်ကုမ္ပဏီများ၌ ဆုံးပါးခဲ့သော ကျွန်ုပ်၏ ဝတ္ထု အမြောက်အမြား ရှိခဲ့လေသည်” ဟု ဆရာကြီး ပီမိုးနင်း ကိုယ်တိုင် ရေးသားခဲ့သော ပီမိုးနင်း၏ ပီမိုးနင်း စာအုပ်တွင် အတိအလင်း ဖော်ပြထားခဲ့သည်။

ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်ကို ဆရာကြီးပီမိုးနင်း ကွယ်လွန်ပြီး နောက်တစ်နှစ်ခန့်အကြာ၊ ကောဇာသက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် ဂျာနယ်ကျော် ဦးချစ်မောင်က ပြုစုတည်းဖြတ်၍ ဂျာနယ်ကျော်တိုက်ကပင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ လွန်ခဲ့သော ၅၇ နှစ်ကဖြစ်သည်။ ဆရာကြီး ပီမိုးနင်းသည် ၁၃၀၁ ခု၊ နတ်တော်လဆုတ် ၁၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ၁၂၄၅ ခုဖွားဖြစ်၍ ယခုဆိုလျှင် အသက် ၁၅၅ နှစ် ရှိပြီဖြစ်သည်။

ပီမိုးနင်း၏ပီမိုးနင်း စာအုပ်တွင် တည်းဖြတ်သူ ဂျာနယ်ကျော် ဦးချစ်မောင်က စကားချီးရေးသား သည်။

“ဆရာကြီးကား မြန်မာပြည်တွင် စာအုပ်အများ

www.burmeseclassic.com



ဆိုး ရေးသားသော ပုဂ္ဂိုလ်ကြီးပင် ဖြစ်ပေ၏။ရေးသားရာတွင်လည်း အခြားသူများ ရေးသားသုံးနှုန်းလေ့ရှိသော စကားများ၊ အကြောင်းအရာများကို ရေးသားသုံးနှုန်းခြင်းမပြု၊ မိမိစိတ်ကူးဉာဏ်ဖြင့် အချက်ကျကျ ဆန်းကြယ်လှသော စကားလုံးတို့ကို ရှာကြံကာ ပိုင်ပိုင်နိုင်နိုင်နှင့် ရွှင်ရွှင်ကြီး ရေးသားသွားခဲ့သဖြင့် အခြားသော စာရေးဆရာများ ထက် ပိုမိုထူးချွန် ထက်မြက်သည်ဟု အများကပင်ဝန်ခံရပေ၏။

ဆရာကြီးသည် အရေးအသားသာလျှင် ဆန်းကြယ်သည်မဟုတ်၊ တွေးပုံခေါ်ပုံ၊ ကြံဆပုံတို့မှာလည်း အလွန်ဆန်းကြယ်၏။ တစ်ပါးသူ မတွေးခေါ်၊ မကြံဆမိသည့် ဘက်ကနေ၍ ကြံဆရေးသားတတ်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေ၏။

**ထို့ကြောင့်ပင် ငွေကလောင်ကျမ်း၌ "မီးဖိုချောင်အကြောင်းကိုဖတ်၍ မငြီးအောင်ရေးတတ်ဖို့ လိုလေသည်။ ဆီမီးခွက်အကြောင်းကိုဖတ်၍ ကောင်းအောင်ရေးသားခြင်းသည် အလောင်းစည်သူ၏ အတ္ထုပ္ပတ္တိကိုရေးခြင်းထက် ခက်ခဲကြီးလေးလေသည်။ အလောင်းစည်သူ၏ အတ္ထုပ္ပတ္တိမှာ ရာဇဝင်ရှိ၏။ ဆီမီးခွက် အကြောင်းမှာ မှီခိုအားပြု၍ ရေးစရာ အခြေခံစာပေကျမ်းဂန်မရှိ၊ စိတ်ကူးဖြင့် ရေးရလိမ့်မည်။ မသိသူတို့၏ စိတ်၌ကားအသေးအဖွဲ့ဟု ပြောလိမ့်မည်။ အသေးအဖွဲ့ ရေးတတ်မှ စာရေးကောင်းခြင်း ဖြစ်သည်ကို မစဉ်းစားကြပေ" ဟူ၍ ရေးသားကာစ စာရေးဝါသနာပါသူတို့အား အသစ်ကိုထွင်ကြဖို့ တိုက်တွန်းခဲ့လေသည်။ တိုတိုနှင့် အဓိပ္ပါယ်ပြည့်စုံသည့် အရေးအသားမျိုးမှာ ဆရာပီမိုးနင်း၏ စာအုပ်**

www.burmeseclassic.com



**တိုင်းတွင် ပါရှိသည့်စာမျိုးဖြစ်သည်ဟု ဂျာနယ်ကျော် ဦးချစ်မောင်က စကားချီး၌ ရေးသား ဖော် ပြထားသည်။**

ဂျာနယ်ကျော် ဦးချစ်မောင်သည် ပီမိုးနင်း၏ စာအုပ်တွင် ဆရာကြီးပီမိုးနင်းကိုယ်တိုင်ရေး အတ္ထုပတ္တိအပြင် ဖြည့်စွက်ရေးသားထားသေးသည်။ ဆရာကြီး ပီမိုးနင်း၏ ဝတ္ထုခေတ်လေးခေတ်နှင့် မြန်မာ့အလင်းသတင်းစာသို့ ရောက်လာပြီး 'ဦးလေပွေ' အမည်ဖြင့် အလွန်ချက်ကျ၍ စကားအသုံးအနှုန်း ပြတ်သားသော ဆောင်းပါးရေးသားသဖြင့် အလွန်လူကြိုက်များလှပုံများကို အကျယ်တဝင့် ရေးသား ဖော်ပြထားသည်။

ယခုကြီးပွားနေကြသော လူလတ်ပိုင်းတိုင်း ဖတ်ဖူးကြသည့် ကမ္ဘာ့မင်တံကျမ်း၊ သခင်စိတ်၊ လက်တွေ့ကြီးပွားရေးကျမ်းများမှစ၍ အင်္ဂလိပ်စကားပြောနည်း၊ ဝတ္ထုနှင့် သတင်းစာရေးနည်း၊ အချစ်ဇာတ်လမ်း စသောကျမ်းများလည်း ဆရာကြီး ပီမိုးနင်းရေးသားခဲ့ပုံကို ဂျာနယ်ကျော် ဦးချစ်မောင်က ထည့်သွင်းဖော်ပြထားသည်။

အလွန်ကောင်းသော ဝတ္ထုများကို ရေးသားပေးခဲ့သော်လည်း ဆရာကြီးအား စာမူခများစွာ မပေးကြဘဲ၊ ပုံနှိပ်ထုတ်ဝေသူများ ချမ်းသာကြွယ်ဝခဲ့ကြသည်ဟုလည်း ဆက်လက်ရေးသားထား၏။

ဆရာကြီးပီမိုးနင်းသည် မြန်မာပြည်တွင် ပထမဆုံး ရိုက်ကူးသည့် 'မေတ္တာနှင့်သူရာ' ရုပ်ရှင်ဇာတ်ကား ဇာတ်ညွှန်းကို ရေးသားပေးခဲ့လေသည်။ 'တစ်သက်လုံးဖုံးသမျှ-ကုန်းတော့မှပေါ်' ဟူသော ရုပ်ရှင်ဇာတ်ကားတွင် ဆရာကြီးပီမိုးနင်းသည်ပန်းချီဆရာအဖြစ်ဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သည်ကိုလည်း ဂျာနယ်ကျော် ဦးချစ်

www.burmeseclassic.com



မောင်က ရေးသား ဖော်ပြခဲ့သည်။ မြန်မာ့ရုပ်ရှင်၏ ပထမဆုံး ဇာတ်ညွှန်းရေး ဆရာကြီးဟု ဆိုလိုခြင်းဖြစ်သည်။

စာရေးဆရာကြီး သခ်ါက စာပေဗိမာန်ထုတ် 'ကျွန်တော့်ဆရာ ပီမိုးနင်း' စာအုပ်တွင် ဆရာကြီး ပီမိုးနင်း အကြောင်းကို ဤသို့ဖော်ပြထား၏။

"စင်စစ်ကျွန်ုပ်သည် ဝတ္ထုရေးဆရာမဟုတ်၊ ကဗျာသမားဖြစ်၏။ ကဗျာဖြင့်ငွေကြေးမရ၊ ခေတ်ကာလကိုကြည့်လျှင် ကဗျာခေတ်မဟုတ်၊ လက်တွေ့ခေတ် အမြန်ခေတ်ဖြစ်သည်ကို တွေ့ရသောကြောင့် ကဗျာကို စွန့်လွှတ်လိုက်ခြင်းဖြစ်ပေသည်"ဟု ၁၂၉၈ ခုနှစ်က ဆရာကြီး ပီမိုးနင်းရေးသားသော ဆောင်းပါးတစ်စောင်တွင် ဖော်ပြထားသည်ကို ဖတ်ရဖူးသည်ဟု ရေးသားထား၏။

**ဆရာသည် စာတတ်သူနှင့် စာရေးတတ်သူကို ခွဲ၍ ပြလိုက်သူ ဖြစ်၏။ စာရေးတတ်ခြင်းသည် စာတတ်ခြင်းနှင့်မဆိုင်၊ စာတတ်ခြင်းက တခြား၊ စာရေးတတ်ခြင်းက တခြားဖြစ်သည်ဆို၏။**

**အချို့စာတတ်ပုဂ္ဂိုလ်ကြီးများ၏ ရှုပ်ရှုပ်ထွေးထွေး လူနားမလည်အောင် ရေးထားသည့်စာများကို မကြာခဏ ဖတ်ရှုရခြင်းဖြင့် ထင်ရှားသိမြင်နိုင်ကြသည်။**

**စာရေးတတ်ခြင်းကား စာတတ်ခြင်းမဟုတ်၊ စာတတ်ခြင်းဆိုသည်မှာ စာရေးတတ်ခြင်းမဟုတ်ဘဲ၊ မိမိ၏ ဆိုလိုခြင်း အတွေးအခေါ် အယူအဆ အဓိပ္ပါယ်အာဘော်ကို ဖတ်ရသူများ၏ စိတ်ထဲမျက်စိထဲ၌ ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဖော်ပြရေးသားနိုင်စွမ်း ရှိခြင်းကို စာရေး ကောင်းသူ၊ စာရေးတတ်သူ (စာရေးဆရာ)ဟု ခေါ်ဆိုနိုင်ပေသည်ဟု စာရေးဆရာကြီး သခ်ါက တစ်ဆင့်**

www.burmeseclassic.com



**ဖော်ပြ ထားသည်။**

ဆရာကြီးပီမိုးနင်းသည် နိုင်ငံကျော်စာရေးဆရာ၊ သတင်းစာဆရာကြီး သာမက မြန်မာရုပ်ရှင် ပထမဆုံး ဇာတ်ညွှန်းရေးဆရာ ဖြစ်သည့်အပြင် ကိုယ်တိုင်ဒါရိုက်တာ လုပ်ကိုင်ခဲ့သော ရုပ်ရှင်ပညာရှင်ကြီးလည်းဖြစ်သည်ကို ပီမိုးနင်း၏ပီမိုးနင်းစာအုပ်တွင် ဆရာကြီးကိုယ်တိုင် ဤသို့ရေးသားထား၏။

'ဗန္ဓုလဂျာနယ်မှာ ကျွန်ုပ်လုပ်စဉ်က ဗန္ဓုလရုပ်ရှင်ဟူ၍လည်း ချဲ့ထွင်ပြီး ရုပ်ရှင်ကားများ ရိုက်ကူးခဲ့သေးသည်။ ကျွန်ုပ်၏သား မောင်ကျော်စိုးမှာ (ချစ်တဲ့သူရယ်) ဇာတ်ကားကို ရိုက်ကူးရာတွင် ဇာတ်လိုက်အဖြစ် အသုံးတော်ခံခဲ့လေသည်။ မောင်ကျော်စိုးအား ကျွန်ုပ်ကိုယ်တိုင်သင်ကြားပြသကာ ဒါရိုက်တာလုပ်ကိုင်ခဲ့လေသည်။

စာရေးသူတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝက မြန်မာ့ရုပ်ရှင်တွင် ဒိုင်ဗင်၊ ဖိုက်တင်တွေ ခေတ်စားခဲ့သည်။ ကျွမ်းထိုး၊ ခုန်ပျံကျော်လွှား၊ ထိုးခန်း၊ ကြိတ်ခန်း၊ စွန့်စားခန်းများ၊ ကြမ်းကြမ်းရမ်းရမ်း သရုပ်ဆောင်မှုများပြသလေ့ရှိ၍ စတန့်ရုပ်ရှင်မင်းသား၊ မင်းသမီးများ ပေါ်လာရာ (ဦး)ကျော်စိုးမှာ ပထမဆုံး မြန်မာရုပ်ရှင် စတန့်မင်းသားတစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့် စာရေးသူတို့စာနယ်ဇင်းများ မဖတ်တတ်သေးသော အရွယ်က စာရေးဆရာကြီး ပီမိုးနင်းကိုမသိခဲ့။ နားမလည်ခဲ့ပေ။ ရုပ်ရှင်သာကြည့်တတ်သော အရွယ်ဖြစ်သဖြင့် ရုပ်ရှင်စတန့်မင်းသား 'ကျော်စိုး' ကိုတော့ ကောင်းကောင်းသိထားကြသည်။

ကျော်စိုး၊ ကျော်မိုး [နိုင်ငံကျော် စတန့်မင်းသမီး (ဒေါ်) ခင်ခင်စန်း၏ ခင်ပွန်း၊ နောင်အခါ ဒါရိုက်တာ

www.burmeseclassic.com



ဦးကျော်မိုး]၊ ကျော်ဟိုးမှစ၍ ကျော်ရှင်း၊ ကျော်မင်း၊ ကျော်အေး၊ ကျော်ညွန့်စသော မြန်မာရုပ်ရှင်စတန့်မင်းသားများကို ကလေးငယ်များကအစ သဘောကျ၍ လူကြိုက်များသည်။ ထိုစဉ်က စာရေးသူတို့သည် မြန်မာ့ရုပ်ရှင်ပညာသည် ပေါင်းစုံတို့ အများဆုံး နေထိုင်သော ကျောက်မြောင်းဈေး တည်ရှိရာ ဗျိုင်းရေအိုးစင်ရပ်၌ နေထိုင်သဖြင့် ရုပ်ရှင်ပညာသည်တို့အကြောင်း နေ့စဉ်ကြားသိနေရ၏။

တစ်နေ့သော် စာရေးသူတို့ နေထိုင်ရာရပ်ကွက်အနီးရှိ တာမွေလမ်း ဗြိတိသျှဘားမား ရုပ်ရှင်ခြံ (ယခု ညွန့်မြန်မာခြံ)တွင် 'ဆယ်နာရီ' ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနေစဉ် မင်းသားကျော်စိုးမှာ ရန်သူ၏ဓားချက်ဖြင့် ကွယ်လွန်သွားသည်ဟု အိမ်နီးချင်း ရုပ်ရှင်ပညာသည်များထံမှ ကြားသိရသည်။ ရည်းစားလုသည့် ကိစ္စဟု ပြောကြသည်။ ထိုအခါကျမှ ကျော်စိုးသည် စာရေးဆရာ ပီမိုးနင်း၏ သားဖြစ်ကြောင်း စတင်သိရှိလာရတော့သည်။

စာရေးသူတို့ စာနယ်ဇင်းဖတ်တတ်သည့် အရွယ်ရောက်သောအခါ ဆရာကြီးပီမိုးနင်း၏ စာအုပ်များကိုဖတ်မိရာ တိုးတက်သော အတွေးအခေါ် အယူအဆများမှတ်သားရ၍ မျက်စိနားပွင့်ကာ ဗဟုသုတများစွာ ရရှိလာတော့သည်။ ယခုအထိလည်း ဆရာကြီးပီမိုးနင်း၏ စာများကို လက်လှမ်းမီသလောက် ဖတ်ရှုမှတ်သားနေမိသေးသည်။

ဆရာကြီးပီမိုးနင်း ပြုစုခဲ့သော စာပေများသည် ယခုသာမက နောင်အနာဂတ်တွင်လည်း ပြည်သူတို့အား အကျိုးပြုနေလိမ့်ဦးမည် ဖြစ်သည်။ နားမျက်စိပွင့်ရန် ဗဟုသုတပေးရုံမက ဆရာကြီး၏ စာပေများကို စဉ်ဆက်

www.burmeseclassic.com



မပြတ် ပုံနှိပ်ထုတ်ဝေကြဦးမည်ဖြစ်၍ ပုံနှိပ်ထုတ်ဝေသူများ စီးပွားဖြစ်ကာ ကြီးပွားချမ်းသာရေးကိုလည်း လက်တွေ့ အကျိုးပြုပေလိမ့်ဦးမည်မှာ မလွဲပေ။

စာရေးသူ အလုပ်မဝင်မီ တစ်နှစ်လောက်က ၁၉၃၉ ခု ဒီဇင်ဘာ ၅ ရက် (၁၉) ကြိမ်မြောက် အမျိုးသား အောင်ပွဲနေ့တွင် မြန်မာ့အလင်း သတင်းစာ (၂၅) နှစ် မြောက် ငွေရတုသဘင်ကို တိုက်ပိုင်ရှင်များက ခမ်းနားစွာ ကျင်းပရာ မြန်မာ့အလင်းတိုက်သား (အလုပ်သမား)များ၊ ပင်တိုင်ရေးသားနေကြသော ပုဂ္ဂိုလ်များအား ဆုငွေ ကျပ် ၂၀ စီ ချီးမြှင့်၍ ဒံပေါက်ထမင်းကျွေးမွေး ဧည့်ခံ သဖြင့် ဆရာကြီးပီမိုးနင်းအား ၁၂၆ လမ်း နေအိမ်သို့ မြန်မာ့အလင်း အယ်ဒီတာအဖွဲ့ဝင်၊ ကာတွန်းဆရာကြီး ဦးဟိန်စွန်းက သွားရောက်ဖိတ်ခေါ်ပြီး ထရော်လီ ဘတ်စ် ကားစီး၍ ခေါ်လာခဲ့သည်။ မြန်မာ့အလင်း ငွေရတုဧည့်ခံ ပွဲတွင် စားသောက်ပြီးနောက် ဦးဟိန်စွန်းအပြင် သွားနေ ခိုက် ဆရာကြီးပီမိုးနင်းသည် ဆူးလေဘုရားလမ်းထိပ် ဖိုက်ချ် စကွဲယားပန်းခြံ (မဟာဗန္ဓုလပန်းခြံ) အတွင်းရှိ အများသုံး အိမ်သာသို့အသွား မြန်မာ့အလင်းတိုက်ရှေ့ လမ်းပေါ်တွင် အကျဉ်းထောင်မှ စာပို့သမား စက်ဘီးနှင့် ဝင်တိုက်ခံရသော ဒဏ်ရာဖြင့် ၁၉၄၀ ပြည့် ဇန်နဝါရီ ၆ ရက်နေ့ နံနက် ၉နာရီ ၁၉မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့လေသည်။

နိုင်ငံနှင့်လူမျိုးတို့အား စာပေ၊ ရုပ်ရှင်တို့ဖြင့် အကျိုးပြုခဲ့သော ပညာရှင်ကြီး၏ ကျေးဇူးကို ထာဝစဉ် သတိရစိမ့်သောငှာ အမှတ်တရ အထိမ်းအမှတ် တစ်ခုခု တော့ ရှိသင့်ပြီဟု ယူဆပါသည်။

www.burmeseclassic.com



စာပေပညာရှင်များ စုပေါင်း၍ ဆရာကြီး ပီမိုးနင်း အသက် ၁၀၀ ပြည့်စဉ်က အထိမ်းအမှတ် အခမ်းအနား ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ပညာသည်များ စုပေါင်း၍ ဆရာကြီး ပီမိုးနင်း အသက် ၉၀ ပြည့်စဉ်က တစ်ကြိမ်၊ အသက် ၁၀၀ ပြည့်စဉ်ကတစ်ကြိမ်နှင့် အသက် ၁၁၀ ပြည့်စဉ်က တစ်ကြိမ် အထိမ်းအမှတ် အခမ်းအနားများသာ ပြုလုပ်ခဲ့ကြပါသည်။ ထာဝစဉ် အမှတ်တရ အထိမ်းအမှတ်ကိုမူ ယခုတိုင် မပြုလုပ်ဖြစ်ကြသေးပါ။ ထို့ကြောင့် ထာဝစဉ် အမှတ်တရ ပြုလုပ်သင့်ပြီဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထာဝစဉ် အမှတ်တရ အထိမ်းအမှတ် ပြုလုပ်ရာတွင်လည်း၊ ကြေးရုပ်ပြုလုပ်ခြင်းထက်၊ နိုင်ငံနှင့် ပြည်သူအတွက် အမြဲထာဝရ အကျိုးရှိစေရန် ' ပီမိုးနင်း အထိမ်းအမှတ် စာကြည့်တိုက်နှင့် ခန်းမ' ပြုလုပ်လျှင် ပို၍ သင့်လျော်ပေလိမ့်မည်။ ထိုစာကြည့်တိုက်နှင့် ခန်းမကိုလည်း ပြည်သူတို့ အလွယ်တကူ သွားလာဝင်ထွက်နိုင်သော ရန်ကုန်မြို့လယ်ကောင်တွင် ပြုလုပ်ပါမှ အရာရောက်မည် ဖြစ်လေသည်။

ဆရာကြီးပီမိုးနင်းသည် မြန်မာစာနယ်ဇင်းနှင့် ရုပ်ရှင်တို့၏ ရှေ့ဆောင်ပညာရှင်ကြီး ဖြစ်သဖြင့်၊ စာနယ်ဇင်းနှင့် ရုပ်ရှင်လောကတို့ ပူးပေါင်းဆောင်ရွက် ပါက 'ပီမိုးနင်း အထိမ်းအမှတ် စာကြည့်တိုက်နှင့်ခန်းမ' ဖြစ်မြောက်အောင်မြင်နိုင်မည် ဖြစ်ကြောင်း "တကယ်လုပ်လျှင် အဟုတ်ဖြစ်ရမည်" ဆိုသော ဆရာကြီး ပီမိုးနင်း၏ ဩဝါဒအတိုင်း ယုံကြည်မိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

၁

## ထမင်းစားလက်မှတ်

သားသမီးတွေကြီးလာတော့ မြေးတွေအတွက် တာဝန်မယူရသော်လည်း သူတို့ဘဝဖူလုံဖို့ စိတ်မောရပြန်သည်။

၁၉၉၈ ခု ဩဂုတ် ၂ ရက်နေ့က (၁၀) တန်း စာမေးပွဲအောင်စာရင်း ထွက်လာသည်။ ရန်ကုန်မှ မြေး မိန်းကလေးက အောင်မြင်၍ မြစ်ဝကျွန်းပေါ်ဒေသမှ မြေးယောကျ်ားလေးက ကျရှုံးသည်။ ငယ်ငယ်က စာတော် ခဲ့သော်လည်း နည်းနည်းကြီးလာသောအခါ စာကြိုးစားမှု ပေါ့လျော့လာသည်။ ရွှေပန်းထိမ်လုပ်ငန်းနှင့် နီးစပ်၍ ပန်းထိမ်လုပ်တတ်လာ၍ ဝင်ငွေရလာသောအခါ "၁၀ တန်း မအောင်လည်း ဝင်ငွေရတာပဲ" ဟု ယူဆလာသည် ဆို၏။

သူနှင့်အတူနေသော သူ့အစ်မဝမ်းကွဲမှာ စာသင်ရင်း ပန်းထိမ်ပါသင်၍ ပန်းထိမ်လုပ်တတ်သွား သဖြင့် ဝင်ငွေရသော်လည်း စာသင်မပျက်ဘဲ (၁၀)တန်း အောင်မြင်သည့်အပြင် အဝေးသင်ဖြင့် ဘွဲ့ရသွားလေပြီ။

www.burmeseclassic.com



မြေးမိန်းကလေး အကြီးဆုံးမှာ လူငယ်ရေးရာ ညကျောင်းနေရန်လည်း မြို့နှင့်အတန်ငယ် အလှမ်းဝေး၍ ခက်ခဲသဖြင့် ကျောင်းဆက်မနေနိုင်ဘဲ ငယ်ငယ်ရွယ်ရွယ် ဖြင့်ပင် အိမ်အလုပ်နှင့် အချိန်ကုန်နေတော့သည်။ ကျောင်းနေသည့် အရွယ်တွင် ကျောင်းနေမှ ကျက်သရေ ရှိသည်ဟု ကျွန်တော်ယူဆ၍ ရန်ကုန်သို့ခေါ်ပြီး လူငယ် ရေးရာ ညကျောင်းထားရန် စီစဉ်သည်။ ကျောင်းနှင့် တစ်နှစ်ကျော်ကျော် အဆက်ပြတ်သွား၍ ကျောင်းပြန် နေရန် စိတ်မပါတော့သဖြင့် ကျွန်တော်က အမျိုးမျိုး ဖျောင်းဖျပြီး လူငယ်ရေးရာ ညကျောင်းတွင် အပ်နှံထား လိုက်သည်။ ထိုစဉ်ကလည်း လျှပ်စစ်မီး မကြာခဏပျက်၍ စာမသင်ရဘဲ ပြန်လာရသည့် အကြိမ်ကများသဖြင့် အဋ္ဌမ တန်းစာမေးပွဲ ကျရှုံးပြန်သည်။

အဋ္ဌမတန်းစာမေးပွဲကို အလွတ်ဖြေဆို၍ အောင်မြင်သွားသဖြင့် အထကတွင် နဝမတန်း ဆက်ထား လိုက် သည်။ နဝမတန်းကို နှစ်ချင်းပေါက် အောင်မြင်သွား ပြီး ဒသမတန်း (၁၀-တန်း)ကို ဘောဂဗေဒဂုဏ်ထူးဖြင့် နှစ် ချင်းပေါက် အောင်မြင်သွားသည်။ မြေးမိန်းကလေး အကြီးဆုံးသည် ပညာအခြေခံညံ့သော်လည်း ဝီရိယ ကောင်းသည်။ ဇွဲရှိသည်ကို ကျွန်တော်မြင်ထား၍ စာထဲ စိတ်ဝင်စားလျှင် အောင်မြင်နိုင်သည်ဟု ယုံကြည်သည်။

သူသည် အိမ်မှုတာဝန်ကိုလည်း မလစ်ဟင်းစေ ရဘဲ စာကိုလည်း အချိန်ရှိသလောက် ဇွဲကောင်းကောင်း ဖြင့် ကျက်မှတ်သည်။ စာကို စိတ်ဝင်စားလာသောအခါ အသက် ၁၈ နှစ် အပျိုအရွယ်ပင် ဖြစ်လင့်ကစား၊ ရှစ်တန်း

www.burmeseclassic.com



စာမေးပွဲဖြေဆိုရန် မရှက်မရွံ့ စာအော် ကျက်မှတ်သဖြင့် မှားနေလျှင် ကြားရသူများက ပြင်ပေးကြ၍ သူ့အတွက် အတော်ပင် အကျိုးရှိသည်။ တီဗွီများခေတ်စားစဖြစ်၍ တီဗွီကိုလည်း ကြည့်လိုက်သေးသည်။ အိမ်မှုတာဝန်ကို လည်း ခိုင်းမနေရဘဲ ကျေပွန်သည်။ စာကိုလည်း အချိန်ရှိ သလောက် ကျက်မှတ်သဖြင့် ပညာအခြေခံ ညံ့ခဲ့သော် လည်း ဇွဲဝီရိယအကျိုးကြောင့် ဆိုခဲ့သည့် အတိုင်း (၁၀) တန်းကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရသော ဘောဂဗေဒ ဘာသာတွင် ဂုဏ်ထူးဖြင့် နှစ်ချင်းပေါက် အောင်မြင်ခဲ့ သည်။ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းဝန်ရုံးတွင် ဝင်ရောက်လုပ်ကိုင်၍ ယခုအခါ တပ်စာရင်းကိုင်အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း တပ်စခန်းတစ်ခုတွင် သွားရောက် တာဝန်ထမ်းဆောင်ရင်း အဝေးသင် တတိယနှစ်၌ တက္ကသိုလ်ပညာ ဆည်းပူးလျက်ရှိသည်။

ကျွန်တော့်သား အလတ်သည် ဟိုက်စကူး ဖိုင်နယ် ရောက်သည့်နှစ်တွင် မြို့နယ်ဘောလုံးလက်ရွေးစင် ဖြစ်လို၍ စာကြိုးစားမှုကိုလျှော့ပြီး ဘောလုံးကစားခြင်းကို အင်တိုက်အားတိုက် လေ့ကျင့်သည်။ နှစ်နှစ်ဆက် စာမေး ပွဲဆက်ဖြေမှ ဟိုက်စကူးဖိုင်နယ် (တန်းမြင့်ကျောင်းထွက် လက်မှတ်ရ) စာမေးပွဲကို အောင်မြင်သည်။ ဘောလုံး ကစားခြင်းကို စိတ်သန်လွန်း၍ (၁၀)တန်း (မက်ထရစ်) စာမေးပွဲကိုလည်း ကျရှုံးပြန်သည်။ လက်ရွေးစင် ဘောလုံး သမားတော့ ဖြစ်လာသည်။

ထိုအခါကျမှ “ဘဝဖူလုံရေးအတွက် ထမင်းစား လက်မှတ်ရအောင် ကြိုးစားဦးမယ်” ဆိုသည်။ “ငွေကြေး ချမ်းသာသည်ဖြစ်စေ၊ စီးပွားရေး အလုပ်အကိုင် ဟန်ကျ

www.burmeseclassic.com



သည်ဖြစ်စေ (မက်ထရစ်) (၁၀)တန်း အောင်မြင်မှ တင့်တယ်သည်။ အရည်အချင်းပြည့်၍ အခွင့်အရေးသာသည်။ အရာရောက်သည်၊ ဘာပဲဖြစ်ဖြစ် (၁၀)တန်းအောင်ရင် စိတ်ချလက်ချ ထမင်းစားနိုင်သည့် ထမင်းစားလက်မှတ်ရတာနှင့် အတူတူဖြစ်သည်။ (၁၀) တန်းစာမေးပွဲသည် အဆင့်အတန်းခွဲပေးသော လမ်းခွဲနေရာဖြစ်သည်” ဟုဆိုသည်။ သူ့အသိတရားအတိုင်း စာကိုပြန်ကြိုးစား၍ (၁၀)တန်း စာမေးပွဲကို ဒုတိယအကြိမ်ဆက်ဖြေဆိုရာ အမှတ်ကောင်းရရှိ၍ စီးပွားရေးတက္ကသိုလ်သို့ ရောက်သွားပြီး ဝါဏိဇ္ဇဘွဲ့ရခဲ့သည်။

သူသည် အိမ်ထောင်ရှိသော်လည်း သားသမီးမရှိသဖြင့် တူတွေ၊ တူမတွေကို “ထမင်းစားလက်မှတ်ရအောင် ကြိုးစားကြစမ်းပါ”ဟု တစ်ဖွဖွပြော၍ ပံ့ပိုးသည်။

ယခုလည်း ပြင်ဦးလွင်အနီး ရှမ်းပြည်နယ်မြောက်ပိုင်းအစပ်တွင် သွားရောက် အလုပ်လုပ်နေရာမှ (၁၀) တန်းစာမေးပွဲ အောင်စာရင်းထွက်သည်နှင့် တပြိုင်နက် ရန်ကုန်သို့ ဖုန်းဆက်ကာ ‘ထမင်းစားလက်မှတ် ဘယ်သူရသလဲ၊ မရ သေးတဲ့သူ ဆက်ဖြေခိုင်းပါ။ ပန်းထိမ်လုပ်တတ်လို့ ဝင်ငွေ ရပေမယ့် ပညာပြည့်စုံဖို့လည်း လိုတယ်။ အနည်းဆုံး (၁၀)တန်းအောင်ထားရင် ဘဝလုံခြုံတယ်။ အရာရောက်တယ်။ သက်လုံကောင်းတယ်လို့ ပြောလိုက်ပါ”ဟု အဝေး မှနေ၍ တူတွေ တူမတွေကို မှာကြားသည်။

ကျွန်တော့်တူမ တစ်ဦးမှာ (၁၀) တန်းစာမေးပွဲကို နှစ်နှစ်ဆက်၍ (ခ)စာရင်းဖြင့်သာ အောင်မြင်သဖြင့် ကျွန်တော်က သူ့အား “ဘီဘီ” ဟု ကျီစယ်၍ခေါ်ခဲ့သည်။ သူသည်မလျှော့သောဇွဲဖြင့် တတိယအကြိမ်တွင် အင်္ဂလိပ်

www.burmeseclassic.com



စာကို ကျူရှင်ယူ၍ ကြိုးစားခဲ့ရာ ဂုဏ်ထူးများစွာဖြင့် အောင်မြင်ခဲ့သဖြင့် တက္ကသိုလ်တက်ခဲ့ရပြီး ယခု ဆရာဝန်မကြီး ဖြစ်နေသည်။

ကျွန်တော်နှင့် ကျောင်းနေဘက် အရင်းနှီးဆုံး သူငယ်ချင်း မြန်မာ-မူဆလင် တစ်ဦးမှာ ငယ်စဉ်ကပင် မိဘမဲ့ပြီး အုပ်ထိန်းသူမရှိဘဲ ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ကိုယ့်ဝမ်းစာ ကိုယ်ကျောင်းခဲ့ရသော်လည်း (၁၀) တန်း စာမေးပွဲကို ဇွဲကောင်းကောင်းဖြင့် အားမလျှော့ဘဲ ၁၉၄၆ ခုမှစ၍ (၁၀)နှစ်တိုင်တိုင် ဝင်ရောက်ဖြေဆိုခဲ့သည်။ လေတပ်ထဲတွင် ဆရာဖြစ်၍ သားနှစ်ယောက်ရပြီးသည့် ၁၉၅၆ ခုနှစ်ရောက်မှ (၁၀)တန်းအောင်မြင်သဖြင့် ထိုနှစ်တွင် ဖွင့်လှစ်သင်ကြားသော ကန်တော်ကြီး နတ်မောက်စက်မှုလက်မှုကျောင်းတွင် နည်းပြဆရာ ဖြစ်လာသည်။ အမေရိကန်နိုင်ငံသို့ စက်မှုပညာဆက်လက်ဆည်းပူးရန် ပညာတော်သင်သွားရ၍ ဒီပလိုမာရခဲ့ပြီး ပြန်တမ်းဝင်ရာထူးတိုးတက် သွားသည်။

လမ်းစဉ်ပါတီခေတ် ခေတ်ဦးတွင် ဆိုဗီယက်ယူနီယံ (ရုရှ) သို့ စက်မှုပညာလေ့လာရေး သွားရပြန်သည်။

“အရပ်ထဲက ဝပ်ရှော့မှာ မော်တော်ကားပြင်တဲ့ အတတ်ပညာကို လက်တွေ့အတော်တတ်ခဲ့တယ်။ လေတပ်ထဲရောက်တော့လည်း လေယာဉ်စက်မှုပညာကို လက်တွေ့အတော် ကျွမ်းကျင်ခဲ့တယ်။ ဒီဇယ်စက်အမျိုးမျိုး နည်းပညာလည်း လက်တွေ့တတ်မြောက် ကျွမ်းကျင်ခဲ့ပေမယ့် (၁၀)တန်း မအောင်သေးတော့ အောက်တန်းပညာသည်ဘဝနဲ့ပဲ နေခဲ့ရတယ်။ (၁၀) တန်းအောင်မြင်တော့

www.burmeseclassic.com



လက်တွေ့တတ်မြောက် ကျွမ်းကျင်တဲ့ အတတ်ပညာနှင့်စာပေပညာ ပေါင်းစပ်လိုက်မှ အဆင့်မြင့်ပြီး စက်မှုလက်မှုကျောင်းမှာ နည်းပြဆရာ လုပ်နိုင်ခဲ့တယ်။ လက်တွေ့အတတ်ပညာတွေ ဘယ်လောက် တစ်ဘက်ကမ်းခတ်အောင် ကျွမ်းကျင် ကျွမ်းကျင် စာပေပညာ အနည်းဆုံး (၁၀)တန်းမအောင်ရင် အရာမရောက်ဘူး။ အဆင့်မမြင့်ဘူး။ (၁၀)တန်းအောင်ရင်တော့ ကြိုက်တဲ့ ပညာလည်း ဆက်သင်နိုင်တယ်။ (၁၀)တန်း အောင်မြင်ပြီးတော့လည်း ဆက်သင်လို့ ဒီပလိုမာ လက်မှတ်ရတာနဲ့ ဒီဂရီဘွဲ့ ရတာလည်း မတူပြန်ဘူး။ ဒီဂရီဘွဲ့ရတော့ အထက်တန်း ရောက်သွားတာပေါ့။ ဒီဂရီဘွဲ့ရမှ ကျောင်းအုပ်ဖြစ်နိုင်တယ်။ ဘွဲ့ရရုံနဲ့ဘွဲ့လွန်ရတာနဲ့လည်း မတူပြန်ဘူး။ ဘွဲ့လွန်ရလာတော့ ထိပ်တန်းရောက်သွားတာပေါ့"

"(၁၀)တန်းအောင်တယ် ဆိုတာကတော့ အနည်းဆုံး ထမင်းကောင်းကောင်း စားနိုင်တဲ့ အခြေအနေထဲ ရောက်တယ်။ ဘဝမှာ လူမှုဖူလုံသွားပြီဆိုတဲ့ အဆင့်ပေါ့။ ဘွဲ့ရတော့ ထမင်းစားရရုံ ဖူလုံခြင်းမျိုးသာ မကတော့ဘဲ အထက်တန်းရောက်ပြီး ဘွဲ့လွန်ရတော့ ထိပ်ဆုံးကနေရ တာပေါ့။ ငွေကြေးပစ္စည်းဥစ္စာ ဘယ်လောက် ကြွယ်ဝပေမယ့် ကိုယ်ကြိုက်တဲ့ပညာ ဆက်သင်ယူဆည်းပူးဖို့တော့ အနည်းဆုံး (၁၀)တန်းအောင်မှ ဖြစ်တာ၊ ဘဝအခြေအနေ ဘယ်လောက်မြင့်မြင့် (၁၀)တန်းမအောင်သေးရင် စိတ်ငယ်နေတတ်တယ်။ ဒါကြောင့် ကိုယ် (၁၀) တန်း အောင်ဖို့ (၁၀)နှစ်တိုင်တိုင် တောက်လျှောက် မအောင်မခြင်း ဖွဲနဲ့ဖြေခဲ့တာပေါ့"

တစ်ချိန်က ကျွန်တော့်သူငယ်ချင်း စက်မှု

www.burmeseclassic.com



ကျောင်း ဆရာကြီး ပြောခဲ့ဖူးသော စကားများဖြစ်ပါသည်။

သူသည် အသက်(၇၀)ကျော် အငြိမ်းစားဘဝ တွင်ပင် ရန်ကုန် လာရောက်လုပ်ကိုင်နေသော နိုင်ငံခြား ကုမ္ပဏီကြီးတစ်ခု၏ စက်မှုပိုင်းဆိုင်ရာ လက်တွေ့အတတ်ပညာရှင်များအား စီမံခန့်ခွဲ အုပ်ချုပ်သူအဖြစ် လခ သောင်းဂဏန်းဖြင့် လုပ်ကိုင်လျက်ရှိသည်။

"ငွေများများရဖို့သာ အရေးကြီးတယ်။ (၁၀) တန်း မအောင်တာ အရေးမကြီးပါဘူး"ဟု ပညာရေးကို ကျောခိုင်းပြီး ငွေနောက်သာ တစ်ကောက်ကောက် လိုက်နေကြသော ယနေ့ခေတ် ရေစီးကြောင်းထဲမျောပါနေကြသည့် ကျွန်တော့်မြေးများ အပါအဝင် မျိုးဆက်သစ် တို့ ဆင်ခြင်ဖွယ်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၁

# တကယ့်ကရုဏာရှင်နှင့် ဆုံဆည်းရပါလို၏

"ဘယ်လောက်ကျပါသလဲ"

"ငါးရာပါ"

ကျွန်တော် ပေးလိုက်သော ကျပ် ၅၀၀ တန်ကို ပြန်မအမ်း၍ ကျွန်တော်နှင့်အတူပါလာသော ဇနီးက မေးလိုက်ပါသည်။ ဖြေသံကြားရသောအခါ အဘွားကြီးက အံ့သြ၍ မျက်စိပြူးကျယ်သွားသည်။

ကျွန်တော်သည် ဂွမ်းစကိုကိုက်ပြီး ပါးစပ်ပိတ် ထား၍ ဘာမှမပြောဖြစ်ပါ။

"သွားတစ်ချောင်းနှုတ်တာ ၅၀၀ ကျပ်တောင် ပေးရတယ်။ အရင်တစ်လောက ၂၅၀ မဟုတ်လား" ဟု အပြင်လမ်းပေါ်ရောက်မှ အဘွားကြီးကမေး၍ ကျွန်တော် က ခေါင်းညိတ်ပြလိုက်သည်။ ပင်စင်စားဘဝတွင် သား နှင့်သမီး ထောက်ပံ့စာဖြင့် ရပ်တည်နေရသော အခြေ အနေကြောင့် အဘွားကြီးအတော် စိတ်ငယ်သွားပုံရသဖြင့်

www.burmeseclassic.com



တစ်လမ်းလုံး နောက်ထပ်ဘာမှ မပြောတော့ပါ။ အိမ်နား ရောက်မှ သွားနုတ်ပြီး လောလောဆယ် စားစရာ သောက် စရာများ ဝင်ဝယ်သည်။ စောစောက မဂ္ဂဇင်းတိုက်မှ ရလာသော ဆောင်းပါးရေးခမှာ နွေးအောင်ပင် မကိုင် လိုက်ရဘဲ ကုန်သလောက် ဖြစ်သွားတော့သည်။

အမှန်တော့ ဆောင်းပါးရေးခ ရသမျှမှာ အိမ် အတွက် မသုံးရဘဲ ကျွန်တော့်အတွက် လစဉ်ဆေးဖိုး ဖြစ် နေသည်။ ပရိုဗီမင်၊ ချူရိုဘီယံအားဆေး၊ ငါးကြီးဆီ စသည်တို့အပြင် အစာကြေလေနိုင်၊ ချောင်းဆိုးပျောက် တိုင်းရင်းဆေးများနှင့် အကြောဖြေ အကိုက်အခဲပျောက် လိမ်းဆေးများပါ မပြတ်ဆောင်ထား၍ မှီဝဲနေရသည်။ ၇၃ နှစ် အိုပြီဆိုတော့ သာမန်ကျားကန်ထားရသော စရိတ်မှာ လည်း မသေးလှပါ။ သွေးတိုးနှလုံး ဆီးချိုရောဂါ များ မရှိ ၍ တော်ပါသေးသည်ဟု ဆိုရပေမည်။

လေငန်းရောဂါမဟုတ်ဘဲ အရိုးကြီးပေါင်းတက် ဝေဒနာဖြစ်၍ လက်၊ ခြေနှင့်ခါးတို့ အမြဲတမ်း နာကျင် ကိုက်ခဲနေသော်လည်း လူမတွဲတောင်ဝှေး မကိုင်ရဘဲ ဖြည်းဖြည်းချင်း ခြေလှမ်းမှန်အောင်ထိန်း၍ သွားနိုင်ပါ သေးသည်။ ဤဝေဒနာမှာ ၁၀ နှစ်ကျော်ပြီဖြစ်၍ စတင် ဖြစ်ပွားစဉ်က အလုပ်သမားဆေးရုံကြီးတွင် အခမဲ့ ကုသခဲ့ ရပြီး၊ အစိုးရတိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးခန်း၊ ဆေးရုံ ကြီး အရိုးကုဌာန၊ အရိုးကုဆေးရုံကြီးတို့အပြင် ပုဂ္ဂလိက အကြောပြင်ဌာနများရှိရာ ဒေသများသို့လည်း သွားရောက် ကုသခဲ့သည်။ ယခုလည်း ကုသဆဲ ဖြစ်သည်။အနောက်တိုင်း ခေတ်မီသိပ္ပံ နည်း၊ တိုင်းရင်းဆေးကုသနည်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ

www.burmeseclassic.com



နည်းမျိုးစုံဖြင့် ကုသခဲ့ဖူးပြီ။ ယခုအထိ အကြိမ်ကြိမ် အလီလီ ကုသစရိတ်မှာ သောင်းဂဏန်းမကတော့၍ မနည်းတော့ပါ။

အချို့ပုဂ္ဂလိက အကြောပြင်ဆရာတို့မှာ ကျွန်တော့အား ကုသရင်း၊ ပင်စင်စား သတင်းဆရာမှန်း သိလာသောအခါ အခကြေးငွေ မယူတော့ဘဲ စေတနာဖြင့် အထူးဂရုစိုက် ကုသပေးကြပါသည်။ သို့သော် ကံမစပ်၍လား၊ ဝဋ်နာကံနာဖြစ်၍လားမသိ၊ သက်သာလာသည်ဟု မရှိပါ။

ငွေကုန်လူပန်း ဖြစ်လာ၍ အတော်စိတ်ဓာတ်ကျလာသဖြင့် ရေနစ်သူ ဆွဲမိဆွဲရာ ဆွဲသကဲ့သို့ လွန်ခဲ့သော ငါးနှစ်ခန့်က ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ထိုဝေဒနာကုထုံးနည်းရှိပါက ညွှန်ကြားပါရန် စာရေးသား၍ မေတ္တာရပ်ခံခဲ့ပါသည်။ စာကိုစာတိုက်မှပင် မှတ်ပုံတင်၍ ပို့လိုက်သည်။ ရက်သတ္တပတ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် နိုင်ငံခြားသား ဆရာဝန်ကြီးထံမှ အရေးတယူ ပြန်ကြားစာမှာ စာတိုက်မှရောက်ရှိလာပါသည်။ ဌာနေ ကိုယ်စားလှယ်၏ ပြန်ကြားစာတွင် သူကိုယ်တိုင်ဝေဒနာခံစားရ၍ ခွဲစိတ်ကုသခဲ့ရာ ဒုက္ခများစွာ ခံစားရပြီး ငွေကုန်ကြေးကျလည်း များလှကြောင်း၊ ကျွန်တော်၏ဝေဒနာမှာ သူ့လောက်ဆိုးမည် မထင်ကြောင်း၊ အသက်အရွယ် ကြီးပြီဖြစ်၍ သူ့လိုခွဲစိတ်ကုသခြင်း မပြုဘဲ အပ်စိုက်နည်းဖြင့် ကုသလျှင် သင့်လျော်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂသည် လူသားတို့အတွက် ဆိုသည့်အတိုင်း ကုလသမဂ္ဂ၏ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်သော

www.burmeseclassic.com



ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သာမန်လူသားတစ်ဦး၏ ဒုက္ခကို ချက်ချင်း အရေးတယူ ပြန်ကြားအကြံပေးချက် ရရှိသဖြင့် ကျွန်တော့်မှာ အထူးဝမ်းသာ၍ ဆေးမစားရဘဲ ဝေဒနာ သက်သာသွားသကဲ့သို့ ခံစားလိုက်ရပါသည်။

ထိုအကြံပေးချက်အတိုင်း၊ မေ့ဆေးဆရာဝန်ကြီး တစ်ဦး၏ ပုဂ္ဂလိကဆေးခန်းသို့ သွားရောက်၍ အကြံပေး စာကိုပြပြီး အပ်စိုက်နည်းဖြင့် ကုသလိုကြောင်း ပြောပြ ပါသည်။ မေ့ဆေးဆရာဝန်ကြီးက "ငွေ ဘယ်လောက် တတ်နိုင်သလဲ" ဟု စတင်မေးမြန်း၍ ကျွန်တော်သည် ပင် စင်စားဖြစ်၍ အသင့်အတင့်သာ တတ်နိုင်ကြောင်းပြောပြီး ငွေစကားက စတင်ပြောကြားသော ဆရာဝန်ကြီးထံမှ တပ်ခေါက်ပြန်ခဲ့ပါသည်။

ထိုဝေဒနာကို ခံစားနေရင်း အခြားဝေဒနာများ လည်း ဖြစ်လာပါသည်။ ညအိပ်နေစဉ် ဆီးချုပ်ပြီး ဆီးကျင် လာသဖြင့် တစ်ညလုံး မအိပ်ရ၍ နီးရာ ပုဂ္ဂလိက ဆေးခန်း နှင့် ကုန်သွယ်ရေးဆေးခန်းသို့ သွားရာ ဆရာဝန်နှစ်ဦးလုံး က ဆီးအထူးကု ဆရာဝန်ထံသွားရန် ညွှန်ပါသည်။ ခရီးကလည်းမနီး၊ ကုသစရိတ်ကလည်းကြီး၍ မတတ်နိုင် သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာခဲ့သည်။ လမ်းတွင် ငယ်သူငယ်ချင်း တစ်ဦးနှင့်တွေ့၍ စကားလက် ဆုံကျမိရာ မှ ဗဟန်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးများ၌ အထူးကု ဆရာဝန်ကြီးများကိုယ်တိုင် စေတနာ သဒ္ဓါတရားဖြင့် ကုသိုလ်ပြု ကုသပေးနေ၍ သွားရောက် ကုသရန် ညွှန်ပါ သည်။ သူပြောမှပင် ကျွန်တော်လုပ်ကိုင်ခဲ့သော မြန်မာ့ အလင်း သတင်းစာတိုက်အနီးရှိ ဇီဝိတဒါန သံဃဆေးရုံ ကြီးမှာ လူပုဂ္ဂိုလ်များကိုလည်း ပြင်ပလူနာအဖြစ် ရောဂါ

www.burmeseclassic.com



မရွေး ကုသပေးနေကြောင်း သတိရမိတော့ သည်။

ကျွန်တော်တို့လို ပင်စင်စား ဘိုင်သမားများသည် ယိုင်မသွားစေရန်အတွက် သက်သောင့်သက်သာလည်း ဖြစ်အောင် စေတနာသဒ္ဒါတရားဖြင့် ဆောင်ရွက်ပေးသော ကရုဏာရှင်များကို အာကိုးရှာရပါသည်။ ယခုတော့ ကံအားလျော်စွာ နတ်လမ်းညွှန်မဟုတ်ဘဲ သူငယ်ချင်းလမ်းညွှန်၍ ဇီဝိတဒါန ဆေးရုံကြီးသို့ ရောက်သွားပါသည်။ အလှူငွေထည့်၍ လူနာစာအုပ်ဝယ်ပြီး ပြင်ပ လူနာဌာန ဆရာဝန်ထံပြပါသည်။ ဆီးစစ်ရန် ညွှန်လိုက်၍ ငွေငါးကျပ်လှူဒါန်းပြီး ဆီးစစ်ရပါသည်။ အပြင်ဆေးခန်းများမှာကဲ့သို့ ကိုယ့်အိမ်မှ ပုလင်းဖြင့် ဆီးထည့်၍ ယူဆောင်သွားစရာ မလိုပါ။ ဇီဝိတဒါနဆေးရုံတွင် ဓာတ်ခွဲခန်းမှ ပုလင်းလွတ်တစ်လုံးပေး၍ အိမ်သာထဲ၌ ချက်ချင်းဆီးထည့်ပြီး ပေးခဲ့ရသဖြင့် လွယ်ကူသက်သာလှပါသည်။

နောက်တစ်နေ့နံနက်တွင် ဆီးစစ်ဆေးစာယူပြီး ပြင်ပလူနာကု ဆရာဝန်ထံ ပြရပါသည်။ ဆီးရောဂါမရှိဘဲ အခိုက်အတန့် ဆီးချုပ်၍ ဆီးကျင်ခြင်းသာ ဖြစ်သဖြင့် စားဆေးဖြင့် ‌ တစ်ကြိမ်သာ ကုသရ၍သက်သာသွားပါသည်။ ဆေးဖိုးတော့ ငွေလှူဒါန်းရပါသည်။

တစ်ခါသွားရောက်၍ ဆေးကုသခံခဲ့ဖူးရုံဖြင့် ဇီဝိတဒါန ဆေးရုံအကြောင်း ကောင်းစွာ သဘောပေါက်နားလည်သွားပါသည်။ ရောဂါမရွေး ကုသပေးသည့် အပြင်၊ ဓာတ်မှန်၊ အီးစီဂျီ၊ သွေး၊ ဆီး၊ ဝမ်းစစ်ခြင်း စသော ကျန်းမာရေးလုပ်ငန်းမျိုးစုံ ဆောင်ရွက်ပေးသည်ကို သိခဲ့ရသည်။ နေရာထိုင်ခင်း အခင်းအကျင်းလည်း သန့်ရှင်း၍ အဆင့်အတန်း မြင့်သည်။ လူနာများအတွက် နားနေ

www.burmeseclassic.com



စောင့်ဆိုင်းရန် ထိုင်ခုံများပြား၍ သန့်ပြန့်သည်။ အသပြာဝန်ထမ်းမတွေ့ရ။ စေတနာသဒ္ဓါတရားဖြင့် ကုသိုလ်ပြုကြသော ကရုဏာရှင်များသာ ဖြစ်ကြသည်။

ထို့ကြောင့် မျက်စိအတွင်း တိမ်စွဲသောအခါ ဇီဝိတဒါန သံဃဆေးရုံသို့သာ အားကိုးရပြန်ပါသည်။ မျက်စိ စမ်းသပ်ရန် အလှူငွေတစ်ဆယ်ကျပ် လှူဒါန်းပြီး ပြသရသည်။ မျက်စိအထူးကု ဆရာဝန်ကြီးများ နေ့စဉ်အလှည့်ကျ ကုသိုလ်ပြုကာ ကုသပေးနေကြသည်။ နှစ်နှစ်ခန့် မျက်စိတိမ် မရင့်သေး၍ နှစ်လတစ်ကြိမ် သွားပြရသည်။

အလှည့်ကျ မျက်စိအထူးကု ဆရာဝန်ကြီးက ကျွန်တော့်အား ကန်တော်ကြီး မျက်စိဆေးရုံကြီးသို့ နှစ်ကြိမ်ခေါ်ပြီး အထူးစမ်းသပ် စစ်ဆေးသည့်အပြင် အခြားမျက်စိအထူးကု ဆရာဝန်များကလည်း အထူးအရေးပေး စစ်ဆေးပေးကြသည်။ ပြင်ပပုဂ္ဂလိက အထူးကုဆေးခန်းများသို့ ငွေကြေးတတ်နိုင်၍ သွားရောက် ကုသခံလျှင်ပင် ဤသို့ဂရုတစိုက် ကြင်နာစွာ ပြုစုယုယ ကြလိမ့်မည် မထင်ပါ။ ဇီဝိတဒါန ဆေးရုံဆိုသည့်အတိုင်း အသက်ကို ကယ်ဆယ်သောအားဖြင့် ဝေဒနာသက်သာ ပျောက်ကင်းအောင် ကုသိုလ်ပြုကြသော တကယ့်ကရုဏာရှင်များပါ တကားဟု ချီးကျူးမိပါသည်။

မျက်စိကုသခံရင်း အနီးရှိ အပ်စိုက်ကုခန်းကို တွေ့၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ညွှန်းသည့်အတိုင်း အရိုးကြီးပေါင်းတက်ဝေဒနာကိုလည်း ဝင်ရောက်ကုသခံပါသည်။ မေ့ဆေးဆရာဝန် ဒေါက်တာအေးဖေကိုယ်တိုင် အင်္ဂါ၊ ကြာသပတေးနေ့တိုင်း ကုသပေး၍ ကျွန်တော်သည်

www.burmeseclassic.com



နှစ်လကျော်ခန့် ကုသခံလိုက်ပါသေးသည်။ အပ်စိုက်လူနာမှာ နှစ်ဦးသုံးဦးသာရှိ၍ ဆရာဝန်က အေးအေးဆေးဆေး စိတ်တိုင်းကျ ဂရုတစိုက် ကုသပေးသည်။ ဒေါက်တာအေးဖေမှာ အရွယ်မကြီးသေးသော်လည်း တိုင်းရင်းဆေးသဘာဝဓမ္မနည်းကိုလည်း စိတ်ဝင်စားသည်။ ကျွန်တော့်အား သဘာဝဓမ္မဓာတ်စာ ညွှန်ကြားချက်ပါပေး၍ ကုသသည်။ အခြေအနေအရ ဒေါက်တာအေးဖေလည်း ဇီဝိတဒါနဆေးရုံသို့ ရောက်မလာတော့၍ ကျွန်တော့်မှာ ဆေးဆက်မကုဖြစ်တော့ပါ။

မျက်စိခွဲစိတ်ကုသရန် အချိန်ရောက်လာသောအခါ ကျွန်တော့်မှာ အရိုးကြီးပေါင်းတက် ဝေဒနာကြောင့် ငြိမ်ငြိမ် မအိပ်နိုင်သဖြင့် ဇီဝိတဒါနဆေးရုံ၌ ကုသိုလ်ပြုနေကြသော ကရုဏာရှင် မျက်စိအထူးကု ဆရာဝန်ကြီးအား အခက်အခဲဖြစ်အောင် အနှောင့်အယှက် မပေးလိုပါ။ ကျွန်တော့် အခြေအနေမှာ မျက်စိခွဲစိတ်ပြီး ကြာကြာမလှုပ်မယှက် ငြိမ်ငြိမ်နေနိုင်မည် မဟုတ်သဖြင့် ကျွန်တော့်အခြေအနေကို လိုက်လျောပေးရန် ဆရာဝန်ကြီးများအား မတောင်းဆိုလိုပါ။ အလွန်အားနာပါသည်။

ထို့ကြောင့် အချိန်တိုတိုသာ ငြိမ်နေနိုင်မည့်နည်းလမ်းကို စဉ်းစားရပါသည်။ မိတ်ဆွေတစ်ဦးနှင့် အလွန်ရင်းနှီးသော မျက်စိအထူးကု ဆရာဝန်ဖြင့် အပြင်တွင် လေဆာနည်းဖြင့် အချိန်အနည်းငယ်အတွင်း ခွဲစိတ်ကုသခံပြီး တစ်နေ့တာသာ ငြိမ်နေရသော ကုသမှုကို ငွေကုန်ကြေးကျခံ၍ ပြုလုပ်လိုက်ရပါသည်။ ငွေပေးရသည်ဆိုသော်လည်း ထိုဆရာဝန်မှာ လူလတ်ပိုင်းအရွယ် ဘာသာရေး အလွန်ကိုင်းရှိုင်းသူဖြစ်၍ ကျွန်တော်နှင့်တိုင်ပင်

www.burmeseclassic.com



ညှို့နိုင်းပြီး ကျွန်တော်တတ်နိုင်သလောက် ယူသဖြင့် အလွန်သက်သာပါသည်။ မျက်ကြည်မှန်ဖိုးများပါသည်။ သူ့ကျေးဇူးကြောင့် နှစ်နှစ်ကျော် စာဖတ်စာရေး မပြုနိုင်သော ကျွန်တော့်မျက်စိမှာ ပြန်လည်ကြည်လင် ပြတ်သားစွာ မြင်ရပြီးစာပြန်ရေးလာနိုင်ပါသည်။

ကျွန်တော်သည် ဆေးကုသခံယူရာတွင် ဇီဇာကြောင်သူမဟုတ်ပါ။ ဆရာဝန်၊ ဆေးဆရာတို့၏ ညွှန်ကြားချက်အတိုင်း လိုက်နာသည်။ သူတို့အနှောင့်အယှက်ဖြစ်ရန် ကျွန်တော့်ဆန္ဒ၊ ကျွန်တော့်အလိုလိုက်ဖို့ အပိုမပြော၊ အပိုမလုပ်တတ်ပါ။ ထို့ကြောင့် ဆေးဆရာတို့နှင့် ကျွန်တော့်မှာ များစွာအဆင်ပြေ၍ စိတ်ချမ်းသာရပါသည်။

သို့သော် တစ်ခါတွင် တိုင်းရင်းဆေးသမားတော်ကြီးတစ်ဦး၏ ပုဂ္ဂလိကဆေးခန်းသို့ သွားရောက်၍ အရိုးကြီးပေါင်းတက်ဝေဒနာကို ကုသခံရာ၌ ဒေါသတကြီးမချေမငံ ပြောဆိုဆက်ဆံလိုက်သဖြင့် ဝမ်းနည်းစရာ ကြုံခဲ့ရပါသည်။ ပထမနေ့သွားရောက် ကုသခံရာတွင် သမားတော်ကြီး အပြင်သွားနေ၍ လက်ထောက်က လက်ခံကုသပေးလိုက်သည်။ နောက်တစ်နေ့တွင် သမားတော်ကြီးနှင့် တွေ့၍ မနေ့က နှိပ်ပေးလိုက်ကြောင်း အမှတ်တမဲ့ လွယ်လွယ်ပင် အရပ်စကားအတိုင်း ပြောလိုက်မိပါသည်။

နှိပ်သည်ဟု ပြောရမလားဆိုကာ သမားတော်ကြီးမှာ ဒေါသမာန်ပွား၍ "နှိပ်တာမဟုတ်ဘူး။ အကြောပြင်ပေးတာ။ ဒီမှာ အနှိပ်သည်မရှိဘူး" စသည်ဖြင့် ယမ်းပုံပေါ် မီးကျသကဲ့သို့ တားမရ ဆီးမနိုင်ဒေါသတွေ လှိုင်တော့သည်။ ကြွန်ခြေမဆောင်နိုင်တော့ဘဲ အဆက်မပြတ် ကျွန်

www.burmeseclassic.com



တော့်အား ပြစ်တင်စကားများ ပြောဆို၍ ပေါက်ကွဲတော့သည်။

သူ့စကားအစမှာပင် ကျွန်တော်က စကားမှားသွား၍ ခွင့်လွှတ်ပါရန် လူအများရှေ့တွင် အနူးအညွတ်တောင်းပန်သော်လည်းမရ။ ထပ်ခါတလဲလဲ အကြိမ်ကြိမ်တောင်းပန်သည့်တိုင်အောင် ခွင့်မလွှတ်။ သည်းမခံဘဲ၊ နိုင်ထက်စီးနင်း အားမနာတမ်း မကျေမချမ်း ပြစ်တင်ပြောဆို၍သာ နေတော့သည်။ နောက်ဆုံးတွင် ကျွန်တော်သည် ဆေးကုသမှု မခံယူတော့ဘဲ ပြန်ခွင့်ပြုရန် ပြောဆို၍စိတ်မချမ်းသာစွာဖြင့် ပြန်ထွက်လာခဲ့ပါတော့သည်။

တစ်ခါမျှ၊ ဤကဲ့သို့ မကြုံဖူးသဖြင့် ဝမ်းနည်းစိတ်ပျက်မိကာ ဆက်လက်ဆေးကုသမှုခံရန် စိတ်ကုန်သွားပါသည်။ ထို့ကြောင့် ကျွန်တော်သည် တစ်နှစ်ခန့်ဆေးကုသမှု မခံယူဘဲ ဖြစ်သလိုနေခဲ့ပါသည်။ နောင်မှ ရောက်လေရာ ဒေသတွင် ဆက်လက်ဆေးကုသမှု ခံယူခဲ့ရာ အားလုံးက ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်ကြသဖြင့် အဆင်ပြေ၍ စိတ်ချမ်းသာခဲ့ရပါသည်။

အထူးသဖြင့် မျက်စိအတွင်း တိမ်ခွဲစိတ်ကုသရာတွင် အလွန်မာန်တက်နိုင်သည့် အနေအထားနှင့် အရွယ်ဆရာဝန်က အစစအရာရာ ကျွန်တော့်ဆန္ဒ၊ ကျွန်တော့်အလိုကိုလိုက်၍ ကြင်နာစွာ ပြုစုကုသပေးလိုက်သဖြင့် များစွာစိတ်ချမ်းသာရ၍ ကျေးဇူးတင်မဆုံးပါ။

ကျွန်တော်သည် မွေးကင်းစမှာပင် ဆရာဝန်နှင့်ဆုံစည်းခဲ့ရပါသည်။ ဆီးသွား၍ မရသဖြင့် ဟိုခေတ်အခါက ထိပ်တန်းဆရာဝန်ကြီးဟု ကျော်ကြားသော မြန်မာ့တိုင်းရင်းသား မီးရထားဌာန ဆရာဝန်ကြီး ဒေါက်တာ

www.burmeseclassic.com



ရှောလူက ခွဲစိတ်ကုသပေးခဲ့သည်ဟု ကျွန်တော်၏ မိဘများထံမှ သိခဲ့ရပါသည်။

စစ်ကြိုခေတ်အထိ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသား ဆရာဝန် အလွန်နည်းပါးပြီး အိန္ဒိယနိုင်ငံမှ လာသော အိန္ဒိယတိုင်းရင်းသား **L,M,P** ဆရာဝန်များက များပြားပါသည်။ ရန်ကုန်ဆေးရုံကြီးနှင့် အပြင်ပုဂ္ဂလိက ဆေးခန်းများတွင် အိန္ဒိယတိုင်းရင်းသား **L,M,P** ဆရာဝန်များသာ ရှိပါသည်။ မြန်မာဆရာဝန်များ နည်းပါးခြင်းမှာ ထိုခေတ်က ရန်ကုန်မြို့ပေါ်နေ အထက်တန်းစား မြန်မာလူမျိုးများကအစ မြန်မာအများစုသည် တိုင်းရင်းဆေးဖြင့်သာ ကုသမှုခံယူကြခြင်းကြောင့် ဖြစ်သည်။ တိုင်းရင်းဆေးကိုသာ မှီဝဲကြသည်။ တိုင်းရင်းဆေးကိုသာ အားကိုး၍ တိုင်းရင်းဆေးဖြင့် ကြီးပြင်းခဲ့ကြသည်။ အနောက်နိုင်ငံခေတ်မီ သိပ္ပံနည်း ဆေးကုသမှုခံယူခြင်း မရှိခဲ့ရုံသာမက နိုင်ငံခြား ဆေးကိုပင် ဝယ်ယူသုံးစွဲသူ အလွန်နည်းကြသည်။

စစ်ကြိုခေတ်က ရန်ကုန်ဆေးရုံကြီးတွင် ပိုက်ဆံတစ်ပြားမှ မပေးရဘဲ အခမဲ့ကုသနိုင်သော်လည်း မြန်မာလူမျိုးများ ဆေးရုံတက်၊ ကုသခံယူမှု အလွန်နည်းကြပါသည်။ ရန်ကုန်ဆေးရုံကြီး၏ လူနာအများစုမှာ အိန္ဒိယနိုင်ငံမှ လာရောက်နေထိုင် လုပ်ကိုင်နေကြသော အိန္ဒိယတိုင်းရင်းသားများသာ ဖြစ်ကြပါသည်။

အင်္ဂလိပ်ကပြားများမှာ ဆေးရုံကြီး ပိုက်ဆံခန်းတွင်သာ တက်ရောက်ကုသမှု ခံယူကြသည်။ ခွဲစိတ်ကုသမှုဖြစ်မည်ဆိုသော မြန်မာလူနာအချို့လည်း ပိုက်ဆံအခန်း၌ တက်ကြသည်။ ပိုက်ဆံမတတ်နိုင်သူများသာ အခမဲ့

www.burmeseclassic.com



အဆောင်များတွင် ကုသမှု ခံယူကြသည်။

ရန်ကုန်မြို့ပေါ် ရပ်ကွက်ကြီးတိုင်းတွင် ရန်ကုန် မြူနီစီပါယ် (ယခုအခေါ် မြို့တော်စည်ပင်)၏ အခမဲ့ ဆေးပေး ခန်းကြီးများဖွင့်၍ ပြင်ပလူနာအဖြစ် ကုသပေး သည်။ ကျွန်တော် ၁၁ နှစ်သားအရွယ်က တိုင်းရင်းဆေး ဖြင့် ကုသ၍မသက်သာသော ဝေဒနာကို ကျိုက္ကဆံလမ်း နှင့် ဗညားဒလလမ်းဆုံရှိ မြူနီစီပါယ်၏ တာမွေဆေးပေး ခန်းကြီး ဖွင့်ပြီးစ၌ အိန္ဒိယတိုင်းရင်းသား ဆရာဝန်နှင့် ဆေးပေးခန်းဝန်ထမ်းက ဗက်စလင်ဆေးဖြင့် ညင်သာစွာ နှိပ်နယ်ကုသပေးရာ သုံးရက်တည်းဖြင့် ပျောက်ကင်းသွား ပါသည်။ ဖွား-သေစာရင်းများကိုလည်းမြူနီစီပါယ် ဆေး ပေးခန်းများကပင် ချက်ချင်းအခမဲ့ ဆောင်ရွက်ပေးပါသည်။ သားဖွားဆေးရုံများလည်း ဖွင့်လှစ်၍ အခမဲ့မီးဖွားပေး သည်။

မြန်မာလူမျိုးတို့သည် ထိုသို့အခမဲ့ဆေးကုသမှု ကိုကြင်နာစွာရရှိခဲ့သော်လည်း အများအားဖြင့် တိုင်းရင်း ဆေးကိုသာ အားကိုး၍ ငွေကုန်ခံကာ ကုသမှု ခံယူခဲ့ကြ သည်။

စစ်ပြီးခေတ် (၁၉၄၅)ခု ရောက်မှသာ မြန်မာ လူမျိုးတို့သည် အနောက်တိုင်းဆေးဖြင့် ကုသမှုများကို ခံယူလာကြသည်။ ထိုအခါမှစ၍ အနောက်တိုင်းဆေး ကုသမှုများ မြန်မာနိုင်ငံတွင် ရေပန်းစားလာသဖြင့် ဆေး ကျောင်း (ဆေးတက္ကသိုလ်) တက်သူ များပြားလာပြီး ဆရာဝန်ဖြစ်လျှင် ချမ်းသာသည်။ အထက်တန်းကျသည် ဟု ယူဆလာ ကြသည်။ ဆရာဝန်တွေ ပိုက်ဆံများများရ၍ မျက်နှာပွင့် လာကြသည်။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်

www.burmeseclassic.com



ဖြစ်လာကြသည်။ ကိုယ်ပိုင်ဆေးခန်းဖွင့်၍ စီးပွားရှာကြသဖြင့် နေ့ချင်းညချင်း သူဌေးဖြစ်လာကြသည်။ ကရုဏာရှင်များမှာ အနည်းအကျဉ်းသာ ဖြစ်သည်။

ကျွန်တော်သည် ငယ်စဉ်ကစ၍ သွားရောဂါဖြစ်သဖြင့် သားကြီးငါးကြီးကို မစားဘဲ ရှောင်ခဲ့သည်။ အသက် ၂၀ ပြည့်မှ ဆေးလိပ်သောက်တတ်၍ သွားကိုက်သွားနာ အနည်းငယ် သက်သာလာသော်လည်း ဖြစ်လိုက်လျှင် အသဲအသန် မနေနိုင်မထိုင်နိုင်၊ မအိပ်နိုင်၊ မစားနိုင်အောင် ဒုက္ခခံစားရသည်။ အမေက ကျွန်တော့်အား စီးကရက်၊ ဆေးပေါ့လိပ်အစား၊ သူကဲ့သို့ပင် ဆေးပြင်းလိပ်သောက်လျှင် သွားနာသွားကိုက် သက်သာသည်ဟု ဆိုသည်။ ထို့ကြောင့် ဆေးပြင်းလိပ်ကို ပြောင်းသောက်သောအခါ သွားနာသွားကိုက် အတော်သက်သာသွားသည်။ ကျွန်တော့်အမေသည် ဆေးပြင်းလိပ်ကြိုက်သူ ဖြစ်သော်လည်း သွားအနည်းငယ်သာရှိသည်။ အမေကွယ်လွန်သော အသက် ၇၇ နှစ်အရွယ်တွင် အမေသွားတစ်ချောင်းသာ ကျန်တော့သည်ဟု ထင်ပါသည်။ အမေဆေးပြင်းလိပ်သောက်သော်လည်း သွားနည်းပါးသည်မှာ သွားနာသွားကိုက် ဝေဒနာမခံစားရဘဲ အမေ့သွားများမှာ ငြင်သာစွာအလိုအလျောက် ကျွတ်ထွက်သွားသည်ဆို၏။ မှန်ပါသည်။ အမေသည် သွားဆရာဝန်ထံ မရောက်ဖူးရုံသာမက သွားကိုက်သွားနာ ပျောက်ဆေးသုံးစွဲသည်ကို မတွေ့ဘူးပါ။

ကျွန်တော်သည် တစ်နေ့လျှင် ဆေးပြင်းလိပ်ရှစ်လိပ်ကုန်အောင် အသက် ၂၂ နှစ်မှ ၅၆နှစ်အရွယ်အထိ မက်မက်မောမော သောက်ခဲ့သည်။ ၁၉၈၂ ခု၌

အပြင်းဖျားနာ၍ အလုပ်သမားဆေးရုံသို့ တက်ရောက်ကုသမှုခံယူ မှသာ ဆေးပြင်းလိပ်ကို သေခန်းဖြတ်လိုက်ရပါသည်။

အလုပ်သမားဆေးရုံသို့ တက်ရောက်စဉ်ကလည်း လူပုသလောက် စိတ်ရှည်၍ ကြင်နာစွာ ကုသပေးသည့် ကရုဏာရှင် ဆရာဝန်ကြီး ဒေါက်တာလှမြင့်လေးနှင့် ဆုံဆည်းခဲ့ရသည်။ အပြင်းဖျားသည့် ရောဂါရှာဖွေရာ၌ သူကိုယ်တိုင် ကျွန်တော့်အဆုတ်ကို သုံးလေးကြိမ်ဖောက်၍ ရေထုတ်ပြီး စမ်းသပ်ခဲ့သည်။ ရောဂါရှာမရ၍ အဆုတ်အသားစထုတ်ပြီး ရောဂါရှာဖွေရန် ရန်ကုန်ဆေးရုံကြီးသို့ ပို့ခဲ့သည်။

ဆရာဝန်ကြီး ဒေါက်တာလှမြင့်လေးမှာ ခွဲစိပ်ဆရာဝန် မဟုတ်ဘဲ ဆေးဝါးသက်သက်ဖြင့် ကုသပေးသည့် ဆေးဝါးပါရဂူ ဆရာဝန်ကြီးဖြစ်သည်။ လူနာရောဂါဖြစ်စဉ်ကို စိတ်ရှည်လက်ရှည် မေးမြန်း၍ ရောဂါဖြစ်စဉ်ကုန်စင်အောင် ကြားနာပြီးမှ ဆေးပေးကုသလေ့ရှိသည်။

ကျွန်တော် အပြင်းဖျားနာမှုကို ရန်ကုန်ဆေးရုံကြီး ရောဂါရှာဖွေရေးဌာနမှ တီဘီ မသက်ာဖွယ် ထင်ရသောရောဂါဟု ဆေးစာပြန်ရောက်လာသဖြင့် ဆရာဝန်ကြီး ဦးလှမြင့်သည် ကျွန်တော့်အဆုတ်ကို ထပ်မံဖောက်၍ ရေထုတ်စစ်ဆေးပြန်သည်။

ဓာတ်မှန်ရိုက်ကြည့်ပြီးမှ အဆုတ်ရောဂါ (တီဘီ) ကာကွယ်ဆေး သုံးလထိုးရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်သည် လစဉ်လူမှုဖူလုံရေးအာမခံကြေး နှစ်ပေါင်း ၃၀ ခန့်ထည့်ဝင်ပြီးမှ လူမှုဖူလုံရေးခံစားခွင့်ကို ပထမဆုံးအကြိမ် ခံစားဖူးခြင်းဖြစ်သည်။ ဗျိုင်းရေ

www.burmeseclassic.com



အိုးစင်လမ်း လူမှုဖူလုံရေး ဆေးပေးခန်းတွင် သုံးလစီနှစ်ကြိမ်ဆက်တိုက် ခြောက်လကျော် ဆေးကုသမှု ခံယူခဲ့ရသည်။ ထိုဆေးပေးခန်းတွင် လူနာများအား သိမ်မွေ့စွာ ဆက်ဆံ၍ ကြင်နာစွာပြုစုကုသပေးသော ဆရာဝန် ဒေါ်စန်းလှမှာလည်း ကရုဏာရှင်တစ်ဦးဖြစ်သဖြင့် စိတ်ချမ်းသာရ ပြန်ပါသည်။

"စာထဲအရှိက အာရာဂျ-မရမ-လာဘပါ။ ဘယ့်နဲ့ အရပ်ထဲရောက်သွားမှ အာရောဂျံ-ပရမံ-လာဘံ လို့ ဘယ်သူက ထွင်လိုက်သလဲ မသိဘူး။ လာဘ်တကာတို့တွင် ကျန်းမာခြင်းသည် အမြတ်ဆုံးဖြစ်သည်"ဟု ဘုရားဟော ကြားချက်ကို စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်အရှင် ဉာဏိဿရက ပြန်ဆိုဟောကြေားတော်မူသည်။

"ရောဂါဆိုတာ ရုပ်ပဲ၊ ရုပ်ရရှိတဲ့နေ့ကစပြီး ဘယ်သူမှ မကျန်းမာဘူးလို့ မှတ်ပါ။ ရောဂါဆိုတာ ဝေဒနာ မဟုတ်ဘူး။ ပူတာ အေးတာ ဖွဲစည်းတာ တွန်းကန်တာ ယိုစီးတာဟာ ရောဂါပဲ။ အဲဒါတွေဟာ ဖောက်ပြန်မှ ဝေဒနာဖြစ်တာ" ဟု ဆရာတော်ကြီးက ဘဝတန်ဖိုး တရားတော်တွင် ဟောကြားသည်။

ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုးတွင် အာယုဒါနဆေးရုံကြီးကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ပြီး အသက်ကယ်ဆယ်သော လုပ်ငန်းများကို အကြီးအကျယ် အလေးထားဆောင်ရွက်နေ၍ မြင့်မြတ်သည့် ကရုဏာရှင် ကြီးဖြစ်သည်။

တလောက ကျွန်တော်နှင့် ငယ်စဉ်ကပင် ညီအစ်ကိုကဲ့သို့ အလွန်ရင်းနှီးခင်မင်သော အပေါင်းအသင်း အငြိမ်းစားဗိုလ်မှူးကြီး သံအမတ်ဟောင်း ဦးမောင်မောင်

www.burmeseclassic.com



သည် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ အဆုတ်နာ ကုသ ခံယူပြီး အသက်ရှုကျပ်၍ အိမ်ရောက်လျှင် အောက်စီဂျင်နှင့် အသက်ရှုရန် ညွှန်ကြားလိုက်သဖြင့် အောက်စီဂျင်ဘူးကို အရေးတကြီး ပိုက်ဆံပေး၍ လိုက်လံငှားသော်လည်း မည်သည့်ဆေးခန်း၊ ဆေးရုံကမှ မရှိပါ။ မထင်မှတ်သော ဘားလမ်း (မဟာ ဗန္ဓုလပန်းခြံလမ်း) မူစလင် ဇီဝိတဒါန အသင်း ကုသိုလ်ဖြစ်ဆေးရုံက အခမဲ့ လိုသလောက် အချိန်မရွေး ရရှိသဖြင့် အသက်ဖြောင့်ဖြောင့် ရှုရပါတော့ သည်ဟု ဦးမောင်မောင်က ကျွန်တော့်အား ပြောပြပါ သည်။ သူဆိုလိုသည်မှာ အသက်ကယ်သည့် ကရုဏာ လုပ်ငန်းသည် လူမျိုး၊ ဘာသာမရွေး၊ အယုတ်အလတ် အမြတ်မခွဲဘဲ ခံစား နိုင်သည့် လုပ်ငန်းဖြစ်ကြောင်း အား လုံးနားလည် သဘောပေါက်ရန် ဖြစ်သည်။

မှန်ပါသည်။ ငွေကြေးတတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ၊ ဆေးကုသမှုခံယူကြသော လူနာ များသည် မေတ္တာစေတနာဖြင့် ဆေးကုသပေးသော ကရုဏာရှင်များနှင့် ဆုံဆည်းလိုကြပါသည်။

စစ်ပြီးစက တရုတ်လူမျိုး သွားစိုက်ဆရာထံတွင် ကျွန်တော် ပထမဆုံး သွားနုတ်ခဲ့ရာ သွားတစ်ချောင်း နုတ်ခ တစ်ဆယ်ကျပ်သာ ပေးခဲ့ရသည်။ ၁၉၅၈ ခုနှစ်တွင် ဒုတိယသွားကို ထိပ်တန်းသွားရောဂါကု ဆရာဝန်ကြီး ဒေါက်တာကြီးမြင့်က နုတ်ပေးရာ သွားနုတ်ခ ၁၅ ကျပ် ပေးခဲ့သည်။

ဆေးပြင်းလိပ်ဖြတ်လိုက်ခြင်းကြောင့် လည်း ကောင်း၊ အသက်အရွယ် ကြီးရင့်ခြင်းကြောင့် လည်း ကောင်း ယခု ၁၀ နှစ်အတွင်း ကျွန်တော့်သွားများ တစ်

www.burmeseclassic.com



ချောင်းပြီး တစ်ချောင်း နုတ်ခဲ့ရာ သွားတစ်ချောင်း နုတ်ခ မှာ ၄၀ ကျပ်မှ ၅၀ ကျပ်၊ ထို့နောက် ၆၀ ကျပ်မှ ကျပ် ၁၀၀၊ ကျပ် ၁၅၀၊ ကျပ် ၂၅၀ဖြင့် လွန်ခဲ့သည့်နှစ် အထိ ပေးခဲ့ရသည်။ ယခုနှစ်ဆတိုး၍ ကျပ်၅၀၀ ပေးရသည်။ ယခုနုတ်လိုက်သော သွားနှင့်ကပ်နေသော သွားတစ် ချောင်းမှာလည်း မခိုင်တော့၍ အတော်နဲ့ပြီး တဲတဲသာ ကျန်တော့သည်။ နောက်ထပ်သွားနုတ်ခ ကျပ်၅၀၀ ပေး ရဦးမည်ဆိုလျှင် မတတ်နိုင်တော့ပါ။ ထို့ကြောင့် ကျွန် တော့်လို ပင်စင်စားတို့သည် ဖော်ပြခဲ့သော တကယ့် ကရုဏာရှင် စစ်များကဲ့သို့ ကုသပေးမည့် ကရုဏာရှင် များနှင့်သာ ဆုံစည်းရပါလို၏ဟု ဆုတောင်း မေတ္တာပို့ရပါ တော့မည်။

* * *

www.burmeseclassic.com

၁၁

## ရွှေ

**ရွှေရတနာပစ္စည်းမဆိုထားဘိ
ရွှေဟူသော ဝေါဟာရပင် ထူးမြတ်သည်။
အဖိုးတန်သည်ဟု ယူဆကြသည်။
ပညတ်သွားရာ ဓာတ်သက်ပါသကဲ့သို့...**

'ရွှေ'သည် အမွန်အမြတ်ဖြစ်သည်။ အဖိုးထိုက် အဖိုးတန်ဖြစ်သည်ကို အာလုံးသိကြပါသည်။

ကမ္ဘာတစ်ဝန်းလုံး ရွှေဖြင့်သာ ဆက်ဆံ၍ ကူးသန်းရောင်းဝယ်နေကြသည်။ ထို့ကြောင့် ရွှေဈေးနှုန်း အတက်အကျသည် နေ့စဉ်အချိန်နာရီနှင့်အမျှ အပြောင်း အလဲဖြစ်နေသည်။ ရွှေသည် ကမ္ဘာတွင် အရေးအကြီးဆုံး ဖြစ်သည်။

ရွှေရတနာပစ္စည်း မဆိုထားဘိ၊ ရွှေဟူသော ဝေါဟာရပင် ထူးမြတ်သည်၊ အဖိုးတန်သည်ဟု ယူဆကြ သည်။ ပညတ်သွားရာ ဓာတ်သက်ပါသကဲ့သို့ပင် ဖြစ် သည်။

www.burmeseclassic.com



ရွှေတိဂုံ စေတီတော်၊ ရွှေမော်ဓော၊ ရွှေဆံတော်၊ ရွှေမုဋ္ဌော၊ ရွှေစည်းခုံ၊ ရွှေစက်တော် စသော စေတီပုထိုးများ၏ ဘွဲ့နာမကို ရွှေဝေါဟာရဖြင့် အထူးပြုကြသည်။

ရွှေနန်းတော်ကြီး၊ ရွှေထီးရွှေနန်း၊ ရွှေကြငှန်းနှင့် ရွှေနိုင်ငံ၊ ရွှေမြို့တော်၊ ရွှေနန်းရှင်၊ ရွှေတွင်းငွေတွင်း၊ ပယင်းဒုတ္တာ၊ ရတနာများအရှင်၊ ရွှေဘုန်းတော်ကြီး မြတ်လှသောသခင်စသည်ဖြင့် ဘုရင်မင်းမြတ်တို့ အသုံးအနှုန်းများတွင်'ရွှေ'ဝေါဟာရကို အထူးအမြတ်ပြု၍ ကျက်သရေမင်္ဂလာရှိအောင် တင်စားသုံးနှုန်းခဲ့ကြသည်။ ဘဏ္ဍာရေးဝန်ကြီးကိုပင် ရွှေတိုက်ဝန်ကြီးဟု ဆိုလေသည်။

ပြည်တန်သော ကျောက်မျက်ရတနာများ ရှိခဲ့စေကာမူ ရွှေကိုပင် အထူးအမြတ်ပြု၍ အဖိုးတန်အဖြစ် အယူရှိကြလေသည်။

ရွှေသည် ထီးနန်းသုံးသာမက ပြည်သူပြည်သားများတို့လည်း အထူးအမြတ်ပြု၍ သုံးစွဲကြလေသည်။

ရွှေဘို၊ ရွှေပြည်သာ စသော မြို့နယ်အရပ်ဒေသများ ကိုလည်း ရွှေဖြင့်တင်စား မှည့်ခေါ်ကြသည်။

ရွှေဟူသော စကားလုံးဝေါဟာရပင် အတော်အဖိုးတန်သည်။ ထူးမြတ်သည်၊ ကောင်းမြတ်သည်၊ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်ဟု အားလုံးက လက်ခံယုံကြည်၍ သုံးနှုန်းခဲ့ကြသည်။

ရွှေဥဒေါင်း၊ ရွှေလင်းယုန်၊ ရွှေကျေး၊ ရွှေစကြာ၊ ရွှေမျှား၊ ရွှေဓား၊ ရွှေပိန်သောင်း၊ ရွှေဒုံးဘီအောင် စသော စာရေးဆရာကြီးများ၏ ကလောင်အမည်များ၊ ရွှေဂုန်မောင်၊ ရွှေတိုင်ညွန့်၊ရွှေပြည်အေးစသော ဂီတစာဆိုကြီးတို့၏ နာမည်များကို ရွှေဖြင့်တင်စား၍ အထူးပြုမှည့်ခေါ်

www.burmeseclassic.com



ခဲ့ကြသည်။

သာမန်အရပ်သူ အရပ်သားများ၏ နာမများ၌ပင် ရွှေဟူသော ဝေါဟာရကိုထည့်၍ မင်္ဂလာယူကာ မှည့်ခေါ်ခဲ့ကြသည်။

နတ်ပသရာတွင်လည်း ရွှေဖျင်းညီနောင်ဟု ရွှေဝေါဟာရဖြင့် တင်စားခေါ်ဝေါ်ကြသေးသည်။

စီးပွားရေးလုပ်ငန်းများ၌လည်း ရွှေဟူသော ဝေါဟာရဖြင့် အထူးပြု၍ လုပ်ငန်းနှင့် ကုန်ပစ္စည်း အမှတ်တံဆိပ် အမည်များကို မှည့်ခေါ်ကြလေ့ရှိသည်။

အစားအစာတွင်လည်း ကောက်ညှင်းပေါင်းကို ထန်လျက်ရည်ဖြင့် ပေါင်းစပ်စီမံကာ ပြုလုပ်ပြီး 'ရွှေထမင်း' ဟု ခေါ်ကြသည်။

အဝတ်အထည်၌ပင် ရွှေတဆုပ်ဟု တင်စားခေါ်ဝေါ်ကြသည်။

တေးသီချင်းပင် ရွှေခေတ်ရောက်ပြီဟု ဆိုနေကြပြီ။

မည်သည့်အရာမဆို အမွန်အမြတ် ပြုလိုလျှင် ရွှေဟူသော ဝေါဟာရထည့်၍ ကင်ပွန်းတပ်လိုက်သည်။

ဝါဝါဝင်း၍ တောက်ပြောင်လင်းလက်သော ရွှေရောင် ရွှေအဆင်းကိုပင် လူတိုင်းနှစ်သက်စုံမက်ကြသည်။ ထို့ကြောင့် ရွှေည်ရည်စိမ်၍ အတုအပလုပ်ကာ ဝင့်ဝါကြသည်။ ခနဲ့ဖြူ ဦးဘိုးချမ်း၏ ရွှေခေတ်စားခဲ့သည်။ ရွှေအစစ်ဟုတ်မဟုတ် အရေးမကြီးပါ။ ရွှေဆိုသော ပညတ်ပါဖို့သာ လိုပါသည်။

မြင့်မြတ်သော မေတ္တာကိုပင်အမွှန်းတင် လိုက်လျှင်'ရွှေမေတ္တာ'၊ 'မေတ္တာရွှေရည်'ဟု ဆိုကြသေးသည်။

www.burmeseclassic.com



ရွှေသည် နေရာတကာတွင် တန်ခိုးကြီးလှပါသည်။ ကမ္ဘာတွင် ဈေးကွက်ကောင်းသော ရေနံနှင့် ဆန်စပါး၊ ဝါဂွမ်း၊ ဂုန်လျှော်၊ ကော်ဖီစသော ကောက်ပဲသီးနှံများကိုပင် ရွှေဝေါဟာထည့်၍ အမွှန်းတင်နေကြသည်။

ဘယ်ခေတ် ဘယ်အခါ ဘယ်ကမ္ဘာရောက်ရောက်၊ ရွှေပါမှ အရာရောက်သည်ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

ထိုသို့ထူးမြတ်၍ တန်ဖိုးရှိပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရွှေကို ကျက်သရေမဲ့အောင်၊ အဆင့်အတန်းနိမ့်အောင် ပြုကြသည်ကို အချို့နေရာများ၌ တွေ့ရသည်။ ရွှေရတနာပစ္စည်းကို နိမ့်ကျသော၊ ကျက်သရေမဲ့သော နေရာများတွင် အသုံးပြုခြင်းသာမက ရွှေဟူသော စကားလုံး ဝေါဟာရကိုလည်း ကျက်သရေမဲ့ သော အမင်္ဂလာနေရာမှားတွင် အသုံးပြုခြင်းများ တွေ့ရှိ ရသဖြင့် အတော်ဘဝင်မကျ ဖြစ်မိသည်။

ထို့ကြောင့် ဤဆောင်းပါးကို ရေးသားမိခြင်းဖြစ်သည်။ ဆောင်းပါးရေးနေစဉ် ရေးဖော်တစ်ဦး ရောက်လာ ၍ ဤဆောင်းပါးအကြောင်း စကားစပ်မိကြသည်။

"ရွှေတကော သုဿာန်နာမည်ကို ထိန်ပင်လို့ ပြောင်းလိုက်ပြီလေ"ဟု ရေးဖော်က ဆိုသည်။

"ဒါကြောင့် ဒီဆောင်းပါးရေးဖြစ်တာပေါ့၊ နာမည်မပြောင်းသေးရင် ရေးဖြစ်မှာ မဟုတ်သေးဘူး၊ ဘဝင်မကျရုံဘဲ ရှိနေဦးမှာ" ဟု ကျွန်တော်က ဆိုလိုက်သည်။

"ထူးမြတ်တဲ့၊ အဖိုးတန်တဲ့၊ ကျက်သရေ မင်္ဂလာရှိတဲ့ ရွှေစကားလုံး ဝေါဟာရကို ကျက်သရေမဲ့တဲ့ အ

www.burmeseclassic.com



မင်္ဂလာ နေရာမှာ မသုံးသင့်လို့ ပြောင်းလိုက်တာ သဘာဝကျပါ တယ်” ဟု ရေးဖော်က မှတ်ချက်ချသည်။

“ကောင်းပါတယ်ဗျာ၊ ကျွန်တော့် ဆောင်းပါးလည်း ခင်ဗျားပြောတာတွေနဲ့ ပြည့်စုံသွားပြီး မင်္ဂလာရှိသွားတာပေါ့”

“ဒီထက် မင်္ဂလာရှိပြီး ပြည့်စုံတာရှိသေးတယ်။ တစ်ချိန်က ဆိုးသွမ်းသူတွေ ခိုအောင်းရာကို သမုတ်ခဲ့တဲ့ ရွာနာမည်ကိုလည်း ရွှေဆိုတဲ့ စကားလုံးထည့်ပြီး ပြောင်းလဲခေါ်ဝေါ်ပြုပြင် စီမံလိုက်တာ အခုတော့ အဖိုးတန်နေရာ ဖြစ်သွားပြီလေ။ ရွှေဆိုတဲ့ စကားလုံးနဲ့ပင် တန်ဖိုးမြင့်သွား တာပဲ”

ဟုရေးဖော်က ဖြည့်စွက်လိုက်ပြန်သည်။

“အေးဗျာ၊ ကျွန်တော်တစ်သက်လုံးနေထိုင်တဲ့ တာမွေမှာ တစ်ချိန်က မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ခရစ်ယာန်နဲ့ ဂျပန်သုသာန်တွေ မျိုးစုံနေတာပဲ၊ နေ့တိုင်း အသုဘမျိုးစုံကို ကမ္ဘဌာန်းရှုခဲ့ရတယ်။ အခုတော့ ဘာသုသာန်မှ မရှိတော့လို့ ကျွန်တော်တို့ တာမွေမြို့နယ်ဟာ ရွှေဆိုတဲ့ ဝေါဟာရထည့်မသုံးရဘဲ ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံနေပါပြီဗျာ”

ဟု ကျွန်တော်က ကြုံတုန်းကြုံခိုက် မင်္ဂလာ ဝင်ယူလိုက်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

၆

# ခေတ်ဟောင်းတေးရေးပညာရှင်
# မှတ်တမ်းတင်. . .

တို့မန္တလေးမြို့ကြီးရယ် ပတ်လည်ဆို × မှိုင်းပြာပြာမှုန်ဝေဝေ × ရေဇလာနဒီမြစ်ညို × ဧရာဝတီက အလှျံပြောင်ညီးတဲ့ × ရန်ကင်းတောင်ကြီးအမြဲခို × ဆရာကိုနန်းတော်ရှေ့ တစ်ခါရှေ့ခေါင်းဆောင်ပဲ × မြန်မာ့ရွှေဒေါင်းတောင်တွေကိုင်ကာဆို ×××)

***(မူလ - မြနန္ဒာခေတ်ပြားသီချင်းမှ)***

မြန်မာမုန့်လက်ကောက်ကို ထန်းလျက်ရည်ဆမ်းပြီးတော့ လက်ဖက်ရည်ကြမ်းနဲ့ စားပွဲထိုင်ရန်ပြင် × ဟန်ရေးမပြနဲ့ × ဂျပန်သူဌေးများတောင် ဒီအတိုင်းစားတာမြင် × အသုံးအဖြုန်းတော့ ကြပ်ကြပ်သာဆင်ခြင် × တုံးတုံးနဲ့ မတ်တတ်စာသူမမြင် × လူမမြင်ကွယ်ရာ-ဘာနဲ့စားစား × လမ်းထွက်သွားပြန်တော့ သားသားနားနားရှိစေချင် × အကုန်သူဌေးဖြစ် သူတို့စံနမူတင် အရမ်းသုံးတဲ့ ဝါဒစိတ်ကိုပြင် × ×. . . ။

www.burmeseclassic.com



လူတစ်ခွင်ပြုပြင် × နန်းတော်ရှေ့ဆရာတင် ရေးလိုက်ကာ သူစီစဉ် × × ။

***(အရမ်းသုံးဝါဒ ခေတ်ပြားသီချင်း)***

နိုင်ငံကျော်ပါရှင် × ပြိုင်စံပေါ်စရာမမြင်× နိုင်ငံကျော်ကြီးပါရှင် × နန်းတော်ရှေ့ဆရာတင် × သူကလည်း တစ်ခုထွင်ရင် အလျှို့ရှင်မှန်း အားလုံးသိကြပါတယ်ရှင် × စာစီညွှန်ဖွဲ့ရင် နာမည်အလွန်ထည့်ချင်. . .။

***(အလျှို့ရှင်ခေတ်ပြားသီချင်း)***

ရွှေမှန်ကင်းအစစ်က ထင်းဖြစ်ခဲ့တာကြာပြီ × ရေစီးတစ်ခါ ရေသာတစ်လှည့်စီ × အမိမြန်မာပြည် တိုင်းမြန်မာပြည် ရွှေတိုင်ညွှန့်ကစာစီ ဘုန်းတန်ခိုးနဲ့ × တိုးတက်ကြတော့မည် ရွှေနန်းရှင်ကို ထင်မြင်ကာ လွမ်းတော့သည် × × ×။

***(ပါတော်မူခေတ်ပြားသီချင်း)***

ခေတ်ကာလပေါ်ဆန်းတယ် × ရွှေတိုင်ညွှန့်စာကိုဝယ် သီချင်းရေးတာ သင်ပါလားကွယ် × ခေတ်ပြားထဲမှ ကောင်းရင်သွင်းမယ် × မအေးမိကို ရေးကာပေးကွယ် နာမည်ကျော်အောင် ကျွန်မဆိုပေးမယ် × × ။

***(ယောဆရာခေတ်ပြားသီချင်း)***

ပဥ္စနန္ဒိယကံကြီးထိုက်မှာ × မကြောက်ကြဘူးလား × မရွံ့ကြဘူးလား × မလန့်ကြဘူးလားအတည်ငါးဖြာ အနန္တ ဂုဏ်ကျေးဇူးကိုရည် ဘယ်သောအခါမှ မမေ့

www.burmeseclassic.com



ခဲ့ပေါင် ကြည်အောင်ရှိသေပါသည် × နေ့တိုင်းပဲ ဦးတင်သည် ညတိုင်းပင် ဖူးမြင်သည် ငါးဖြာဂုဏ်ရည်အမှန်ယုံကြည် × ရွှေတိုင်ညွှန့်က ဝိစိတြာကဗျာ တေးဖွဲ့ကာစီ။

***(ဝိစိတြာခေတ်ပြားသီချင်း)***

ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့်သူတို့၏ အတ္ထုပ္ပတ္တိများ ရေရှည်တွင် မပျောက်ပျက်စေရန်အပြင်၊ မှတ်တမ်းမှတ်ရာ အဖြစ် ကျန်ရှိစေရန်အတွက်၊ ပြန်ကြားရေးဝန်ကြီးဌာနက မှတ်တမ်း၊ စာအုပ် ပြုစုထုတ်ဝေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းစာများတွင် ထုတ်ပြန်ကြေညာသည်ကို တွေ့ရှိရသဖြင့်၊ ကျွန်တော်ငယ်စဉ်က သံဆန်းခေတ်တေးပြု စာဆိုအချို့ ရေးစပ်ဖွဲ့နွဲ့ခဲ့သော ခေတ်ပြားသီချင်းများ၌ သူတို့၏ နာမည်များ ထည့်သွင်းစပ်ဆိုခဲ့သည်ကို သတိရမိပါသည်။

နိုင်ငံကျော်တေးပြုစာဆို အဆိုကျော် နန်းတော်ရှေ့ ဆရာတင်နှင့် နိုင်ငံကျော် တေးပြုစာဆို ဂီတပညာရှင်ကြီး ရွှေတိုင်ညွှန့်တို့နှစ်ဦးမှာ သူတို့ရေးဖွဲ့ခဲ့သော တေးသီချင်း အတော်များများတွင် သူတို့၏ နာမည်များကို ထည့်သွင်း စပ်ဆိုလေ့ရှိပါသည်။ သူတို့နာမည်မပါသော သူတို့ရေးစပ်သည့် တေးသီချင်းများလည်း ရှိပါသေးသည်။

အလက်ာကျော်စွာ ရွှေပြည်အေးသည် လကဆုန် သီချင်းတွင်လည်းကောင်း၊ ဒဂုန်ဆရာတင်သည် ဣတ္ထိယ သီချင်း၌လည်းကောင်း၊ ဆရာထာသည် ဇီဇာကြောင် သီချင်းတွင်လည်းကောင်း၊ မေမေဝင်းသီဆိုသော ဗြိတိသျှ ဘားမားရုပ်ရှင် ခေတ်ပြားသီချင်းအချို့၌ တေးပြုစာဆို ကိုခင်ဆွေ၏ နာမည်ကိုလည်းကောင်း၊ ထည့်သွင်း

www.burmeseclassic.com



စပ်ဆို သည်ကို ကြားဖူးပါသည်။ ကျန်တေးပြုစာဆိုကြီးများမှာ သူတို့၏ နာမည်ထည့်သွင်းစပ်ဆိုလေ့ မရှိကြပါ။

တေးပြုစာဆိုနာမည် ထည့်သွင်းစပ်ဆိုခြင်းမှာ ထင်ပေါ်လိုသည်ထက်၊ နောင်တွင် မှတ်တမ်းတင်ရာပြုရာ၌ အငြင်းပွားစရာမရှိစေရန် အလွန်သင့်မြတ်လှသည့် အချက်ဟု ယူဆပါသည်။ အများအားဖြင့် တေးသီချင်းများတွင် တေးပြုစာဆို နာမည် ထည့်သွင်းစပ်ဆိုထားခြင်း မရှိသဖြင့် တေးပြုစာဆိုနာမည်မပေါ်လွင် မထင်ရှားဘဲ အငြင်းပွားစရာ ဖြစ်လာပါသည်။ မူပိုင်မဲ့ကဲ့သို့ ဖြစ်ပြီး နောင်အခါ၌ ထပ်တလဲလဲအပိုင်ကြံ၍ ဖွတ်ဖွတ် ညက်ညက် ကြေအောင် ထင်သလိုအသုံးပြုကာ စီးပွားရှာကြသဖြင့် မူလတေးပြုစာဆို၏ သီချင်းစာသားမူရင်းများ ဖရိုဖရဲဖြစ်၍ မူလွဲစာလွဲပြီး အဓိပ္ပါယ်မဲ့ ဖြစ်တတ်ပါသည်။

မူရင်းတေးသီချင်းစာသားကို မူလအဆိုတော်ကပင် သီဆိုရာတွင် အာတွေ့သလို မိမိဘာသာ ကွန့်၍ ဆိုတတ်သဖြင့် သီချင်းစာသားနှင့် အဆို၏ သီချင်းသံ အနည်းငယ်ကွဲလွဲနေသည်ကို သီချင်းအချို့၌ ကြားရပါသည်။ ယခုခေတ်စားနေသော ပွဲတိုင်းကျော် "မြနန္ဒာနေညိုညို ရိပ်ခါသန်းတယ်" ဟု ဖြစ်သော်လည်း အဆိုတော်က သီချင်းဆိုရင်း မြူးကြွလာသော အာဖြင့် "မြလေး နန္ဒာ နန္ဒာ" ဟု ကွန့်ပြီး ဆိုသကဲ့သို့ ဖြစ်ပါသည်။

ကျွန်တော်သည် ဂီတပညာရှင်၊ ဂီတသမား မဟုတ်၊ အဆိုတော်လည်း မဟုတ်ပါ။ သီချင်းနားထောင်ခြင်းကို အထူးဝါသနာပါသည့် သောတရှင်တစ်ဦးသာဖြစ်ပါသည်။ ကျွန်တော်မှတ်မိသည့် အရွယ်ကစ၍ ဂရမ်မာဖုန်း

www.burmeseclassic.com



ခေါ် ဓာတ်စက် (စက်သီချင်း) ဓာတ်ပြားမှအစ အငြိမ့်သီချင်း၊ ဇာတ်သီချင်း၊ ရုပ်ရှင်ပြဇာတ်သီချင်း၊ သင်္ကြန်ရေသဘင်နှင့် ကဆုန်ညောင်ရေပွဲ အရပ်သီချင်းများအပြင်၊ အလွတ်ဆို ကြသော လူမှုရေး၊ ကြီးပွားရေး၊ မျိုးချစ်စိတ်လှုံ့ဆော်ပေးသည့် ဇာတိမာန်သီချင်းများကိုပါ စိတ်ဝင်စားခဲ့သည်။

ကိုလံဘီယာဓာတ်ပြား His Master's Voice (H.M.V သူ့သခင်အသံ) ခွေးတံဆိပ် ဓာတ်ပြား၊ အိုဒီအုံဓာတ်ပြား၊ အမြွာညီနောင်ဓာတ်ပြား၊ အေဝမ်း၏ သဘင်ဝန်တံဆိပ်ဓာတ်ပြား၊ ဗြိတိသျှဘားမား ဓာတ်ပြား များ၏ လစဉ်ထုတ်သီချင်းသစ်သား ကက်တလောက် များကို လက်လှမ်းမီသလောက် အလွတ်သီချင်းစာရွက်များကိုလည်း ရတတ်သမျှ စုဆောင်းခဲ့ပါသည်။ ထိုသီချင်းစာရွက်များမှာ စစ်အတွင်းက စစ်ဘေးတိမ်းရှောင် နေစဉ်ပျောက်ပျက်ခဲ့ရသဖြင့် နှမြော၍မဆုံးပါ။

(အလျဉ်းသင့်၍ ရှင်းလင်းဖော်ပြရသော် သတင်းစာဆောင်းပါးအချို့တွင် 'ကိုလံဘီယာ ခွေးတံဆိပ်ဓာတ်ပြားကဲ့သို့' ဟု ဥပမာပေး၍ လွဲမှားစွာရေးထားသည်ကို တွေ့ ပါသည်။ အမှန်မှာမူ ကိုလံဘီယာ ဓာတ်ပြားနှင့် ခွေး တံဆိပ်ဓာတ်ပြားမှာ အတူတူ တစ်မျိုးတည်းမဟုတ်ဘဲ၊ တခြားစီ ဖြစ်ပါသည်။ ကိုလံဘီယာဓာတ်ပြားကို 'ရိုးကုမ္ပဏီ' က ထုတ်လုပ်ပြီး၊ ခွေးတံဆိပ်ဓာတ်ပြားကို ပန်းဆိုးတန်းလမ်းထောင့်ရှိ တူရိယာပစ္စည်းများ၊ ဓာတ်စက်အသံချဲ့စက်များ ရောင်းချသော 'မစ်စ်ကွစ် ကုမ္ပဏီ' မှ ထုတ်လုပ်ပါသည်။ စကားချပ် - စာရေးသူ)

အေဝမ်း၏ သဘင်ဝန်တံဆိပ် ဓာတ်ပြားသီချင်း

www.burmeseclassic.com



စာသားများမှတစ်ပါး အခြား ဓာတ်ပြားသီချင်းစာသားများ တွင် တေးပြုစာဆိုနာမည်ဖော်ပြထားခြင်းမရှိပါ။ အေဝမ်း ဓာတ်ပြားမှ သီချင်းစာရွက်တွင်သာမက ဓာတ်ပြားမှာပင် 'ရေး-မြို့မငြိမ်း၊ ဆို-ပြည်လှဖေ'ဟူ၍ အတိအလင်း ဖော်ပြထားပါသည်။

တေးပြုစာဆို၏ နာမည်ကို သီချင်းစာရွက်နှင့် ဓာတ်ပြားပေါ်၌ ဖော်ပြထားစေကာမူ၊ သီချင်းထဲတွင် ထည့်သွင်းစပ်ဆို သကဲ့သို့ ပေါ်လွင်ထင်ရှားခြင်း မရှိဘဲ မေ့ ပျောက်တတ်ပါသည်။ အဆိုတော်သာလျှင် နာမည် ကျော်လာပြီး တေးပြုစာဆိုမှာ မထင်ပေါ်ဘဲ တိမ်မြုပ်သွား ပါသည်။

ကွယ်လွန်သူ နာမည်ကျော် ရုပ်ရှင်မင်းသား ဒါရိုက်တာ အဆိုကျော် ဝင်းဦး၏ဖခင်၊ နောင်အခါ ရန်ကုန် တက္ကသိုလ် ရာဇဝင်ပါမောက္ခ ဦးဘညွန့်သည် ချစ်ဒုက္ခ သီချင်းသီဆိုလိုက်၍ 'ချစ်ဒုက္ခ ဦးဘညွန့်'ဟု နိုင်ငံကျော် လာပြီး၊ အေဝမ်းရုပ်ရှင်ကလည်း ချစ်ဒုက္ခသီချင်း ဓာတ် ပြားအလွန်ရောင်းကောင်း၍ အတော်ဟန်ကျလှပေ သည်။ တေးပြုစာဆို ရီဇက်ဘဏ်ဝန်ထမ်း နောင်အခါ ပြည်ထောင်စုဘဏ်အရာရှိ ဦးသန်းမြင့် (ပြည်သန်းနွယ်) မှာ တေးရေးခ တစ်ဆယ့်ငါးကျပ်ဖြင့် ကျေနပ်ရကာ တေးပြုစာဆိုနာမည် မကျော်ကြားဘဲ တိမ်မြုပ်နေရပါ သည်။ တေးပြုစာဆိုနာမည် ထည့်သွင်းစပ်ဆိုခြင်းမရှိ သော တေးသီချင်းအားလုံးပင်၊ ထိုနည်းလည်းကောင်း ဖြစ်ရပါသည်။ ထို့ကြောင့် တေးပြုစာဆိုနာမည် အငြင်းပွား မှုများ ဖြစ်ပေါ်လာပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က 'နှစ်ယောက်

www.burmeseclassic.com



ထဲနေချင်တယ်’ ရုပ်ရှင်ကား ဇာတ်ဝင်သီချင်းဖြစ်သော ‘နှစ်ယောက်ထဲ’ သီချင်းဟောင်းကို ပြန်လည်သီဆို၍ ရန်ကုန်မြို့ ဂလုပ်ရုပ်ရှင်ရုံ (နောင် ဂုဏ်ရုံ)တွင် ပြသခဲ့ပါသည်။ နှစ်ယောက်ထဲသီချင်းမှာ ဟိုးလေးတစ်ကျော်ဖြစ်ခဲ့ရာ၊ ထိုသီချင်းမှာ ကွယ်လွန်သူ အလင်္ကာကျော်စွာ မြို့မငြိမ်း ရေးစပ်ခြင်းမဟုတ်ဘဲ၊ ကွယ်လွန်သူ နန်းတော်ရှေ့ဆရာတင် ရေးစပ်ခြင်းဖြစ်သည်ဟု နိုင်ငံကျော် ကာတွန်းဆရာ ကြီး ဦးဟိန်စွန်းက သတင်းစာတွင် ဆောင်းပါးရေးသား၍ အဆိုပြုလာပါသည်။ မြို့မငြိမ်း ရေးစပ်ကြောင်း အခိုင်အမာ သိရှိကြသော မန္တလေးမှ ပုဂ္ဂိုလ်ကြီးများနှင့် ဂီတ ပညာရှင်များကလည်း၊ နန်းတော်ရှေ့ဆရာတင် ရေးစပ် ခြင်းမဟုတ်ဘဲ၊ မြို့မငြိမ်း ရေးစပ်ခြင်းဖြစ်ကြောင်း သာဓကဖြင့် ချေပရှင်းလင်း၍ ဆောင်းပါးအပြန်အလှန် ရေးသားကြသဖြင့် ပြဿနာအကြီးအကျယ် ဖြစ်လာပါသည်။ နောက်ဆုံးတွင် မြို့မငြိမ်း ရေးစပ်ကြောင်း အထင်အရှားဖြစ်မှ ပြဿနာရှင်းလင်းသွားပါတော့သည်။

စစ်အတွင်း ဂျပန်ဝင်စက ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)အား ရန်ကုန်မြို့သူ မြို့သားများက မြို့တော်ခန်းမတွင် ချီးကျူးဂုဏ်ပြု ကြိုဆိုကြသည့် အခမ်းအနား၌ နာမည်ကျော် တေးပြုစာဆို အောဝမ်းမှ သဟာယ ဆရာတင် ရေးစပ်သီကုံးသော ‘ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်×တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်× သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်” အစချီသည့်

www.burmeseclassic.com



'ဗမာ့သူရဲကောင်း'သီချင်းကို လမ်းစဉ်ပါတီခေတ်က ကွယ်လွန်သူ နာမည်ကျော် ရုပ်ရှင်မင်းသား ဒါရိုက်တာ အဆို ကျော်နှင့် စာရေးဆရာတစ်ဦးက သူ့မဂ္ဂဇင်းတွင် ရွှေတိုင်ညွန့်ရေးစပ် သီကုံးသည်ဟု လွဲမှားစွာ ရေးသား ဖော်ပြခဲ့သဖြင့် ထိုစဉ်က ကျွန်တော့်ထံတွင် ခြစား၍ တစ်ပိုင်းတစ်စသာကျန်နေသော သီချင်းစာရွက်များကို အထောက်အထားပြုကာ ငြင်းဆိုခဲ့ရပါသည်။ ထိုသီချင်း စာရွက်ကို မြို့တော်ခန်းမ ဂုဏ်ပြုကြိုဆိုပွဲတွင် ဖူးစကတ် စာရွက် အရွယ်၌ နောင်အလင်္ကာကျော်စွာဘွဲ့ရ ပန်းချီ ကျော် ဦးငွေကိုင်၏လက်ရာ ဘုရင့်နောင် ရာဇဓိရာဇ်၊ မင်းရဲကျော်စွာ၊ အလောင်းဘုရား၊ မဟာဗန္ဓုလတို့ လှုပ်ရှား မှု ရုပ်ပုံများဖြင့် ဘော်ဒါဝိုင်း ဘောင်ခတ်ပန်းချီ မွမ်းမံပြီး၊ သီချင်းစာသားကို အလယ်တွင် ပုံနှိပ်ဖော်ပြ၍ ဖြန့်ချိ သည်။ တေးပြုစာဆို ဂီတပညာရှင် သဟာယဆရာတင် ကိုယ်တိုင် တူရိယာဝိုင်းကို ဦးဆောင်တီးမှုတ်ပေးခဲ့သည်။ တေးပြုစာဆို ဂီတစာဆို ဂီတပညာရှင် ရန်နိုင်စိန်ကလည်း ထိုတီးဝိုင်း တွင် တီးမှုခဲ့သည်ဟု ပြောကြားသည်။

အမှန်မှာ ဖက်ဆစ်ဂျပန် တော်လှန်ရေးမတိုင်မီ၊ ဂျပန်ခေတ် ဗမာ့တပ်မတော်အတွက် ရန်ပုံငွေ အလှူခံရာ တွင် လှုံ့ဆော်တေးသီချင်းအဖြစ် သီဆိုရန် စစ်ဝန်ကြီးရုံး ပြည်သူ့ဆက်ဆံရေးဌာနကြီးမှ ဗိုလ်ထွန်းလှ (စာရေးဆရာ ဂီတပညာရှင် တက္ကသိုလ် နေဝင်း၊ နောင်အခါ ဗိုလ်ချုပ် အောင်ဆန်း၏ အပါးတော်မြဲနှင့် ရုပ်ရှင်ဒါရိုက်တာ သရုပ် ဆောင်သူ)က တေးပြုစာဆို ဂီတပညာရှင် ရွှေတိုင်ညွန့်ထံ သွားရောက်မေတ္တာရပ်ခံ၍ "ခေတ်မီအောင်သာ ကမ္ဘာမြေ တလွှားမှာ × တို့အစွမ်း ကိုပြမည် × တပ်မတော်ဂုဏ်ရောင်

www.burmeseclassic.com



ထွန်းပြောင်ဖို့ရာ တို့တာဝန်ဖြစ်သည်” အစချီ “တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ ရဲဘော်အပေါင်းကို ကိုယ့်သွေးသားလို အစဉ်မမေ့အပ်ပေသည် × ×”ဟူ၍ ရေးစပ် ပေးခဲ့သော ‘တပ်မတော်အင်အား’ တေးသီချင်းနှင့် ရောထွေးပြီး အမှတ်မှားယွင်းဟန် တူပါသည်။ ဆရာရွှေတိုင်ညွှန့်သည် မကွယ်လွန်မီ ထိုသီချင်းကို နောက်ဆုံး ရေးစပ်ခဲ့ သည်ဟု ဆိုကြ၏။

အဆိုတော်အများအပြားပင် မိမိဆိုခဲ့သော တေးသီချင်းများ ဘယ်သူရေးစပ်မှန်း မသိကြဟု ရေးဘော်ကြီး ကွယ်လွန်သူ စန္ဒရားစစ်ကိုင်းလှရွှေက ပြောဖူးပါသည်။ တီးဝိုင်းခေါင်းဆောင်က သီချင်းချပေး၍ ဆိုသူက များပြားသည်ဆို၏။

တေးပြုစာဆိုမှာ ကျွန်တော်တို့ သတင်းစာဆရာများနှင့် တူလှပါသည်။ ဆောင်းပါးမှတစ်ပါး သတင်းစာ ထဲ၌ဖော်ပြသော သတင်းများ၊ ခေါင်းကြီးပိုင်းနှင့် မှတ်ချက် ရေးသားကြသူ နာမည်မပါကြသဖြင့် အချင်းချင်းပင် မည်သူရေးမှန်း မသိကြပေ။ ထိုနည်းလည်းကောင်းပင် တေးသီချင်းအများစုမှာ တေးပြုစာဆိုနာမည် မပါသဖြင့် မည်သူရေးစပ်မှန်း မသိကြပေ။

ကျွန်တော့်အနေဖြင့် သိတတ်သောအရွယ်မှစ၍ ဗဟုသုတများကို တေးသီချင်းများထဲမှ မှတ်သားနာယူရ၍ အသိပညာရရှိသဖြင့် တေးပြုစာဆိုများအား ကျေးဇူးတင်မိပြီး၊ တေးပြုစာဆိုနာမည်ကို သိချင်စိတ် အလွန်ထက်သန်လှပါသည်။

ခေတ်ဟောင်း တေးပြုစာဆိုများနှင့် စာရေးဆရာများ သတင်းစာဆရာများမှာ နိုင်ငံရေးသမားများ

www.burmeseclassic.com



မဟုတ်ကြသော်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် သာ၊ မိမိတို့၏ ဆန္ဒအရ ဘာသာရေး၊ သာသနာရေး၊ မျိုးချစ်စိတ်ထက်သန်ရေး၊ လူမှုရေး ကြီးပွားရေး၊ စီးပွားရေးတို့ကို ပြည်သူလူထုအား ရှေ့ဆောင်လမ်းပြခဲ့ပြီး လွတ်လပ်သောနိုင်ငံတော်နှင့် လူမျိုး ဖြစ်လာရန် ရဲဝံ့ပြတ်သားစွာ လှုံ့ဆော်ပေးခဲ့သည့် နိုင်ငံအကျိုးဆောင်များ ဖြစ်ကြပါသည်။

ခေတ်ဟောင်း တေးပြုစာဆိုများအနက် အချို့မှာ တူရိယာ ဂီတ မတီးမှုတ်တတ်ကြသော်လည်း၊ ဂီတသံစဉ်များယဉ်ပါးပြီး၊ ကဗျာအဖွဲ့၊ စာအနွဲ့၊ စာအချိုးတို့ ကျွမ်းကျင်မှုဖြင့် တေးသီချင်းရေးဖွဲ့ တတ်ကြသည်။

ယခုပြန်ကြားရေးဝန်ကြီးဌာနက ခေတ်ဟောင်း တေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် သူတို့၏ အတ္ထုပ္ပတ္တိများကို မှတ်တမ်းစာအုပ်ပြုစုထုတ်ဝေသွားရန် စီစဉ်ဆောင်ရွက်ခြင်းမှာ ကောင်းမြတ်သော အစီအစဉ် ဖြစ်၍ နိုင်ငံတော်၏ အနုပညာပိုင်းတွင် အထူးလိုအပ်နေသော ကိစ္စတစ်ရပ်ကို အလေးထားဆောင်ရွက်လိုက်ခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

တစ်နည်းအားဖြင့်ဆိုလျှင်၊ တစ်ချိန်က နိုင်ငံနှင့် လူမျိုးဘာသာ သာသနာအတွက် တေးဂီတ အနုပညာဖြင့် စွမ်းဆောင်ခဲ့ကြသော ပညာရှင်ကြီးများအား ဂုဏ်ပြုခြင်းလည်း ဖြစ်ပါသည်။

ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများအား သိမီလိုက်သူ အတော်နည်းသွားပြီ ဖြစ်သော်လည်း၊ ကျန်ရှိနေသေးသော သိမီလိုက်သူ အနည်းငယ်နှင့်ခေတ်ဟောင်း တေးရေးပညာရှင်ကြီးတို့၏ ကျန်ရှိနေသေးသော

www.burmeseclassic.com



တေး သီချင်းလက်ရာများကို အထောက်အထား ပြနိုင်သေး၍ မှတ်တမ်းစာအုပ်ထုတ်ဝေရန်မှာ အချိန်မနှောင်းသေးပါ။ လက်လှမ်းမီသလောက် ရနိုင်သော အခြေအနေမျိုး ရှိပါသေးသည်။

ပြန်ကြားရေး ဝန်ကြီးဌာန၏ ကြေညာချက်တွင် သံဆန်းခေတ်အစ ရှေးဟောင်းတေးရေး ပညာရှင်ကြီးများ စာရင်းကို အမည်နှင့်တကွ ဖော်ပြထားရာ၌ ခေတ်ဟောင်း တေးရေးပညာရှင်ကြီးများ ကျန်ရှိနေသေးကြောင်းကိုပါ ဖော်ပြထားသည့်အတိုင်း ကျွန်တော်သိမီပြီး မှတ်မိသလောက် ကျန်နေသေးသော ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများကို ဖြည့်စွက်ဖော်ပြလိုပါသည်။

မလှရွှေသီဆိုသော စန္ဒကိန္နရီသီချင်းနှင့် ဗြိတိသျှကိုလိုနီအစိုးရ၏ ပိတ်ပင်တားမြစ်ခြင်းခံရသော ဖုတ်သွင်းရထား ဓာတ်ပြားသီချင်းရေးစပ်သူ အေဝမ်းဖလင်း ဦးတင်နွယ်၊ လေဘာတီမြရင် သီဆိုသော စိမ်းရောင်စို ဓာတ်ပြားသီချင်းရေးစပ်သူ ဦးသာဒင် တစ်နာရီထဲ ချစ်ပါရစေ ဓာတ်ပြားသီချင်းရေးစပ်သူ ဦးရွှေမောင်၊ အလွန်ရောင်းကောင်းသော ဓာတ်ပြားသီချင်းများဖြစ်သည့် စာဆိုတော် စောမွန်လှ သီချင်းနှင့် ခေတ်ဆန်းချိန် သီချင်းရေးစပ်သူ နိုင်ငံကျော်စာရေးဆရာ၊ သတင်းစာဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ တေးပြုစာဆို- တေးသံရှင် ဦးဉာဏ၊ အေဝမ်းဓာတ်ပြားသီချင်း အများအပြားရေးစပ်ခဲ့သော တေးပြုစာဆို၊ ဂီတပညာရှင်၊ အဆိုတော်ခေတ္တရာ အေး၊ အေဝမ်းရုပ်ရှင် သရုပ်ဆောင် လူရွှင်တော်ရွှဲ့ကြီး (ခေါ်) ဂီတပညာရှင်၊ တေးပြုစာဆို ကြည်တံခွန်၊ ဗြိတိသျှဘားမား ရုပ်ရှင်ဓာတ်ပြားသီချင်းအချို့ ရေးစပ်ခဲ့

www.burmeseclassic.com



သူ ဦးခင်ဆွေ၊ ဂီတပညာရှင်၊ တေးပြု စာဆို၊ အဆိုတော် တယောဦးဟန်ဝင်းတို့၏ အမည်စာရင်း များ ဖြည့်စွက်ရန် တင်ပြအပ်ပါသည်။

* * *

၅

# — ကံ —

ကံဆိုသည်မှာ ကောင်းသည့် အခါနှင့် ဆိုးသည့် အလှည့် ကြုံရတတ်သည်ကို လူတိုင်းသိပါသည်။ အဆိုး အကောင်းတလှည့်စီဖြစ်၍ မထူးဆန်းလှပါ။

သို့သော် ကံကောင်း၊ ကံဆိုးအဖြစ်မျိုး၊ တစ်ပြိုင် တည်း ဒွန်တွဲကြုံရသည်ကိုတော့ တွေ့ဖူး၊ မြင်ဖူးသူ၊ သိသူ အလွန်နည်းပါး ကြပါလိမ့်မည်။ ကံကောင်း၊ ကံဆိုး တစ် ပြိုင်တည်း ဒွန်တွဲကြုံတွေ့ရသဖြင့် ခံစားရသူများသာမက မြင်တွေ့ကြားသိရသူ အပေါင်းပါ ယူကျုံးမရ ရင်နာရသည့် အဖြစ်မျိုးတစ်ခုကို စစ်ကြိုခေတ်က ကျွန်တော် ကိုယ်တိုင် မြင်တွေ့ခဲ့ရပါသည်။

ထိုစဉ်က ကျွန်တော် နေထိုင်သော ရန်ကုန်မြို့၊ ကျောက်မြောင်းဈေးတည်ရှိသည့် ဗျိုင်းရေအိုးစင်ရပ် ကွက်မှာ ရုပ်ရှင်ပညာသည်မျိုးစုံ အများဆုံးနေထိုင်ရာ ရပ်ကွက်ဖြစ်၍ မြန်မာဟောလိဝုဒ်ဟုပင် ခေါ်ဆိုနိုင်သည့် အပြင် ပြိုင်မြင်းပိုင်ရှင်များ၊ မြင်းစီးဂျော်ကီများ၊ မြင်းကျင့် ပေးသော ထရိန်နာများ၊ မြင်းထိန်းများ၊ မြင်းဇောင်းများ လည်း အတော်များလှသဖြင့် မြင်းသမား ရပ်ကွက်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

www.burmeseclassic.com



ရန်ကုန်မြို့နီစပါယ်က တရားဝင် ကင်ပွန်းတပ်ထားသော တာမွေဈေးလမ်း(ယခု ကျောက်မြောင်းဈေးလမ်းဟုခေါ်သည်) ကျောက်မြောင်းဈေးအနီးတွင် နိုင်ငံကျော် မြန်မာ့ရုပ်ရှင် စတန့်မင်းသမီး (ဒေါ်)ခင်ခင်စန်းနှင့် ခင်ပွန်းဖြစ်သူ စတန့်ရုပ်ရှင်မင်းသား ကျော်မိုး (နောင်အခါ ဒါရိုက်တာ ဦးကျော်မိုး) တို့ နေထိုင်ကြသည်။ ခင်ခင်စန်းမှာ မော်တော်ကား၊ မော်တော်ဆိုင်ကယ် မတ်တတ်စီး၍ ခုန်ပျံ ကျော်လွှား စသောစတန့် အမျိုးမျိုး သရုပ်ဆောင်ပြသူ ဖြစ်သဖြင့် လူကြိုက်အများဆုံး မြန်မာရုပ်ရှင် စတန့်မင်းသမီးဖြစ်သည်။ "ခင်စန်းကွ၊ ခင်စန်း"ဟူသော ပရိတ်သတ်၏ သြဘာသံကြီးမှာ ရုပ်ရှင်ရုံ လျှံ ထွက်၍ ဟိုးလေးတကျော် ဖြစ်ခဲ့သည်။

ထို့ကြောင့် အရပ်ထဲတွင် အမျိုးသားများနှင့် အပြိုင်သတ္တိခဲ ပြောရဲဆိုရဲ ပြုမူရဲသော ဇတ်ဇတ်ကြဲ အမျိုးသမီး များအား 'ခင်စန်း' ဟု တင်စား ခေါ်ဆိုလေ့ရှိကြသည်။

ရုပ်ရှင်စတန့်မင်းသမီး ခင်ခင်စန်း ဟိုးလေးတကျော် ဖြစ်သကဲ့သို့ ကျွန်တော်တို့ငယ်စဉ်က မြန်မာဇာတ်သဘင် လောကတွင် တကယ့်အမျိုးသမီး ဇာတ်မင်းသမီးကျော် များလိုပင် အပြော၊ အဆို၊ အငို၊ အမူအရာ၊ ကဟန်ဆိုဟန် သရုပ်ဆောင်ကောင်းလှသော ယောက်ျားမင်းသမီး မယ်အောင်ဗလမှာလည်း သူမတူအောင် ကျော်စောခဲ့သည်။ ဇာတ်သဘင်ပရိသတ် အကြိုက်ဆုံးမင်းသမီးဖြစ်၍ 'အောင်ဗလ' အမည်မှာ ဟိုးလေးတကျော် ဖြစ်ခဲ့သဖြင့် နေရာတကာတွင် အောင်ဗလအမည်တွေ ပွားများလာ တော့သည်။

ရုပ်ရှင်မင်းသမီး ခင်ခင်စန်း၏ နေအိမ်နှင့် မျက်စောင်းထိုးတွင် နာမည်ကျော် ပြိုင်မြင်းစီး ဂျော်ဂီ ဟောင်း နေထိုင်၍ မြင်းမစီးတော့ဘဲ ပြိုင်မြင်းပြိုင်ရှင် လုပ်ကိုင်နေသည်။ သူ၏ပြိုင်မြင်းမကို ဟိုးလေးတကျော် ဖြစ်နေသော ရုပ်ရှင်မင်းသမီး ခင်ခင်စန်း၏အမည်ကို အတိတ် ကောင်း နိမိတ်ကောင်းယူကာ 'ခင်စန်း'ဟု ကင်ပွန်းတပ် ထားသည်။ အတိတ်၊ နိမိတ် ကောင်းယူ၍ နာမည်မှည့် ထားသည့်အတိုင်းပင် ပြိုင်မြင်းမ ခင်စန်းသည် ဖလားပွဲတွင် ဟိုးလေးတကျော်ဖြစ်၍ သူ့သခင်အား ငွေဖလားတစ်လုံးပြီး တစ်လုံး ဆွတ်ခူးပေးခဲ့သည်မှာ အိမ်ရှေ့ဧည့်ခန်း၌ မှန်ဗီရိုဖြင့် အပြည့် ဂုဏ်ယူဝင့်ကြွားစွာ ပြထားနိုင်လေသည်။

ပြိုင်မြင်းမခင်စန်းက ငွေဖလားဆွတ်ခူးပေး သော မြင်းပွဲညတွင် မြင်းပိုင်ရှင်က သူ့အိမ်အနီးရှိ ခတ် ရထားနှင့် ဘတ်စကားပြေးဆွဲသော ကျိုက္ကဆံလမ်းမကြီး ဘေးကွင်းပြင်၌ ပထမတန်းအငြိမ့်ပွဲဖြင့် အောင်ပွဲခံ၍ လူထုပရိတ်သတ်အား ဖြေဖျော်လေ့ရှိသည်။ အငြိမ့်ပွဲကြိုက် သော ကျွန်တော်သည် နီးနီးနားနားတွင် ပထမတန်း အငြိမ့်ပွဲကောင်းများ ကြည့်ရှုရသဖြင့် ခင်စန်းပါဝင်ယှဉ်ပြိုင် မည့် ဖလားပွဲနေ့တိုင်း 'ခင်စန်း နိုင်ပါစေ'ဟု ဆုမွန်ကောင်း တောင်းမိလေသည်။

ကျွန်တော်သည် မြင်းသမားများကြားထဲတွင် နေထိုင်သော်လည်း မြင်းလောင်းကစားခြင်းကို ဝါသနာ မပါ၍ မြင်းပွဲသို့ ရောက်ခဲလှသည်။ ထိုနေ့က အဖော် ကောင်း၍ တစ်ပဲတန်း (လေးပြားတန်း၊ ငွေတစ်ကျပ်တွင် ၆၄ ပြားနှုန်းဖြစ်သည်) (အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ယခု

www.burmeseclassic.com



တာမွေ အထက ၃အနီး) မှဝင်၍ ခင်စန်း ပါဝင်ယှဉ်ပြိုင်သော ဖလားပွဲကို ကြည့်ရှုသည်။ ခင်စန်းပင် အပြတ်အသတ် ပထမဆုံး ပန်းဝင်သဖြင့် ကျွန်တော့်ဆုတောင်း ပြည့်သွားပြန်သည်။

သို့သော် ပန်းတိုင်နှင့် အနီးဆုံးရှိ မင်းဘားစတင်း (Members Stand)မြင်းပွဲအသင်းသားများ ကြည့်ရှု ကြသည့် အထူးတန်းပွဲ ကြည့်စင်တွင် အတော်လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို အဝေးမှပင် အထင်အရှား တွေ့ရှိရသဖြင့် ကျွန်တော်၏အဖော်ဖြစ်သော သဲလမ်းဂျော်ကီ (သင်ဂျော်ကီ) ဖိုးကျော်က မင်းဘားစတင်းဘက်ရှိ ပြိုင်မြင်းများ ဝင်ပေါက်ဘက်သို့ သွားကြည့်ရန် ကျွန်တော့်အား ခေါ်သွားသည်။ ကျွန်တော်တို့သည် အပြေးအလွှား သွားကြည့်ကြသော်လည်း မောရပန်းရမှန်း မသိဘဲ မဖြစ်ဆိုးနှင့် ကြုံရတော့သည်။ စောစောက ခင်စန်း အပြတ်အသတ် ပထမဆုံး ပန်းဝင်သွား၍ ဝမ်းသာရမှုမှာ ယခု ယူကျုံးမရ ဝမ်းနည်းမှု ဖြစ်ရတော့သည်။

ခင်စန်းသည် အပြတ်အသတ် ပထမဆုံး ပန်းဝင်ခဲ့၍ ငွေဖလားဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ပန်းဝင်ပြီးနောက် သူ၏အဟုန်ပြင်းသော အရှိန်ကို ဂျော်ကီက ဇက်သတ်လိုက်ရာတွင် ခြေခေါက်ကာ ပုံလျက်လဲကျသွားရှာသည်။ ခင်စန်းမှာ မြက်ခင်းပေါ်တွင် အတော်မောပန်းပြီး တုံးတုံးလဲရာမှ လုံးဝမထနိုင်တော့ပေ။

တာဝန်ကျ တိရစ္ဆာန်ဆေးကု ဆရာဝန်က စမ်းသပ်စစ်ဆေးကြည့်ရှုရာ ခင်စန်း၏ ခြေထောက်လုံးဝကျိုး သွားပြီဖြစ်ကြောင်း အစီရင်ခံသည်။ ထို့ကြောင့် မြင်းပွဲအသင်း၏ ဥပဒေမှာ ပြိုင်မြင်းသည် ပြိုင်ပွဲတွင် ခြေကျိုး

www.burmeseclassic.com



သွားပါက တစ်သက်လုံး ထော့ကျိုးဘဝဖြင့် နှိပ်စက်ထား သကဲ့သို့ ဝဋ္ဋဒုက္ခမခံစားရအောင် ထိုပြိုင်မြင်းအား သေနတ်ဖြင့် ပစ်သတ်၍ အဆုံးစီရင်လိုက်ရမည် ဆိုသည့် အတိုင်း အောင်ပွဲရ ခင်စန်းမှာ သေရန်အမိန့်ချခံရတော့ သည်။

အထက်တန်းစား အဝတ်အစားများနှင့် လက် ဝတ်ရတနာများ ဆင်မြန်းထားသော မြင်းပိုင်ရှင် ဦးအောင် ဗလနှင့် ဇနီးတို့သည် ခင်စန်းလောလောဆယ် ဆွတ်ခူး ပေးသည့် ဖလားကို မမက်နိုင်တော့ဘဲ မြင်းပြိုင်ကွင်း မြက် ခင်းပေါ်တွင် ပဍ္ဍာမြေလူးကာ မျက်ရည်များ အိုင်ထွန်း လျက် "မသတ်ပါနဲ့ဘုရား၊ ရှိခိုးတောင်းပန်ပါတယ်။ ကျေး ဇူးရှင်မို့ မသတ်ပါနဲ့။ ချမ်းသာပေးပါဘုရား။ တစ်သက်လုံး မခိုင်းဘဲ ကောင်းကောင်းမွန်မွန် ပြုစုကျွေးမွေး စောင့် ရှောက်ထားပါ့မယ်ဘုရား"ဟူ၍ ဘုရားချင်းထပ်ကာ မြင်းပွဲအသင်း ဒါရိုက်တာလူကြီးများအား အာဏာပိုင် မင်းရာဇာလို သဘောထားပြီး ခြေဖက်၍ ရှိခိုးတောင်းပန် တိုးလျှိုးနေသည်မှာ ပရိသတ်အလယ်တွင် မရှုရက်နိုင်စရာ ပင်။

သို့သော် ပြိုင်ပွဲသွင်းစဉ်က မြင်းပွဲဥပဒေအတိုင်း လိုက်နာပါမည်ဟု ဝန်ခံကတိပြုထား၍ မြင်းပွဲ၏ စီရင် ထုံးအတိုင်းပင် ခင်စန်းမှာ အောင်ပွဲနှင့်အတူ 'ဒိုင်း' ဟူသော သေနတ်သံဖြင့် ဇီဝိန်ချုပ်သွားရှာတော့သည်။ မြင်းပိုင်ရှင် ဦးအောင်ဗလ၏ ဇနီးမှာ ခါတိုင်းလို ငွေဖလားပိုက်ကာ ဝင့်ကြွားစွာ ပြန်မသွားနိုင်တော့ဘဲ သတိမေ့မြောသွား သဖြင့် ဝိုင်းဝန်းပြုစုကုသကာ အိမ်သို့ ခေါ်ဆောင်သွားရ တော့သည်။

www.burmeseclassic.com



ထိုသို့အောင်ပွဲနှင့်အတူ တစ်မုဟုတ်ချင်း ကံဆိုးမိုးမှောင်ကျရသည့် အဖြစ်မျိုးမှာ လောကတွင် အနည်းဆုံးဖြစ်၍ ကြုံတောင့်ကြုံခဲဟု ဆိုရမည်ဖြစ်သော်လည်း ကံကိုမူအထူးသတိပြုရန် လိုအပ်လှကြောင်း သာဓကတင်ပြရပေသည်။

(အောင်ပွဲရ၊ ကံဆိုးမ ခင်စန်း၏သခင် မြင်းပိုင်ရှင် နာမည်ကျော် ဂျော်ကီဟောင်း ဦးအောင်ဗလမှာ မြင်းပွဲနောက်ဆုံးခေတ်တွင် နာမည်ကျော်ကြားသော ဂျော်ကီလှသန်းမြင့်၏ ဖခင်ဖြစ်လေသည်။ စာရေးသူ)

* * *

www.burmeseclassic.com

၁၀

## ဆန့်ကျင်ဘက်ခြားနားချက်

အသက်အရွယ် ထောက်လာပြီး ကျန်းမာရေး ကလည်း မကောင်းတော့သဖြင့် စားသောက်နေထိုင် သွား လာမှုကို အတော်ဆင်ခြင်ရပါသည်။ အထူးသဖြင့် အပြင် သွားလာမှုကို အတော် သတိထားရပါသည်။ မော်တော် ကား တော၀ါသည် အန္တရာယ်ကြီးလှသည်။ ရက်သတ္တ ပတ် တစ်ပတ်တစ်ကြိမ်ခန့်သာ မဂ္ဂဇင်းဂျာနယ်တိုက်များ သို့ သွားတတ်သည်မှတစ်ပါး အခြားကိစ္စအတွက် သွား လာရမှုကို တတ်နိုင်သမျှ ရှောင်နေရသည်။

"မြန်မြန်တက်တက်၊ မြန်မြန်ဆင်းဆင်း၊ လက် လွှတ်ဆင်းပါ"ဟု ရန်ကုန်မြို့တွင်း မထသ လိုင်းကားစီး ခရီး သည်များမှာ ကားရပ်တိုင်း ကားသမား၏ မဆင်မခြင် ကိုယ်ချင်းမစာသော အမိန့်ကို နာခံနေရသည်။ ထမင်း တစ်လုတ်အတွက် အေးအေးသက်သာ စီးပွားရှာ၍ စား နိုင်ကြလျှက် ဖုတ်ပူမီးတိုက် စီးပွားရှာစားနေကြသည်ကို နားမလည်နိုင်ပါ။

www.burmeseclassic.com



ပြန်လည်ပြင်ဆင် မွမ်းမံထားသော မထသလိုင်းကားများမှာ အတက်အဆင်း ခြေနင်းခုံကလည်း တစ်ထစ်လျှင် နှစ်ပေခန့်မြင့်၍ ခြေမြင့်မြင့် မကြွနိုင်သော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးများအဖို့ မကိုင်မတွယ်ဘဲ အမြန်ဆင်း၊ တက်ဖို့ မဆိုထားဘိ၊ ကိုင်တွယ်၍ပင် အတော်သတိထား ဆင်းတက်နေရပါသည်။ ထိုသို့ ကိုင်တွယ်၍ သတိထား ဆင်းတက်ရသဖြင့် မော်တော်ကားရပ်ပေးချိန် မိနစ်ပိုင်း ပိုကြာမသွားဘဲ စက္ကန့်ပိုင်းသာ ပိုကြာကောင်း ကြာပါလိမ့်မည်။ သို့သော် အန္တရာယ်ကင်း၍ ပြဿနာမရှိနိုင်ပါ။ အန္တရာယ်ဖြစ်လျှင် ခရီးသည်လည်း ဒုက္ခရောက်၍ ကားသမားလည်း ပြဿနာဖြစ်နိုင်သဖြင့် အလုပ်အကိုင်ပျက်ကြရပါသည်။ စက္ကန့်ပိုင်းမျှ ပိုရပ်ပေးရသဖြင့် ကားသမား များအတွက် ပိုအကျိုးမယုတ်ဘဲ ထမင်းတစ်လုတ်ကို အေးဆေးသက်သာစွာဖြင့် ရှာဖွေစားသောက်နိုင်သည့်အပြင် ခရီးသည်အတွက်လည်း အန္တရာယ်ကင်း၍ မိသားစုများပါ ကိုယ်စိတ်နှစ်ပါး ချမ်းသာရပါသည်။ အတ္တ -ပရ နှစ်ဖြာသော အကျိုး ဖြစ်ထွန်းစေပါသည်။

ယခုကား ထိုသို့မဟုတ်ဘဲ "မြန်မြန်တက်တက်၊ မြန်မြန်ဆင်းဆင်း၊ လက်လွှတ်ဆင်းပါ" ဟူသော ပြင်းထန်စွာ အမိန့်ပေးနေသော မထသ ကားသမားတို့၏ တစ်သွေးတစ်သံ အမိန့်အာဏာကို အာခံလျှင် မထသစီးတိုင်း ပြဿနာဖြစ်နေမည်စိုး၍ မကင်းနိုင်သည့်သဘောဖြင့် အရွယ်မရွေး ခရီးသည်များမှာ ခေါင်းငုံ့၍သာ ခံနေရသည်။ ထိုသို့ မထသ လိုင်းကားစီးတိုင်း ကြုံတွေ့နေရသဖြင့် အပိုကိစ္စ သွားလာဆောင်ရွက်ရန် တတ်နိုင်သမျှ

www.burmeseclassic.com



ရှောင်နေရပါသည်။ ထို့ကြောင့် မည်သည့်အသင်းအဖွဲ့မှ ပါဝင်ခြင်းမရှိဘဲ တသီးပုဂ္ဂလသာနေ၍ စာရေး၊ စာဖတ်ခြင်းဖြင့် ဆင်ခြင်နေရပါသည်။

သို့သော် ရှောင်လွှဲမနေသာသော ဖြစ်ရပ်ပေါ်ပေါက်လာပါသည်။ ရင်းနှီးသော မိတ်ဆွေကြီး သခင်ဗဟုန်သည် အိုကံကောင်း၍ အတော်ပင် သွားလာလှုပ်ရှားနိုင်ပါသည်။ ခေတ်ဟောင်းမှ သတင်းစာဆရာများအား အတော်သံယောဇဉ်ရှိ၍ အဆက်မပြတ်အောင် အမြဲတမ်း သွားလာဆက်ဆံနေတတ်သည်။ သူ့လိုပင် လှုပ်ရှားသွားလာနိုင်ပါမှ ကျန်းမာသည်ဆိုသော စေတနာဖြင့် သူပါဝင် လှုပ်ရှားနေသော ထေရဝါဒ ဗုဒ္ဓဘာသာ အခြေခံကာ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် သက်ကြီးရွယ်အိုများ အများဆုံးစုဝေးရာ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (ဝိုင်အမ်ဘီအေ)တွင် ကျွန်တော်တို့လို ခေတ်ဟောင်းမှ သတင်းစာဆရာများ ပါဝင်ရန် စည်းရုံးလာပါသည်။ ဝိုင်အမ်ဘီအေ ရာသက်ပန် အသင်းသားအဖြစ် အသင်းကြေးကို သူ့အိတ်စိုက်၍ သိမ်းသွင်းလာပါတော့သည်။

ကျွန်တော်သည် ၁၉၉၇ ခုနှစ်ဆန်းမှစ၍ ဝိုင်အမ်ဘီအေ ရာသက်ပန် အသင်းသားဖြစ်လာသည်။ (ဝိုင်အမ်ဘီဘေအသင်းတွင် ရာသက်ပန်အသင်းသားတစ်မျိုးတည်းသာ ရှိပါသည်) အသင်းသားအဖြစ် တစ်နှစ်ပြည့်ပြီးမှ ဆန္ဒပေးနိုင်ပါသည်။ ၁၉၉၈ ခု ဇူလိုင်လ ၂၆ ရက်နေ့ ဝိုင်အမ်ဘီအေအသင်း နှစ်ပတ်လည် အစည်းအဝေးတက်ရန် ဇူလိုင်လဆန်းပိုင်းတွင် စာတိုက်မှ ဖိတ်စာရောက်ရှိလာပါသည်။ ဖိတ်စာကျောဘက်တွင် မဲဆန္ဒပေး

www.burmeseclassic.com



ရန်ရှိ၍ ဆက်ဆက်တက်ရန် သခင်ဗဟုန်၏ လက်ရေးဖြင့် ထပ်ဆင့်နှိုးဆော်ထားသည်။

ကျွန်တော်သည် ဝိုင်ဘမ်အီအေအသင်းသား အဖြစ် ပထမဆုံးအကြိမ် ဝိုင်အမ်ဘီအေ အစည်းအဝေးသို့ တက်ရောက်ဖူးခြင်းဖြစ်သည်။ အစည်းအဝေးတွင် သခင် ဗဟုန်အပြင် အသက် ၉၀ ခန့်၍ လွှတ်တော်ရှေ့နေကြီး ဒေးဒရဲ သခင်ချစ်၊ ပါလီမန်အတွင်းဝန်ဟောင်းပထစ ဦးသန်းစိန်၊ ပါလီမန်အတွင်းဝန်ဟောင်း အငြိမ်းစား သံ အမတ်ကြီး သခင်ချန်ထွန်း၊ ၁၃၀၀ ပြည့်အရေးတော်ပုံ ခေတ်က ရေနံမြေအလုပ်သမား သပိတ်ခေါင်းဆောင် တစ်ဦးဖြစ်သော သခင်ပု (နောင်အခါ ပုလဲသခင်ပု) အငြိမ်းစားဗိုလ်မှူး (ရေ)နှင့် သံအမတ်ကြီး ဦးချစ်ကိုကို၊ လက်ပံတန်း သခင်ကြီးမြင့်၊ ပထစ ဦးသန်းမြင့်၊ ရေးဖော် မေမြို့မိုးကြည် စသော သိဟောင်းကျွမ်းဟောင်း သက်ကြီး ရွယ်အိုများအပြင် မျိုးဆက်သစ် သတင်းစာအယ်ဒီတာ ဦးစိန်ရွှေ၊ ဦးဇော်မြင့်စသော လူလတ်ပိုင်း ရင်းနှီးသူများ နှင့်လည်း ဆုံစည်းခဲ့ရပါသည်။ ဝိုင်အမ် ဘီအေတွင် လူကြီး လူလတ်၊ လူငယ် အသက်အရွယ်စုံ ပါဝင်နေသည်ကို တွေ့ ရသည်။ သို့မှသာ နှစ်ကာလရှည် ကြာပြီဖြစ်သော ဝိုင်အမ် ဘီအေအသင်းကြီး မြန်မာနိုင်ငံ တည်ရှိနေသရွေ့ အဓွန့် ရှည် တည်တံ့နေစေရန် မျိုးဆက်သစ်လူငယ်တို့က ဝိုင်အမ် ဘီအေ၏ တာဝန်ကို လက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင် နိုင်ပေမည်။ ဝိုင်အမ်ဘီအေကို စတင်တွေ့ရှိသူများ မရှိတော့ပြီ ဖြစ်၍ ဝိုင်အမ်ဘီအေ၏ တာဝန်ကို ခေတ်အဆက်ဆက် တွင် မျိုးဆက်သစ်များက လက်ဆင့်ကမ်း သယ်ဆောင် လာခဲ့ကြသဖြင့် ဝိုင်အမ်ဘီအေ၏ သက်တမ်းမှာ ၉၂ နှစ်

www.burmeseclassic.com



ကျော်ခဲ့လေပြီ။

ဝိုင်အမ်ဘီအေအသင်းကြီးကို ကောဇာ သက္ကရာဇ် ၁၂၆၈ ခု ကဆုန်လဆုတ် ၄ရက် (ခရစ်နှစ် ၁၉၀၆ ခု၊ မေ ၁၀ ရက်)နေ့တွင် တည်ထောင်ခဲ့သည်။ အမျိုးဘာသာ၊ သာသနာ ပညာဆိုသည့် ရည်ရွယ်ချက်ဖြင့် ဦးတည်၍ ဆောင်ရွက်သည်။ ဘာသာရေးနှင့် စာရိတ္တကို အခြေခံ၍ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာ၏ အဆီအနှစ်ဖြစ်သော မင်္ဂလာ တရားတော်ကို အထူးအလေးပေး၍ မင်္ဂလာ တရားတော် ပြန့်ပွားရေးအတွက် လှုံ့ဆော်သင်ကြား ပို့ချပေးပြီး မင်္ဂလာစာမေးပွဲများ ပြုလုပ်ကာ ဆုနှင်းသဘင် ကျင်းပခဲ့သည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပသည်။ အခြေခံ အဘိဓမ္မာသင်တန်းများလည်း ဖွင့်လှစ်ပို့ချသည်။

ပညာရေး၊ ကျန်းမာရေးစသော လူမှုရေးလုပ်ငန်းများအဖြစ် မြန်မာစာပေ ပြိုင်ပွဲများ၊ ပညာရေးဟောပြောပွဲ၊ ဗဟုသုတရုပ်ရှင်ပြပွဲများ၊ တိမ်မြုပ်နေသော ရှေးဟောင်းစာပေ၊ ပျို့၊ကဗျာ၊ ဋီကာအဖြေများ စာအုပ်ပုံနှိပ်ရောင်းချခြင်း၊ အားကစားပွဲများ၊ စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ပြီး နှစ်စဉ် အမျိုးသားအောင်ပွဲနေ့ သဘင်ကို အထူးတလည် ကျင်းပပေးသည်။ အသင်း၏ ဆောင်ရွက်ချက်များကို ပြည်သူအများ သိရှိရန် “ရတနာမွန်” မဂ္ဂဇင်း လစဉ်ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိသည်။

ဝိုင်အမ်ဘီအေ အစည်းအဝေးက စာရိတ္တမြှင့်တင်ရေး၊ ထိန်းသိမ်းရေးလုပ်ငန်းတွင် မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်၍ အစီရင်ခံရာ၌ ယနေ့ခေတ်

www.burmeseclassic.com



တွင် နေရာတကာ၌ ဘီယာနှင့် အရက်များကို ပလူပျံ့အောင် ကြော်ငြာ၍ ရောင်းချနေသဖြင့် စာရိတ္တပျက်ပြားမှုအတွက် စိုးရိမ်မိကြောင်း မီးမောင်းထိုးပြလိုက်သည်။

စာရိတ္တမြှင့်တင်ရေး၊ ထိန်းသိမ်းရေး၊ ပြုပြင်ရေးတို့တွင် မင်္ဂလာတရားတော်သည် အထိရောက်ဆုံး ဖြစ်သည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေသည် ရှေးအခါကစ၍ စာရိတ္တအတွက် မင်္ဂလာတရားတော်ကို အဓိကထား ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်အစိုးရကလည်း အထူးအားပေးခဲ့သည်။ လွတ်လပ်ရေးခေတ်ဦးတွင် အစိုးရက စံပြအကျဉ်းသားများ ပြုလုပ်၍ ပြစ်ဒဏ်ခံနေရသော ရာဇဝတ်မှု အကျဉ်းသားများအား စာရိတ္တပြုပြင်ရေးအတွက် မင်္ဂလာတရားတော်ကို အားကိုးအားထားပြု၍ ဆောင်ရွက်ခဲ့ရာ အတော်ထိရောက်အောင်မြင်ခဲ့သည်။ မင်္ဂလာစာမေးပွဲ အောင်မြင်ကြသော အကျဉ်းသားများအား အမှတ်အနည်းအများအလိုက် လျှော့ရက်ပေး၍ ထောင်ဒဏ်လျှော့ပေါ့ပေးခဲ့သည်။

အတွင်းဝန်ကြီး တစ်ဦးသည် တရုတ်သူဌေးတစ်ဦးအား လုပ်ငန်းလိုင်စင်ချပေးရာတွင် ဘက်လိုက်၍ မရိုးမသား ပြုလုပ်ပေးသည်ဆိုကာ အရေးယူခံရပြီး ရုံးတော်သို့ တင်ပို့ တရားစွဲဆိုခံရသဖြင့် ထောင်ဒဏ်တစ်နှစ်အပြစ်ပေးခံရသည်။

အတွင်းဝန်ကြီးသည် ဗုဒ္ဓဘာသာ မဟုတ်သော်လည်း ထောင်ဒဏ်လျှော့ပေါ့ ခံစားနိုင်ရန်အတွက် ဗုဒ္ဓဘာသာ မင်္ဂလာတရားတော်ကို ကျက်မှတ်ပြီး မင်္ဂလာစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ ထိပ်ဆုံးမှအောင်မြင်ခဲ့သဖြင့် လျှော့ရက်များစွာ ရရှိ၍ သုံးလေးမျှသာ ထောင်

www.burmeseclassic.com



ဒဏ်ခံရပြီး လွတ်မြောက်သွားခဲ့သည်။ မင်္ဂလာတရားတော်၏ အကျိုး၊ မင်္ဂလာကျင့်စဉ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် လက်တွေ့ခံစားလိုက်ရသော အကျိုးပင် ဖြစ်လေသည်။

ယနေ့ မျက်မှောက်မှာလည်း စာရိတ္တ ထိန်းသိမ်းရေးအတွက် နိုင်ငံတော်အစိုးရက မင်္ဂလာတရားတော်ကို အဓိကထားပြီး နေ့စဉ်ထုတ်ဝေနေသော သတင်းစာများ၏ မျက်နှာဖုံးတွင် မင်္ဂလာတရားတော် ကျင့်စဉ်များကို ဦးထိပ်ထား၍ ဖော်ပြလျက်ရှိသည်။

ကျွန်တော်သည် ဝိုင်အမ်ဘီအေ အစည်းအဝေးမှ အပြန် မော်တော်ကားမှတ်တိုင်သို့အသွား ဝိုင်အမ်ဘီအေ၏ စာရိတ္တလုပ်ငန်းအတွက် မင်္ဂလာတရားတော် ပြန့်ပွား ရေးကို စဉ်းစားမိရာမှ မင်္ဂလာတရားတော် ကျင့်စဉ်၏ ထိရောက်အောင်မြင်မှုကို ကြည်နူးမိသည်။

မင်္ဂလာ × × မင်္ဂလာ × × အမြင်အကြားလည်း များဖို့ရန် × × အကုသိုလ် ဒုစရိုက်တွေ ရှောင်ကြဉ်ကာ လွတ်ကင်းနိုင်ဖို့ရန် × × သိပ္ပံအတတ်ကိုအထူးလေ့လာရန် × × ဆည်းပူးရှာကြ × × ငါးပါးသီလံ နေ့ညမပြတ် မမေ့ကြစေဖို့ရန် × × စောဘဂဝါ ဘဂဝါ ဒေသနံ × ×ဇတံ မင်္ဂလမုတ္တမံ × × ×

မှတ်တိုင်တွင် မော်တော်ကား စောင့်ရင်း ကြည်ကြည်ဌေး၏ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသီချင်းကို ကြားယောင်မိသည်။

မထသလိုင်းကား ရောက်လာပါပြီ။ "မြန်မြန်တက်တက်" ဟူသော မထသလိုင်းကားသမား၏ အမိန့်ကို ကားပေါ်အတက်တွင် နာခံလိုက်ရပြန်သည်။ အဆင်းတွင်လည်း "မြန်မြန်ဆင်းဆင်း၊ လက်မကိုင်ဘဲ ဆင်းပါ"ဟူ

www.burmeseclassic.com



သော တစ်သွေး တစ်သံ အမိန့်သံကို နာခံရဦးမည်။

ဝိုင်အမ်ဘီအေ၏ စာရိတ္တအတွက် အဓိကထား ဆောင်ရွက်နေသည့် မင်္ဂလာတရားတော်ကျင့်စဉ် သိမ်မွေ့မှုနှင့် လိုင်းကားပေါ်အတက် နာခံခဲ့ရသည့် မထသ လိုင်းကားသမားတို့၏ ကျင့်သုံးသော မောက်မာမှုမှာ ဆန့်ကျင်ဘက်ဖြစ်၍ လုံးဝခြားနားလှပါတော့တကားဟု သတိမူမိလိုက်သည်။

မည်သို့ပင်ဆိုစေ မင်္ဂလာတရားတော်၏ ကျင့်စဉ်အရ ခန္တစ သည်းခံခြင်းသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏ဟု ဆင်ခြင်လိုက်ပြီး မိမိ၏စာရိတ္တကိုသာ ထိန်းသိမ်းလိုက်ရပါတော့သည်။

* * *

www.burmeseclassic.com

၉

## ရေကုသိုလ်

“ရေအသက် တစ်မနက်”ဟု ဆိုကြသည်။

ကြည်လင်သန့်ရှင်းသော ရေတစ်ခွက်ကို သောက်လိုက်ရပါက ခွန်အားပြည့်ဖြိုးပြီး ကိုယ်ရောစိတ်ပါ လန်းဆန်းလာပါသည်။

ညှော်သည်ကို အမောပြေသောက်ရေတစ်ခွက် ဖြင့်ဆီးကြိုလေ့ရှိသကဲ့သို့ ခရီးသည်တို့အတွက် အမော ပြေသောက်ရန် ရေချမ်းစင်တည်၍ ကုသိုလ်ပြုကြသည်မှာ မြန်မာ့ဓလေ့ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ မည် သည့်အရပ်ရောက်ရောက် လူမျိုးတစ်ရာ့တစ်ပါးတို့သည် သောက်ရေအတွက် မပူပင်ရပါ။ မြန်မာတို့သည် မတောင်း ရဘဲ ပြည့်ဝနေသော ရေအကျိုးဆယ်ပါး ရရှိနေကြသည်။

စစ်ကြိုကာလ ကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် အိန္ဒိယ၊ တရုတ်၊ အင်္ဂလိပ် စသော လူမျိုးပေါင်းစုံ ရှိသည်။ အထူးသဖြင့် ရန်ကုန်မြို့တွင် လူမျိုးခြားပေါများ၍ ကျွန် တော်တို့သည် လူမျိုးခြားများအလယ်၌ ကြီးပြင်းခဲ့ရသည်။

www.burmeseclassic.com



လူမျိုးခြားများသည် မြန်မာနိုင်ငံ ရောက်လေရာအရပ်မှာ သောက်ရေကို အလွယ်တကူ အခမဲ့သောက်ရသည်ကို ပြောမဆုံးကြပေ။ သူတို့နိုင်ငံများတွင် သောက်ရေ တစ်ခွက်ကို အလွယ်တကူ ပိုက်ဆံမပေးဘဲ သောက်ရဖို့ အလွန်ခက်ပါသည်ဟု ဆိုကြပါသည်။ သောက်ရေသာမက သုံးရေကိုပါ အခမဲ့သုံးနိုင်သော နိုင်ငံမှာ မြန်မာနိုင်ငံသာ ဖြစ်သည်ဟု ကျွန်တော်တို့ ငယ်စဉ်ကပင် လူမျိုးခြားများ၏ ပြောသံကို ကြားခဲ့ရပါသည်။

လူတို့အတွက်သာမက ကျွဲ၊ နွား၊ မြင်း တိရစ္ဆာန်နှင့် ကျေးငှက်သာရကာတို့အတွက် သောက်သုံးရေပါ မြန်မာနိုင်ငံ၌ ကုသိုလ်ပြုလှူရှိကြပါသည်။

စစ်ကြိုခေတ်က လူမျိုးခြားပေါများသော ရန်ကုန်မြို့တွင် ရေချမ်းစင်များ လက်ညှိုးထိုး၍ မလွဲအောင် ရှိပါသည်။ အထူးသဖြင့် ရွှေတိဂုံ ဘုရားသွားရာ လမ်းတစ်လျှောက်တွင် ရေချမ်းစင်များ ပေါများလှသည်။ ရွှေတိဂုံဘုရားသို့ သိမ်ကြီးဈေးမှသာ နှစ်ပြားပေး၍ ဓာတ်ရထားစီးရသည်။ အရှေ့တောရ၊ ဗဟန်းကြားတောရ၊ အလယ်တောရ၊ အနောက်တောရ (အနောက်မုခ်) တို့ဘက်သို့ မြင်းလှည်း၊ မြင်းရထား၊ လန်ခြားစီးလာမှ ရောက်သည်။ အများပြည်သူ ဆင်းရဲသားတို့မှာ မိသားစု တပျော်တစ်ပါး ခြေလျင်လျှောက်လာကြသည်။ ရွှေတိဂုံဝန်းကျင် တောရများရှိ ပင်စောက်တောတန်းကြီးများ၏ အရိပ်အောက်၌ အေးချမ်းသာယာစွာ လျှောက်သွားရ သည်မှာ ကြည်နူးစရာကောင်းလှသည်။ တောရများ ရောက်လျှင် ကြည်လင်အေးမြသော ရေချမ်းစင်များက နားနေရန်အတွက် ဇာတ်ခုံကဲ့သို့ သစ်သားကွပ်ပျစ်ကြီး များနှင့်အတူ

www.burmeseclassic.com



စောင့်ကြိုနေသည်။

ဗဟန်းကြားတောရဘက် ရွှေတိဂုံ အရှေ့မုခ်မှ တက်ရောက်ကြသော ပုဇွန်တောင်၊ရေကျော်၊ တောင်လုံးပြန်၊ မင်္ဂလာတောင်ညွန့်၊ကျောက်မြောင်း၊ တာမွေတို့မှ ခြေလျင်ဘုရားဖူးသူများသည် ကန်တော်ကြီး၏ အရိပ်အာဝါသကို ခိုလှုံ၍ ပျော်ရွှင် ကြည်နူးစွာ သွားကြရသည်။ ကန်တော်ကြီး ရောက်လျှင်ပင် ရေချမ်းစင်များနှင့် နားနေရန် သစ်သားကွပ်ပျစ်ကြီးများ အဆင်သင့်ပင်။ အမောပြေ နားနေရုံသာမက ပါလာသော စားသောက်ဖွယ်ရာများကို တပျော်တပါးစားကြပြီး ရေချမ်းစင်မှရေကို သောက်၍ ဘုရားပေါ်သို့ ခရီးဆက်လေ့ရှိကြသည်။

ပုဂ္ဂလိက ရေချမ်းစင်များသာမက ဝေနေယျသုခ ရေချမ်းစင် အသင်းဖွဲ့စည်းပြီး ရွှေတိဂုံနှင့်တကွ အခြားစေတီ ပုထိုးများတွင်လည်း ရေချမ်းစင်များ တည်၍ ကုသိုလ်ပြုခဲ့ ကြသည်။ ဝေနေယျသုခရေချမ်းစင် အသင်းကြီးမှာ ယခု အခါ သက်တမ်း ၉၃ နှစ် ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ဒေသမရွေး၊ အချိန်အခါမရွေး သောက်ရေကို အခမဲ့သဒ္ဓါကြည်ဖြူစွာ သောက်ရသောနိုင်ငံ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာ၍ မြို့နေလူထုများ တောနယ်များသို့ စစ်ဘေးဒဏ်တိမ်းရှောင်ကြရာတွင် လမ်းခုလတ်မှ စေတနာသဒ္ဓါတရားဖြင့် ရေကုသိုလ်ပြုသူ များပြားလှသည်။

ကျွန်တော်တို့ စစ်ဘေး၊ တိမ်းရှောင်ခိုလှုံရာ သာယာဝတီခရိုင် ရိုးမတောင်ခြေအနီး ကျေးရွာမှာ ရေအလွန် ရှားပါးလှ၍ သဲချောင်းထဲ၌ လက်ဖြင့်ယက်ကာ

www.burmeseclassic.com



ခက်ခဲစွာ ရေရရှိရန် ပြုလုပ်ရသည်။ တစ်နာရီခန့်ကြာမှ ရေနံဆီသံပုံး တစ်ပုံးခန့်သာ ရရှိသော်လည်း ရွာသူရွာသားများက ကျွန်တော်တို့ သောက်သုံးရန် သဒ္ဓါတရား ထက်သန်စွာဖြင့် နေ့စဉ်လက်ယက်တွင်းရေကို လာပို့ပေးကြသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ရေ၏တန်ဖိုး၊ ရေ၏အကျိုးကို ငယ်စဉ်ကပင် ကောင်းစွာ သဘောပေါက်ပါသည်။

စစ်ပြီးကာလ ခရီးဝေးသွား၍ မိုးပါးရေရှား ရပ်ဝန်းဒေသမှာပင်ဖြစ်စေ လမ်းခုလတ်၌ 'ရေကုသိုလ်'ဟူသော ကျက်သရေရှိသည့် အသံများကြားရပြီး ဆာလောင်မွတ် သိပ်နေသော အချိန်၌ ရေကြည်တစ်ခွက်ကို သောက်လိုက်ရသဖြင့် စိတ်လက် ရွှင်လန်းကာ ရေကုသိုလ်ပြုသူအား သာဓုခေါ်၍ စေတနာတုံ့ပြန်ခဲ့ရသည်မှာ အလွန်ကြည်နူးစရာ ကောင်းလှပါသည်။

တစ်ချိန်က မင်းဘူးခရိုင် ရွှေစက်တော်ဘုရားသို့ အသွား ဆည်တော်စခန်းရှိ အေးချမ်းသာယာသော ကနားဖျင်းတဲ၌ တစ်ထောက်နားရင်း အဘိုးအိုဇနီးမောင်နှံက ကြည်လင်သန့်ရှင်းသော ရေချမ်းစင်တည်ပြီး ကုသိုလ်ပြုကြသည်ကို စိတ်ချမ်းမြေ့၍ သာဓု အကြိမ်ကြိမ် ခေါ်ဆိုကာ စေတနာတုံ့ပြန်ခဲ့ရသည်မှာ အတော်ပီတိ ဖြစ်စရာကောင်းပါသည်။ အလားတူ ရေကုသိုလ်ရှင်များမှာ မြန်မာနိုင်ငံအနှံ့ တွေ့နိုင်ပါသည်။ တောကြိုအုံကြား လမ်းခရီးတွင် သစ်ရိပ်ညိုအောက်ရှိ ရေချမ်းစင်၏ သဲရေအိုးထဲမှ သဘာဝရေအေးကို သောက်ရလျှင် အသည်းထဲ စိမ့်အေး၍ ခရီးပန်းလာသမျှ ပြန်လည်လန်းဆန်းလာ ပါတော့သည်။

www.burmeseclassic.com



တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဝေးအတွက် သာမက ဘုရားပွဲတော်ကြီး၊ လူထုအစည်းအဝေး အခမ်းအနားကြီးများသို့ သိန်းနှင့်ချီ၍ ရောက်လာကြသော ပရိသတ်ကြီးကိုပင် ရေကုသိုလ်ပြုနိုင်သည်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံပင် ဖြစ်သည်ဟု ဂုဏ်ယူရမည်ဖြစ်ပါသည်။

ထိုသို့ ရေကုသိုလ်ပေါများသော မြန်မာနိုင်ငံတွင် ဟိုတလောဆီက ရေချမ်းစင်များ ပျောက်ကွယ်လုမတတ် ဖြစ်သွားပြီး နေရာတကာ၌ ရေခဲရည်တစ်ခွက် "ငါးကျပ်" ဟု တကြော်ကြော် ဟစ်အော်ရောင်းသူက ရောင်း၍ သောက်ရေသန့်ဗူးများ သုံးမှ ခေတ်မီသည်ဟု ဆိုသူက ဆိုကြသဖြင့် ရေကုသိုလ်ရှင်တို့ တိမ်မြုပ်နေခဲ့သည်။ ဝေနေယျသုခ ရေချမ်းစင်နှင့် အခြားရေချမ်းစင် အချို့သာ တွေ့ရသည်။

ရေကုသိုလ်ရှင်များ နည်းသွားသည်သာမက ပြီးခဲ့သော နွေဦးကာလ ၁၆. ၃. ၉၈ နေ့က ရန်ကုန်လမ်းမတော်ရှိ မြန်မာပိုင် ဇရာမ ရေခဲမုန့်နှင့် ဖာလူဒါဆိုင်ကြီးတွင် ကျွန်တော်သည် ဖာလူဒါတစ်ခွက်ကို ကျပ်ရှစ်ဆယ် ပေး၍ သောက်ပြီး ယခင်ကလိုပင် ခံတွင်းရှင်းရန် သောက်ရေရလိမ့်မည်ထင်၍ သောက်ရေ တောင်းရာ သောက်ရေ အလကားမပေးဘူး၊ ရေသန့်ဗူးဝယ်သောက်ရမည်ဆိုသည်။

ကျွန်တော် အတော်အံ့ဩသွားမိပါသည်။ ဟိုစဉ်ခေတ်က မြန်မာမဆိုထားဘိ အဘယ်လူမျိုးခြား၏ စားသောက်ဆိုင်၊ ပျော်ပွဲစားရုံ၊ ထိပ်တန်းဟိုတယ်ကြီးများမှာပင်မဆို စားသောက်ပြီးလျှင် ကြည်လင်သန့်ရှင်းသောရေ

www.burmeseclassic.com



ကို စိတ်လက်ရွှင်လန်းစွာ သောက်နိုင်ရန်အတွက် ဖန်ပြာခွက်နှင့်အတူ ဖန်ချိုင့်တွင် အေးမြသောရေကို ထည့်၍ ဧည့်ခံပြုစုလေ့ရှိပါသည်။

ယခုအခါ လွတ်လပ်ရေး ရွှေရတုပင် ကျော်လွန်ခဲ့၍ မြန်မာ့စီးပွားရေးခေတ်တွင် အဘယ်ကြောင့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်ကြီးသည် တန်ရာတန်ဖိုးပေး၍ ဝယ်ယူစားသုံးသူအား စားသောက်ပြီးလျှင် သောက်ရေဖြင့် ဧည့်ခံပြုစုသော ထုံးစံကို ပယ်ဖျက်လေသနည်း။ ဖာလူဒါတစ်ခွက် ကျပ်ရှစ်ဆယ် ပေးသောက်သူအား ရိုးရိုးသောက်ရေ (ရေသန့်ဘူးကိုမဆို) တစ်ခွက်တိုက်ရလျှင် တွက်ခြေမကိုက်လို့လား၊ ကျွန်တော်သည် စဉ်းစားမရအောင် ဖြစ်မိသည်။

ရေခဲရေလည်း ဝယ်သောက်လေ့မရှိသော ကျွန်တော်သည် နီးရာဆွေမျိုး နီးစပ်အိမ်သို့ဝင်၍ သောက်ရေတောင်းပြီး ဖာလူဒါသောက်ခဲ့သော ခံတွင်းကို ရှင်းခဲ့ရပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရေရှားသွားပြီလား၊ မရှားပါ။ စေတနာသာ မူလဖြစ်ပါသည်။ လက်တွေ့ပြပါအံ့။

ယခုတလော ရန်ကုန်တွင် အနည်းငယ် ဂရုပြု၍ အကဲခတ်လေ့လာကြည့်ပါ။ မြန်မာရေစစ်အိုး အသစ်များနှင့်အတူ သောက်ရေသန့်သန့်ဖြင့် ရေချမ်းစင်များ အတော်ပင် ပြန်လည်တွေ့ရမည်ဖြစ်သည်။

တစ်နေ့က ရန်ကုန်ဘူတာကြီးသို့ ရောက်၍ မြန်မာရေစစ်အိုးအသစ်များနှင့် ရေချမ်းစင်တည်ထားသည်ကို တွေ့လိုက်ရသဖြင့် အတိုင်းမသိ စိတ်ချမ်းသာရသည်။ မြို့ပတ်လမ်း ဘူတာတိုင်းတွင်လည်း ရေချမ်းစင်

www.burmeseclassic.com



များ တည်ထားသည်ဆို၍ သာခုခေါ် ဆိုမိသေးသည်။ ရန်ကုန်ထဲမှာလည်း နေရာအနှံ့ ရေချမ်းစင်များ ပြန်လည် တွေ့ရပါပြီ။ ကြည်လင်သန့်ရှင်းသော သောက်ရေကို မြန်မာ့ ဓလေ့အတိုင်း ကုသိုလ်ပြု၍ တိုက်ကျွေးနေပါသည်။ ရေလည်းမရှားသလို စေတနာလည်း မနည်းကြပါ။

တစ်ချိန်ချိန် တစ်ခါခါတွင် တစ်ခုခုအံချော်သွား၍ မြန်မာ့ဓလေ့ တိမ်းစောင်းသွားသဖြင့် အရိုးကို အရွက်ဖုံးသွားတတ်ပါသည်။

တကယ်တော့ "ဖန်ပြာခွက်နှင့် ကျောက်စက်ရေ အမောပြေအောင် တိုက်ပါမမ" ဟူသော သံချပ်မှာ မြန်မာတို့၏ စေတနာသဒ္ဓါတရားဖြင့် ရေကုသိုလ်ပြုခြင်းကို ပေါ်လွင်ထင်ရှားစေပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၅

## မောင်ပေါက်ကျိုင်းလိုလူစား

စစ်ကြီးပြီးစတွင် သတင်းထောက်ဖြစ်လာသော ကျွန်တော်တို့အဖို့ ကံကောင်းသည်မှာ ရှေးဝံသာနုခေတ်က သတင်းစာဆရာဟောင်းကြီးများနှင့် ဝံသာနုခေတ်မှ စ၍ လုပ်ကိုင်နေဆဲ သတင်းစာဆရာကြီး အချို့အား သိမီလိုက်ရခြင်းဖြစ်သည်။

စာနယ်ဇင်းတို့၏ ဘိုးအေဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ကိုလိုနီအစိုးရလက်ထက် ငါးထောင်စားဝန်ကြီးဟောင်းနှင့် စစ်ပြီးစ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဘုရင်ခံ အမှုဆောင်ကောင်စီအစိုးရ အဖွဲ့ဝင်ဝန်ကြီးဟောင်း ဖြစ်သည့်အပြင် သူရိယ သတင်းစာကြီးကို စတင် တည်ထောင်ခဲ့သူ တစ်ဦးဖြစ်သော ဦးဘဖေ (ဘကြီးဘဖေ) စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်တို့တွင် အစိုးရပြန်ကြားရေးဌာန၌ သတင်းထောက် လုပ်ကိုင်နေသော ဝံသာနုခေတ် သတင်းစာဆရာ ဦးပုကလေး (ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ စာအုပ်ရေးသားသူ) စသော

www.burmeseclassic.com



ပုဂ္ဂိုလ်များနှင့် မကြာခဏ တွေ့ဆုံရ၍ ထိုပုဂ္ဂိုလ်ကြီးများထံမှ သူတို့ကိုယ်တွေ့ ဝံသာနုခေတ်မှအစ မြန်မာ စာနယ်ဇင်းလောက အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန် ရေးသားတင်ပြချက်များ စသည်တို့ကို နာယူမှတ်သားခဲ့ရသဖြင့် အဖိုးတန်သော မြန်မာ စာနယ်ဇင်း ဗဟုသုတများ ရရှိခဲ့ပါသည်။ သင်ခန်းစာယူစရာ အလွန်ကောင်းသော ဗဟုသုတများဖြစ်၍ စာနယ်ဇင်းဆရာများ အတွက် ဆင်ခြင်စရာ၊ ကြံစည်တီထွင်စရာများစွာ ရရှိလိုက်ပါသည်။

အလျဉ်းသင့်၍ ကျွန်တော်တို့ လူငယ် သတင်းထောက်များနှင့် အတူလုပ်ကိုင်ခဲ့သော ဝံသာနုခေတ် သတင်းစာဆရာကြီး ဦးပုကလေး အကြောင်းကို ဖော်ပြလိုပါသည်။

## သတင်းထောက်ကြီး

ဦးပုကလေးသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ သူရိယသတင်းစာ အုပ်စုကွဲသွား၍ သူရိယမှ ခွဲခွာလာပြီး အစိုးရပြန်ကြားရေးဌာနတွင် သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ပြန်ကြားရေး ဝန်ကြီးဌာန သတင်းထောက်တာဝန်ဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီ ဒုတိယ သဘာပတိ ဗိုလ်ချုပ်အောင်ဆန်း ပြည်တွင်းခရီးသွားလေရာသို့ လိုက်ပါ၍ ဓာတ်ပုံရိုက် သတင်းယူခဲ့သည်။ ဦးပုကလေးသည် ဝံသာနုခေတ် နိုင်ငံရေးတွင် အတော်စွမ်းဆောင်နိုင်ခဲ့သော သတင်းစာဆရာ တစ်ဦးဖြစ်သည်။

www.burmeseclassic.com



ထိုခေတ်က မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်လာသော ဗြိတိသျှ အိမ်ရှေ့စံ ဝေလမင်းသားအား မြန်မာနိုင်ငံမှ ကိုလိုနီအစိုးရ အရာရှိကြီးများနှင့် အရာရှိကတော်များ၊ အရပ်သား အလိုတော်ရိများက ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပြီး မျက်နှာလိုအားရ ဧည့်ခံကြသည်။

## သရော်စာရေးခဲ့

ကိုလိုနီအစိုးရကို ဆန့်ကျင်သော သတင်းစာဆရာ ဦးပုကလေးသည် ဝေလမင်းသားအား မျက်နှာလိုအားရပြုသူများကိုပြက်ရယ်ပြု၍ပညာ့အလင်းသတင်းစာတွင်သရော်စာရေးခဲ့သည်။ဝေလမင်းသားပြန်သွားသဖြင့် မျက်နှာလိုအားရပြုသော အရာရှိကတော်များ၊ အရပ်သား အလိုတော်ရိ အမျိုးသမီးများမှာ လွမ်းဆွတ်ပူဆွေးတမ်းတပြီး ရွှေမျက်ရည်ဝဲ၍ကျန်ခဲ့ကြောင်း၊ထို့ကြောင့် ဝေလမင်းသား မြန်မာနိုင်ငံသို့ နောက်တစ်ခေါက်ပြန်လာနိုင်ရန် ရတနာဒီပံ ဆေးဖယောင်းတိုင်များထွန်း၍ ခါတ်ရိုက်ခါတ်ဆင်ပြုလုပ်ပြီး စောင့်မျှော်လျက်ရှိကြကြောင်း စသည်ဖြင့် ပြက်ရယ်ပြုရေးသားခဲ့သည်။ ထိုသရော်စာကြောင့် ကိုလိုနီအစိုးရက ဦးပုကလေးအား Act-2 (အက်တူး) ဖြင့် နယ်နှင်ဒဏ်ပေးလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ထိုသို့ ဝံသာနုခေတ်နိုင်ငံရေးတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့သော သတင်းစာဆရာကြီး ဦးပုကလေးအား ခရီးသွားခိုက် ဝံသာနုခေတ်နိုင်ငံရေး အဖြစ်အပျက် အတွေ့ အကြုံများ ကို မေးမြန်း၍ နိုင်ငံရေး ဗဟုသုတများကို ရှာဖွေစုဆောင်းခဲ့ကြောင်း

www.burmeseclassic.com



ဦးပုကလေးက ပြောပြဖူးသည်။

## လိုက်ပါစမြဲ

၁၉၄၉ ခုနှစ်က ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲစော်ဘွားကြီးစဝ်ကျော်ဟိုး၏ဈာပန အခမ်းအနားနှင့် ရှမ်းပြည်နယ်တောင်တန်းသားများ စည်းလုံး ညီညွတ်ရေးအဖွဲ့ချုပ် (ရတစည) ညီလာခံကို မိုးနဲမြို့၌ တစ်ဆက်တည်းကျင်းပရာ ဦးပုကလေးသည် ပြန်ကြားရေးဌာန သတင်းထောက်တာဝန်ဖြင့် လိုက်ပါလာသည်။ ကျွန်တော်မှာ မြန်မာပြည် သတင်း ထောက်များ အသင်း ကိုယ်စားလှယ်အဖြစ် တက်ရောက် ရ၍ ဦးပုကလေးနှင့် ကျွန်တော်သည် ညစဉ် ပွဲဈေးတန်းထိုင်ကြသည်။ ဦးပုကလေးထံမှ အတွေ့ အကြုံ ဗဟုသုတများ ကြားနာခဲ့ရသည်။

## ကွယ်လွန်ခဲ့ရရှာ

ဦးပုကလေးသည် ထိုစဉ်က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ မြစ်ဝကျွန်းပေါ် ခရီးလှည့်လည်ရာသို့ လိုက်ပါသွားစဉ် သင်္ဘောပေါ်၌ ထိုစဉ်က ဝန်ကြီးချုပ်၏ ကိုယ်ရံတော် ဗိုလ်ကြီးစိုးမြင့်၏ သေနတ်ကျည်ဆန် မတော်တဆထွက်သွားသဖြင့် ဦးပုကလေးအား ထိမှန်၍ ဆေးရုံကြီးအရောက်တွင် ကွယ်လွန်သွားခဲ့ရရှာသည်။

ကျွန်တော်တို့ သတင်းထောက်ဖြစ်သည့် အချိန်မှာ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်နေဝင်တော့မည့် ညနေဆည်းဆာအချိန် ဖြစ်ပါသည်။ ကိုလိုနီအုပ်ချုပ်ရေး အရှိန်

www.burmeseclassic.com



တော့ မလျော့သေးပါ။ နေရာတကာ၌ အုပ်စိုးသူတို့၏ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားများ တွင်ကျယ်လျက်ရှိသေးသည်။

ပုလိပ်ရုံး(ရဲ) မှုခင်းခန်း၌ မှုခင်းသတင်းကအစ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်။ တရားရုံး၊ အတွင်းဝန်များရုံး၊ လွှတ်တော်စသော အစိုးရရုံးတို့၏ ရုံးသုံးစာသာမက ဌာနအမည်များ၊ အရာရှိဝန်ထမ်း အမည်များ၊ ရာထူး စသည်များတို့ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လောက တွင်လည်း အင်္ဂလိပ်ဘာသာပင် အသုံးပြုကြသည်။ မြန်မာနိုင်ငံသား၊ မြန်မာတိုင်းရင်းသား အများစုကပင် အင်္ဂလိပ်လိုပြော၍ အင်္ဂလိပ်လို ရေးသားနေကြသည်။ မြန်မာ စကားပြောရာတွင် အင်္ဂလိပ်စကားလုံးကို လှိုင်လှိုင် ထည့် ၍ ပြောဆိုနေကြသည်။ ဘောလုံးပွဲစသော အားကစားများ၌လည်း မြန်မာစကားလုံး၊ မြန်မာဝေါဟာရ မသုံးသေးဘဲ အင်္ဂလိပ်ဝေါဟာရများသုံးနှုန်းနေကြသည်။

## အင်္ဂလိပ်ဘာသာ

ထိုသို့ သူ့ခေတ်နှင့်သူ တွင်ကျယ်နေသော အင်္ဂလိပ် ဘာသာကို သတင်းထောက် များကလည်း အမီလိုက်၍ လုပ်ငန်းတွင်ကျယ်အောင် လုပ်ခဲ့ရသည်။ ကျွန်တော်တို့ သတင်းထောက်များသည် မြန်မာစာဖြင့် သတင်းရေးသားနိုင်ရန် သတင်းလိုက်ယူရာတွင် အင်္ဂလိပ်လို မှတ်သားခဲ့ရသည်။ ထို့ကြောင့် သတင်းထောက်ပေါက်စများ မှာ ရုံးသုံး၊ ဌာနဆိုင်ရာ သုံး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသော ဆိုင်ရာဆိုင်ရာတွင် သုံးနှုန်းသော အင်္ဂလိပ်

www.burmeseclassic.com



ဘာသာ စကားကိုလည်း နားလည်တတ်ကျွမ်း၍ အင်္ဂလိပ် ဘာသာ ဝေါဟာရများ ဗဟုသုတ တိုးပွားခဲ့ရသဖြင့် အကျိုးထူးများ ရရှိခဲ့သည်။

ထို့ပြင် ကိုလိုနီအုပ်ချုပ်ရေး အသုံးအနှုန်း အလေ့အထ တစ်မူထူးခြားချက်များလည်း နားလည်ခဲ့ရပါသည်။ ဥပမာ - ပညာမင်းကြီး (ပညာရေးဌာန ညွှန်ကြားရေး ဝန်) ကို Director of Education ဟု မသုံးဘဲ Director of Public Instruction ဟူ၍ သုံးနှုန်းခြင်းမျိုး ဖြစ်ပါသည်။ ကျွန်တော်တို့ စာနယ်ဇင်းများနှင့် ဆက်သွယ်နေရသော ပြန်ကြားရေးဌာန ညွှန်ကြားရေး ဝန်ကိုပင် Director of Information ဟု မသုံးဘဲ၊ Director of Public Relation ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးဝန်ဟု သုံးနှုန်း ထားသည်။

ခေတ်နှင့် လိုက်လျောညီထွေ အသုံးအနှုန်းများ၊ အင်္ဂလိပ်ဘာသာစကားများ တတ်ကျွမ်းနားလည်ခဲ့ရ၍ ဗဟုသုတမျိုးစုံ ရရှိခဲ့သဖြင့် စစ်ပြီးစ သတင်းထောက် ပေါက်စများ ကံကောင်းခဲ့ကြသည်ဟု ဆိုခြင်းဖြစ်ပါသည်။

## မျက်စိလည်ခဲ့ရ

ထိုခေတ်က လွှတ်တော်ဥက္ကဋ္ဌ၊ သဘာပတိတို့ကို အင်္ဂလိပ်ဝေါဟာရဖြင့် (The Speaker) ဟု သုံးနှုန်းခဲ့ပါသည်။ ပါတီကောင်စီခေတ်တွင် အစည်းအဝေးများ၌ အဆိုပါ (စပီကာ) ဆိုသော အင်္ဂလိပ်ဝေါဟာရကို သုံးနှုန်းသံ ကြားမိ၍ အစည်းအဝေးသဘာပတိကို ခေါ်ဝေါ်ခြင်း ဖြစ်မည်ဟု ယူဆမိခဲ့ပါသည်။ ထိုသို့မဟုတ်ဘဲ ကျွန်တော့် အယူအဆ လွဲမှားခဲ့ပါသည်။ ပါတီကောင်စီ အစည်း

www.burmeseclassic.com



အဝေးများတွင် အဆိုသွင်းထောက်ခံစသော အစည်း အဝေး၌ စကားပြောရန် သတ်မှတ်ထားသူအား (စပီကာ) ဟု ခေါ်ဝေါ်သုံးနှုန်းခြင်း ဖြစ်သည်ကို သိရှိခဲ့ရ၍ မျက်စိ လည်ခဲ့ရပါသည်။ တိုက်ရိုက် အမိပ္ပါယ်ကောက်၍ သုံးနှုန်း ခြင်းဖြစ်သည်ဟု နားလည်ခဲ့ရပြန်ပါသည်။

အင်္ဂလိပ်စာ သင်ကြားရာတွင်ပင် (K) ကို (ကေ) ဟု အသံထွက် နေရာမှ (ခေ) ဟု အသံထွက် ပြောင်းလဲ လိုက်သဖြင့် သူ့ခေတ်နှင့်သူ ပြောင်းလဲသုံးနှုန်းမှုများ ကိုလည်း ဗဟုသုတ တိုးပွားရပြန်သည်။

သတင်းထောက်များသည် အပြောင်းအလဲမြန်သော ခေတ်ကြီးနှင့်အတူ အမီလိုက်ခဲ့ရပါသည်။ "မေးပါ များ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက် ရှည်" ဆိုသည့် ဒုတိယ တကောင်းမင်းဆက် ဘုရင်တစ်ပါး ဖြစ်သော နဂါးနိုင်မင်း မောင်ပေါက်ကျိုင်း၏ ထုံးကို နှလုံး မူ၍ တစ်သဝေမတိမ်း လိုက်နာကာ လမ်းသလားနေခဲ့ရ သည်။ မျက်စိရှင်နားပါးရပါသည်။

## လက်နက်ပုန်းပေါ်များ

လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လက်ဝဲလက်ယာ နိုင်ငံရေး လှိုင်းတံပိုးထမှုများ၊ လူတန်းစား အလွှာအသီးသီး တို့၏ အရေးဆိုမှုများ၊ စစ်ပြီးစဖြစ်၍ လက်နက်ပုန်း ပေါ များသဖြင့် တစ်ကိုယ်တော် လက်ရဲဇက်ရဲ လူစွမ်းကောင်း များ၏ အစွမ်းပြမှုများ၊ လူဆိုးဓားပြ တောကြောင်တို့၏ ထကြွမှုမျိုးစုံ၊ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေသည်။ ထို့ကြောင့် အသွင်ဆန်း၊ အမြင်ဆန်းများ တွေ့ရှိလျှင်. . .

www.burmeseclassic.com



ဟောသံ. . . ပြောသံ. . . ကြွေးကြော်သံများနှင့် ဗုန်းသံ၊ အမြောက်သံ၊ သေနတ်သံများ ကြားရလျှင် မဆိုင်းမတွပင် ဖြစ်သည့်နေရာသို့ အပြေးအလွှား ရောက်အောင်သွားရသည်။

တားဆီးထားပါက ဖြစ်သည့်နည်းဖြင့် သတင်းရအောင် ယူဖို့ကြိုးစားရသည်မှာလည်း မလွယ်လှပါ။ သတင်းဖြစ်လာလျှင် သတင်းရအောင် ယူရမည်မှာ သတင်းထောက်တို့၏ မဟာတာဝန်ဖြစ်သည်။ သတင်းတိကျဖို့၊ သေချာဖို့တော့ အထူးလိုအပ်သည်။ ဘယ်နည်းဖြင့် သတင်းရနိုင်မည်ကို တွေးတော ကြံဆရသည်။ သတင်းထောက်တို့တွင် သတင်းရဖို့ ကြံရည်ဖန်ရည် အများကြီး လိုအပ်ပါသည်။

## သတိထားရ

သတင်းစာတွေ ယှဉ်ပြိုင်နေရသော ခေတ်ကြီးတွင် သတင်းထောက်တို့၏ သတင်းယူရဖို့ အရည်အချင်းမှာ တော်ရုံတန်ရုံဖြင့် မဖြစ်နိုင်ပါ။ လူလည်ဖို့ထက် အကင်းပါးပြီး ပါးနပ်လိမ္မာ၍ နှံ့စပ်ဖို့ အရေးကြီးပါသည်။ ဆင်ခြင်တုံ တရားလည်း မလွတ်အောင် သတိထားရပါသည်။ မတိကျ မရေရာဖြင့် လောကြီးလျှင် သတင်းလွဲမှားတတ်သည်။ ဖြေရှင်းချက်ရောက်လာမည်မှာ မလွဲပင်။ နောက်က ဖြေရှင်းချက် လိုက်လာတတ်သော သတင်းထောက်မျိုး မဖြစ်အောင် အရာရာတွင် သတိထားဆင်ခြင်၍ သတင်းလိုက်ပြီး သတင်းရေးခဲ့ရပါသည်။

www.burmeseclassic.com



သတင်းပါမလာသည်က အရေးမကြီးပါ။ ဖြေ ရှင်းချက် ရောက်လာလျှင် သတင်းထောက်၏ သိက္ခာ၊ သတင်းစာ၏ သိက္ခာ အလွန်ထိခိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သတင်းထောက်ဘဝက အအိပ်အနေနည်း၍ စားချိန် မမှန်၊ တစ်ရုံမလပ် ကြိုးစားခဲ့ရပါသည်။

သတင်းစာတွေ ယှဉ်ပြိုင်ကြိုးစားကြ၍ သတင်းတွေ အပြိုင်ရေးသားနိုင်ခဲ့ရသည်မှာ သတင်းထောက်၏အစွမ်း သတ္တိပင် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၉၅

## မန္တလေးသို့ ခရီးတစ်ခေါက်

ရတနာပုံနေပြည်တော် မန္တလေးဆီသို့ မကြာခဏ ရောက်လေ့ရှိသော်လည်း အငြိမ်းစားယူပြီး နောက်တွင် အစစအရာရာ မလွယ်ကူ၍ သုံးလေးနှစ်မှ တစ်ကြိမ်သာ ရောက်တတ်ပါသည်။

သည်တစ်ခေါက် မန္တလေးသို့ အလည်ရောက်နေသည်မှာ 'အရီးတောင်း ဦးကျော်သိန်း' ၏ ကောင်းမှုဖြစ်ပါသည်။ အလည်လာရန် ဖိတ်ခေါ်နေသည်မှာ အကြိမ်ကြိမ် အခါခါ ရှိပါပြီ။ "လာရင်ကြိုပြောပါ။ ဘူတာကို ကိုယ်တိုင်ဆင်းကြိုမယ်၊ သူ့ဆီမှာပဲ တည်းရမယ်၊ ကြိုက်တာစားရမယ်၊ လည်ရပတ်ရမယ်" ဆိုသော လိုလေသေးမရှိ ပြုစုမည့် အစီအစဉ် အမျိုးမျိုးကိုလည်း ပြောလိုက်ပါသေးသည်။

"ဒီနှစ်တော့ သွားကြရအောင်" ဟုဆိုပြီး ရန်ကုန် ဦးကျော်စိန်က အစီအစဉ်လုပ်သည်။ ဒေးဒရဲ ကိုမြတ်ဆွေလည်း လိုက်မည်ဆိုသည်။ သို့ဖြင့် ကျွန်တော်တို့ သုံးယောက် ဦးကျော်သိန်း၏ ဧည့်သည်အဖြစ် မန္တလေးသို့ အလည်တစ်ခေါက် ရောက်သွားခဲ့သည်။

www.burmeseclassic.com



ဦးကျော်သိန်းအား ချမ်းသာကြွယ်ဝမှ သိက္ခမ်း ရသည်မဟုတ်ပါ။ ဒုတိယကမ္ဘာစစ်ကြီးပြီးစ အလွန်ချို့တဲ့သော ငယ်ဘဝကပင် ရင်းနှီးခဲ့ပါသည်။ ကျွန်တော်၊ ရန်ကုန်သတင်းစာ ဦးကျော်စိန်နှင့်အတူ သတင်းထောက် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ဖြစ်၍ ရန်ကုန်မြို့လုံးပတ်လည် စက်ဘီးကိုယ်စီစီးကာ သတင်းရှာဖွေခဲ့ကြပြီး အပြိုင်အဆိုင် လုပ်ကိုင်ခဲ့ရသူများလည်း ဖြစ်သည်။

ဦးကျော်သိန်းသည် စစ်ကိုင်းတိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်ကျေးရွာ ဇာတိဖြစ်၍ မြန်မာနိုင်ငံရေးလောက၌ ထင်ပေါ်ကျော်ကြားသူ ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သော ကွယ်လွန်သူ သခင်လေးမောင်၏ တူအရင်းဖြစ်သည်။

စစ်ကြီးပြီးစ ကျွန်တော်လုပ်ကိုင်ခဲ့သော ဗဟန်းကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် (၅၈) ရှိ မြန်မာ့အလင်းသတင်းစာတိုက်၏ နောက်ဘက်ကပ်လျက်ရှိသော ကိုလိုနီခေတ်အခေါ် ချာချီအဲဗင်နျူး၊ နောင် ဒေါက်သာဘသန်းလမ်း၊ နောင် ဆရာခိုကျောင်းလမ်းတွင် သခင်လေးမောင်၏ညီ သခင်ခင်မောင် တည်ထောင်ထုတ်ဝေသော လွတ်လပ်ရေးသတင်းစာတွင် ဦးကျော်သိန်းသည် ကြော်ငြာလိုက်ယူ၊ သတင်းစာပို့၊ စာစီ/စာရိုက်စသည်ဖြင့် အောက်ခြေသိမ်းလုပ်ကိုင်ခဲ့သည်။

သခင်ခင်မောင်သည် လွတ်လပ်ရေး သတင်းစာ မထုတ်ဝေမီ ဗဟန်းဈေးအနီး ကြားတောရလမ်းတွင် အလင်းရောင်စာပေတိုက်ဟု စာနယ်ဇင်း အရောင်းဆိုင်ဖွင့်လှစ်ပြီး ဂျာနယ်ကျော်မှအစ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် လုံးချင်းစာအုပ်များအတွက် ရန်ကုန်

www.burmeseclassic.com



လက်ကားကိုယ်စားလှယ် လုပ်ကိုင်ခဲ့သဖြင့် ကျွန်တော်နှင့် သိကျွမ်းရင်းနှီးခဲ့ခြင်းဖြစ်ပါသည်။

## လွတ်လပ်ရေးသတင်းစာ

ဂျပန်တစ်ခေတ်လုံး စာငတ်ပေငတ် ဖြစ်နေသော စာဖတ်ပရိသတ်များ အားရပါးရ စာဖတ်နိုင်ရန် ဖြည့်ဆည်းပေးရာတွင် လွတ်လပ်ရေးသတင်းစာလည်း တစ်စောင်အပါအဝင်ဖြစ်၍ ထုတ်ဝေစတွင် အလွန်ရောင်းကောင်းသော သတင်းစာတစ်စောင် ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ အဖွဲ့ကြီးအား မြန်မာတစ်နိုင်ငံလုံးက ထောက်ခံအားပေးနေချိန်တွင် သခင်လေးမောင်သည် လွတ်လပ်ရေးသတင်းစာ ခေါင်းကြီးပိုင်းမှနေ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ကြီးအား ဆန့်ကျင်၍ အတိုက်အခံပြုရေးသားသည်။ ထို့ကြောင့် အရှိန်ရနေသော လွတ်လပ်ရေးသတင်းစာသည် စောင်ရေတလိမ့်ခေါက်ကွေး ထိုးကျသွားတော့သည်။ စာနယ်ဇင်းလောကတွင် စောင်ရေတစ်စောင်တိုးရန် ခက်ခဲလှသော်လည်း စောင်ရေ ၁၀၀၀ ကျဆင်းသွားဖို့ရာမှာ အလွန်လွယ်ကူ၍ မြန်ဆန်လှပါသည်။

ထို့ကြောင့် သခင်ခင်မောင်နှင့် ဦးကျော်သိန်းတို့က သခင်လေးမောင်အား အတိုက်အခံပြု မရေးသားရန် တိုက်တွန်းပြောဆိုကြသည်။ သို့သော် ၎င်းက လက်မခံဘဲ နိုင်ငံရေးကို မင်းတို့နားမလည်ပါဘူးဟုဆိုကာ အတိုက်အခံပြု ရေးမြဲရေးသည်။ ထိုသို့ အတိုက်အခံပြု ရေးသားမှုကြောင့် လွတ်လပ်ရေးသတင်းစာ၌ လုပ်နေသူ ဦးကျော်

www.burmeseclassic.com



သိန်းမှာ သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခံရ၍ ယာဘက်အပေါ် မျက်စတွင် ရှပ်ပြီးထိမှန်သဖြင့် ယခုတိုင် ကျည်စများ မျက်ခွံထဲ၌ ကျန်နေသေးသည်။ ထိုစဉ်က ဦးကျော်သိန်းသည် တာဝါလိန်း ဗိုလ်ချုပ်အောင်ဆန်း အိမ်အနီးရှိ ဦးလေးတော်သူ သခင်ခင်မောင်၏ နေအိမ်တွင် နေထိုင်၍ သတင်းစာတိုက်သို့ အသွားတွင် ချောင်မြောင်း ပစ်ခတ်ခံရခြင်းဖြစ်သည်။

"အဲဒီနေ့က ဂျူနိဦးစောက မြေနီကုန်းမှာ သေနတ်ပစ်ခံခဲ့ရပြီး ဆေးရုံကဆင်းတဲ့နေ့၊ ကျွန်တော်က သေနတ်ပစ်ခံရလို့ ဆေးရုံစ,တက်တဲ့နေ့၊ အမှတ်တရပဲ" ဟု ဦးကျော်သိန်းက အတိတ်အကြောင်းကို ပြန်လည် ပြောပြသည်။

လွတ်လပ်ရေးသတင်းစာ ခေါင်းကြီးပိုင်းမှ သခင်လေးမောင်၏ အတိုက်အခံပြု ရေးသားမှုကို စာဖတ်ပရိသတ် လက်မခံတော့သဖြင့် သတင်းစာလည်း ဆက်လက် မထုတ်ဝေနိုင်ဘဲ ပြုတ်သွားတော့သည်။

## အိုးဝေသတင်းစာတွင်

သခင်ခင်မောင်ကလည်း ရွာပြန်သွားတော့ ကျွန်တော်လည်း ငတ်တော့တာပေါ့ဗျာ။ ဒါကြောင့် လွတ်လပ်ရေးသတင်းစာက ထွက်ခဲ့ပြီး အိုးဝေသတင်းစာမှာ ကြော်ငြာမန်နေဂျာ လုပ်နေတဲ့ ဦးမောင်ကြီးဆီ သွားကာ အလုပ်တောင်းရတယ်။ အိုးဝေမှာ တစ်လ ၆၅ ကျပ်ရတဲ့ အကြွေးလည်တောင်းရတဲ့ အလုပ်ရတယ်။ ဆောင်းပါးလည်း လေး,ငါးပုဒ်ရေးမိတော့ အိုးဝေသတင်းစာပိုင်ရှင်နဲ့ အယ်ဒီတာချုပ် ဦးညိုမြက သတင်းထောက်လုပ်ကွာဆို

www.burmeseclassic.com



ပြီး ခန့်လိုက်တယ်။ နောက်ပိုင်းကျတော့ အိုးဝေကလည်း လခမမှန်တော့လို့ ငတ်ပြန်ရော။ ထမင်းတစ်နပ် ငါးမူး (ယခုပြား၅၀)ကို ဝယ်မစားနိုင်ဘူး။ ဖရေဇာလမ်း (ယခု အနော်ရထားလမ်း) နဲ့ ဆူးလေဘုရားလမ်းထောင့်က ကုလားပဲပြုတ် တစ်မူးဖိုးနဲ့ ရေခွေးကြမ်းတစ်အိုးဟာ ထမင်းတစ်နပ်ပဲ။ အငတ်ခံပြီး သတင်းရှာ၊ ဓာတ်ပုံရိုက် လုပ်ခဲ့ရတယ်။ အဲဒီတုန်းက ဖဆပလကို အတိုက်အခံပြု အရွေးခံတဲ့ ဘကြီးဘဖေ မဲလာပေးတဲ့ သတင်းဓာတ်ပုံကို နေးရှင်းသတင်းစာတိုက် သွားရောင်းတော့ တစ်ပုံကျပ် ၅၀ ရခဲ့တာ အခုထိ မှတ်မှတ်ရရ ရှိနေတုန်းပဲ။ ပုဇွန် တောင်မှာနေတော့ အိမ်လခကျပ် ၃၀ ပေးရတဲ့အခန်းကို အိုးဝေမှာ အတူလုပ်ကြတဲ့ ဦးသော် (ကြေးမုံသတင်းစာ အထွေထွေမန်နေဂျာ အငြိမ်းစား)နဲ့ စပ်တူငှားနေခဲ့ရ တယ်ဟု ဦးကျော်သိန်းကစကားဆက်သည်။

ကျွန်တော်တို့ကို ဦးကျော်သိန်းက ကိုယ်ပိုင် မော် တော်ကားကို ကိုယ်တိုင်မောင်းပြီး မန္တလေးဘူတာကြီးသို့ လာကြိုခဲ့ပါသည်။ အရှေ့ပြင် ရဲသိပ္ပံရှေ့ရှိ သူ့တိုက်တွင် တည်းခိုရန် နေရာချထားပေးပြီး နေထိုင်စားသောက်မှု လိုလေသေးမရှိ စီစဉ်ပေးသည်။

ဧည့်ခန်းနံရံတွင် ဂျပန်ခေတ် မင်္ဂလာဒုံ စစ်တက္က သိုလ် မူလတန်းစစ်ကျောင်း ယောနင်းဂတ်ကော (လေးနှစ် သင်ရသောကျောင်း) ပထမပတ်သင်တန်းသား စစ်ဝတ်စုံ ဖြင့် ရိုက်ကူးထားသောဓာတ်ပုံ၊ ပထမပတ်သင်တန်း၌ ပထမဆု (Best Cadet) နာရီဆုရပြီး၊ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်မှတ် ရေးထိုးပေးသော သင်တန်းဆင်းလက်မှတ်တို့ကို မှန်

www.burmeseclassic.com



ဘောင်သွင်း၍ ချိတ်ဆွဲထားသည်။ နိုင်ငံ့ဂုဏ်ရည် ဒုတိယ အဆင့် ချီးမြှင့်ခံရစဉ်က ရိုက်ကူးထားသော ဓာတ်ပုံကို လည်း ခံ့ညားစွာ တွေ့ရသည်။

## မသေမပျောက်

“ငယ်ငယ်က တောမှာနေခဲ့တယ်။ နိုင်ငံရေးကို စိတ်ပါဝင်စားလာတော့ ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည် အတွက်ဆိုတဲ့ စိတ်နဲ့ စစ်မြေပြင်မှာ ကျင်လည်ခဲ့တယ်။ မသေမပျောက် စစ်မြေပြင်က ခွာလာတော့လည်း ဘဝ တွေက စုံခဲ့တယ်”

နံနက်စာ စားသောက်ပြီးနောက် ဧည့်ခန်းတွင် စကားလက်ဆုံကျကာ ငယ်ဘဝ အတွေ့အကြုံများကို ဖြစ် ကြောင်းကုန်စင် ပြောပြသည်။

ကျွန်တော်ငယ်ငယ်ကတည်းက နိုင်ငံရေးစိတ်ပဲ ရှိတယ်။ ၁၉၂၄ ခုနှစ်မှာ မွေးတယ်။ အဖေ ဦးမောင်ကြီးရဲ့ ညီအရင်းတွေက သခင်လေးမောင်နဲ့ သခင်ခင်မောင်တို့ ဆိုတော့ နိုင်ငံရေး စိတ်သန်တာပေါ့။ သူတို့အတွေးအခေါ် တွေက လွှမ်းမိုးခဲ့တယ်။ ငယ်ငယ်နဲ့ပဲ တို့ဗမာအစည်းအရုံး ရဲ့ ဗမာ့လက်ရုံးတပ်မှာ ပါဝင်ခဲ့တယ်”

တို့ဗမာအစည်းအရုံးဝင် လက်မှတ်ကိုလည်း မှန်ဘောင်သွင်း၍ နံရံ၌ ချိတ်ထားသည်ကို တွေ့ရသည်။

“အဖေက ကျွန်တော် နှစ်တန်းလောက်မှာ ဆုံးတယ်။ အမေဒေါ်လှိုင်က ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ တယ်။ အဖေနဲ့အမေတို့က လယ်ဧက ၁၅၀ လောက်နဲ့ ကိုင်းမြေ ၇၅ ဧကလောက်ရှိကြတယ်။ အဖေဆုံးတော့ လယ်တွေကို ဟုတ်တိပတ်တိ မချုပ်ကိုင်နိုင်ဘူး။ စီးပွားရေး

www.burmeseclassic.com



တအားကျ သွားလို့ အတော်ရှန်းကန်ရတယ်။ ကျွန်တော်က သားချင်း ထဲမှာ အကြီးဆုံးဆိုတော့ ကျောင်းနေရင်း လယ်ထဲ ယာထဲမှာ ပါရတော့တာပဲ။ ကျွမ်းကျင်သူနဲ့ လယ်ပိုင်ရှင်နဲ့ လယ်ပွဲကို အကဲဖြတ်ပြီး တစ်ဧက တင်း ၆၀ ထွက်တယ်မှန်းရင် တင်း ၃၀ ကို လယ်ရှင်ကယူတဲ့ စနစ်ရှိသေးတဲ့ အချိန်ပါ"

## နိုင်ငံရေးစိတ်ဓာတ်

"နိုင်ငံရေးစိတ်ဓာတ်ကလည်း ပြင်းထန်လို့ ၁၉၄၁ ခုနှစ်မှာ ချောင်းဦးက လာဖမ်းတော့ ကျွန်တော်တို့ ထွက်ပြေးကြရတယ်။ ဦးလေးကြီး သခင်လေးမောင် ဘီအက်စီအောင်ပြီး မုံရွာ ဗုဒ္ဓဘာသာကျောင်းမှာ ဆရာလုပ်နေတုန်း ရန်ကုန် တို့ဗမာအစည်းအရုံးက သခင်ထွန်းအုပ်၊ သခင် ဗရှိန်၊ သခင်ဘသောင်းတို့က လှမ်းခေါ်တာလည်း မှတ်မိပါတယ်"

"အဖေက သူ့ညီသခင်လေးမောင်ကို သိပ်ချစ်တယ်။ သူသွားချင်တာရှိရင် လှည်းယာဉ်ကျော့ကျော့နဲ့ လိုက်ပို့ရအောင် အိမ်မှာ ဥသြနဲ့ ကျီးညိုဆိုတဲ့ နွားတစ်ရှည်းကို အရန်သင့်ထားတယ်။ အိုးဝေဦးညိုမြနဲ့ သူ့အစ်ကို အိုင်စီအက်စ် ဦးစိုးတင့်ကလည်း ကျွန်တော်တို့ အမြင့်ရွာကဆိုတော့ ကောလိပ်ကို သွားတဲ့အခါမှာ ရွာကခြောက်မိုင်လောက်ဝေးတဲ့ ချောင်းဦးဘူတာကို အပြိုင်လိုက်ပို့ကြတာပေါ့။ ဦးညိုမြတို့အဖေက မင်းတိုင်ပင်အမတ်ပါ။ ဦးစိုးတင့်အရေးပိုင်အဖြစ် ရောက်လာတဲ့နေ့မှာပဲ သခင်လေးမောင်က ရွှေဘိုမှာ နိုင်ငံရေးနဲ့ အဖမ်းခံရတယ်"

www.burmeseclassic.com



"ကျွန်တော် ကိုးတန်း၊ ဆယ်တန်းအရောက်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တယ်။ ၁၉၄၂ ခု ဂျပန်ခေတ်မှာ ရန်ကုန်ရောက်တယ်။ ရန်ကုန်မရောက်ခင် ကျေးရွာ ဘီအိုင်အေတပ်မှာ ရုံးအဖွဲ့မှူးသဘောမျိုးနဲ့ လက်နှိပ်စက် ရိုက်တာကအစ တောက်တိုမယ်ရ လုပ်ခဲ့ရတယ်။ ရန်ကုန် ရောက်တော့ ဂျပန်စာသင်ကျောင်းမှာ ကျောင်းတက်နေ တုန်း ၁၉၄၃ ခုနှစ်မှာ မင်္ဂလာဒုံစစ်တက္ကသိုလ် မူလတန်း ကျောင်း ပထမပတ်ဖွင့်တယ်။ အသက် ၁၄ နှစ်က ၁၆ နှစ်အထိ ခုနစ်တန်းအောင်ရင် တက်လို့ရတယ်။ ဂျပန်လို ယောနင်းဂတ်ကော လို့ခေါ်တယ်။ မြန်မာလိုဆိုရင် လေး နှစ်သင်တန်းကျောင်းပေါ့။ အဲဒီအချိန်တုန်းက ဗိုလ် သင်တန်း ပထမပတ်က ကျောင်းမဆင်းသေးဘူး"

"ကျွန်တော်က မုတ်ဆိတ်ဗိုလ်မှူး သိန်းဟန် (စစ် ဝန်ကြီးရုံး အထွေထွေဌာနကြီးမှူး)နဲ့ ဗိုလ်ကြီးသာဝင်း (စစ်ဝန်ကြီးရုံး ဗျူဟာမှူး၊ ယခုဗျူဟာမှူးတာဝန်မျိုးမဟုတ်၊ Nauti လို့ တပ်မတော်သက်သာ ချောင်ချိရေးဆိုင်ခေါ် ဗျူဟာဆိုင်မှူးဖြစ်သည်။ နောင်အခါ ခင်မမအင်ဆန်း ကုမ္ပဏီပိုင်ရှင် သူဌေး ဦးသာဝင်းဖြစ်သည်) တို့ရဲ့ ထောက် ခံချက်နဲ့ လျှော်လွှာတင်လိုက်တယ်။ လျှောက်လွှာပေါင်း သုံးထောင်ကျော်မှာ ဆေးစစ်အောင်တဲ့ တစ်ထောင်ကျော် ရေးဖြေ,ဖြေကြရတယ်"

## တော်မှာ။ သေမှာနော်

လူတွေ့စစ်တဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်း (စစ်ဝန်ကြီးနှင့် စစ်သေနာပတိ) ဗိုလ်လက်ျာ (စစ်ဝန်ကြီး

www.burmeseclassic.com



ရုံး ဖွဲ့စည်းရေးဌာနကြီးမှူး)နဲ့ ဗိုလ်စကြော်တို့ပါတယ်။ သူတို့က မင်းတို့ဝတ်မှာ၊ သေမှာနော်၊ စဉ်းစားပြီးမှ လုပ်ကြလို့ အင်တာဗျူးမှာ ပြောတယ်။ ကျွန်တော်တို့ကလည်း စဉ်းစားပြီးပါပြီ၊ လုပ်ပါမယ်လို့ ပြောလိုက်တယ်။ လူသုံးဆယ် ရွေးတဲ့အထဲ ကျွန်တော်ပါသွားတယ်”

“ဂျပန်တွေအားလုံး အုပ်ချုပ်နေတုန်းကတော့ ကျောင်းအုပ်ကြီးက ဂျပန်စစ်ဗိုလ်ပေ့ါ။ ၁၉၄၃ ခု ဩဂုတ် ၁ ရက်ဂျပန်ကပေးတဲ့ လွတ်လပ်ရေးရတော့ ဗိုလ်ဇေယျက ကျောင်းအုပ်ကြီးဖြစ်လာတ်။ မူလက လေးနှစ်သင်တန်း ဆိုပေမယ့် ၁၉၄၄ ခုကျတော့ အခြေအနေ သိပ်မဟန်တော့ဘူး။ ဂျပန်က အတော်ဆိုးလာပြီ။ မဟာမိတ်ကလည်း နေ့တိုင်း ဗုံးလာကြဲနေတော့ စစ်အခြေအနေပြင်းထန်လာတယ်။ အဲဒီတော့ ကျိုက္ကလှဲ့၊ ကျိုက္ကလို့ ဘုရားဝန်းကျင်တောကြီးထဲမှာ ကွန်မြူနစ်သင်တန်းနဲ့ ဖက်ဆစ်စနစ် မုန်းတီးရေး သင်တန်းတွေကို ခိုးတက်ရတယ်။ ဘယ်သူ့မှ မယုံကြဘဲ လေးယောက်တစ်ဖွဲ့စီ လောက်သာ ကိုယ့်အချင်းချင်းသိတယ်။ ကျွန်တော့်ကို ဂျပန်ကျောင်းအုပ်ကြီးရဲ့ အလိုတော်ရိလို့ ယူဆပြီး မယုံကြဘူး။ ကျွန်တော်က ကွန်မြူနစ်သင်တန်း၊ ဖက်ဆစ်ဆန့်ကျင်ရေး သင်တန်းပို့ချချက် မှတ်စုတွေကို လုံခြုံအောင် ဂျပန်ကျောင်းအုပ်ကြီးရဲ့ ရုံးခန်းမျက်နှာကျက်ပေါ်မှာ ဝှက်ထားတယ်။

## ရဲဘော်စိတ်ဆိုတာ

ဂျပန်စစ်သင်တန်းတွေက ကြမ်းတယ်၊ ပါးရိုက်မခံရတဲ့နေ့ မရှိဘူး။ သူငယ်ချင်း ကိုတင်သိန်းဆိုရင် နား

www.burmeseclassic.com



ပင်းသွားရှာတယ်။ ရေချိုးခန်းထဲ ရေဖွင့်ခဲ့တာ တရားခံ မမိရင် လူသုံးဆယ်လုံး ပါးရိုက်ကြရတယ်။ အချင်းချင်း ပါးရိုက်ခိုင်းတာလည်း ရှိတယ်။ ညာရိုက်လို့ရှိရင် ဝင်ပြီးရိုက် ပြတာဆိုတော့ မသက်သာဘူး။ အားလုံးပါးရိုက်ခံရတဲ့ အဖြစ်က လွတ်အောင် တစ်ဦးက ကျွန်တော်လုပ်ပါတယ် လို့ ခေါးစာခံ ဝင်လုပ်တာတွေ့ရတော့ ရဲဘော်စိတ်ဆိုတာ ဒါပဲလို့ ခံစားလိုက်ရတယ်။ အများအတွက် အနစ်နာခံမယ် ဆိုတဲ့ စိတ် တွေပေါ်လာတယ်။ စိတ်ဓာတ်ကြံ့ခိုင်လာ တယ်။ နေထိုင်စားသောက် အိပ်ရာကအစ စည်းကမ်းနဲ့ ညီအောင် အကျင့်ဖြစ်လာတယ်။ အိပ်ရာဝင်ခါနီး ဈင်ဗုဒ္ဓ ဘာသာ ကျင့်စဉ်အရ တရားထိုင်ကြရတယ်။ ခြင်ကိုက် ရင်လည်း မလှုပ်ရဘူး။ တစ်နေ့လုံး မကောင်းတာတွေ ငါ ဘာလုပ်ခဲ့သလဲ၊ ကောင်းတာတွေက ဘာလဲဆိုတာ ပြန် စဉ်းစားခိုင်းတယ်၊ ဒီတော့ အားလုံးအစအရာရာ လေ့ ကျင့်ပြီးသား ဖြစ်လာတယ်”

အခြေအနေတွေက မဟန်တော့ နှစ်မစေ့မီမှာ ဘဲ (၂၈-၂-၄၅) နေ့မှာ ကျောင်းဆင်းပွဲ လုပ်လိုက်တယ်။ ကျောင်းဆင်းပွဲမှာ ကျွန်တော်က ပထမရတယ်။ စိတ် ဓာတ်၊ စည်းကမ်း၊ သင်ခန်းစာ အားလုံးထူးချွန်လို့ပေးတာ (Best Cadet)ယခုခေတ်အခေါ် ‘အောင်စစ်သည်’ဆုပေါ့။ ဆီကိုနာရီဆုရတယ်။ အဲဒီမှာ ပထမပတ် မူလတန်း စစ် ကျောင်းဆင်းတွေက ပဉ္စမပတ် ဗိုလ်သင်တန်းကို အထူး တပ်အနေနဲ့ တက်ခွင့်ရတယ်။ အဲဒီတုန်းက ကျွန်တော် တို့ရဲ့နိုင်ငံ လွတ်လပ်ရေးရဖို့နဲ့ တိုင်းပြည်ချစ်တဲ့ စိတ်ပ ဲရှိတယ်၊ တခြားဘာမှမရှိဘူး”

www.burmeseclassic.com



# စစ်ထွက်မိန့်ခွန်းပြောအပြီး

"၁၇. ၃. ၄၅ နေ့ နံနက်မှာ အခုတော်လှန်ရေး ပန်းခြံနေရာ စစ်ရေးပြကွင်းမှာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ထွက်မိန့်ခွန်း ပြောပြီးတဲ့အခါမှာတော့ စစ်တက္ကသိုလ် ကျောင်းသားတွေ အဆောင်ပြန်မလာကြသလောက် နည်း သွားတယ်။ ကျွန်တော်တို့ ၂၃ ရက်ညမှာ ထွက်လာကြ တယ်။ သေနတ်တွေတော့ ရှိကြပါတယ်။ ကျည်ဆံတော့ မရှိကြဘူး။ ကျွန်တော့်မှာ သေနတ်ပစ်လေ့ကျင့်တုန်းက ဝှက်ထားခဲ့တဲ့ ကျည်တစ်တောင့်နဲ့ သူငယ်ချင်းကပေးတဲ့ ကျည်တစ်တောင့် အဲဒီနှစ်တောင့်ပဲရှိတယ်"

"ဥက္ကံမြို့ကို လူငါးယောက်နဲ့ ဝင်စီးတယ်။ ကျည် ဆံနှစ်တောင့်ပဲပါတယ်။ စစ်ကျောင်းယူနီဖောင်းနဲ့ပဲ။ တပ် ရင်း ၄ နဲ့ သွားပေါင်းနေတယ်။ ညနေကျတော့ တိုက်ကြီး က ဂျပန်တပ်မီးရထား စင်းလုံးနဲ့လာပြီး ပြန်ချလို့ ကျွန် တော်တို့က လေးမိုင်လောက်ဝေးတဲ့ ကုလားကုန်းရွာကို ရှောင်ပြေးရတယ်"

"နောက် ဥက္ကံတံတား တိုက်ပွဲပြန်ဖြစ်တယ်။ အဲဒီကြားထဲမှာ ဓားပြတိုက်တာတွေရှိတော့ ဖမ်းပြီး ပညာ ပေး ရသေးတယ်။ ရွာသားတွေကိုလည်း နိုင်ငံရေးတရား ဟောရတယ်၊ လွတ်လပ်ရေး အတုအယောင်ပေးပြီး ပြည်သူလူထု အစားဆင်းရဲ၊ အနေဆင်းရဲအောင်လုပ်တဲ့ ဖက်ဆစ်ဝါဒီ ဂျပန်မုန်းတီးရေးတရားတွေ ဟောရတာပေါ့။ အဝတ်အစားကလည်း ဆင်းရဲလိုက်တာမှ ကျွန်တော်တို့ ကိုယ်တိုင်က ယူနီဖောင်းလုံလောက်တာ မဟုတ်ဘူး။ မုံရွာ ကထွက်တဲ့ လက်သုတ်ပုဝါလုပ်ဖို့ ဖျင်ကြမ်းတွေကို သစ်

www.burmeseclassic.com



ခေါက်တောင် မဆိုးနိုင်တော့ဘဲ ရောင်စုံ အကြောင်အကြား စစ်ဝတ်စုံတွေ ဖြစ်ကုန်တော့တာပဲ”

## တော်လှန်ရေးကို အားပေး

“တိုက်ပွဲဖြစ်ရင် ရွာလူထုက သောက်ရေအိုး ရွက်ပြီး လာပို့တယ်။ စားစရာတွေ သယ်လာကြပြီး ကူညီကြလို့ ကျည်လွတ်ရာမှာ နေကြဖို့ အော်ရဟစ်ရတာလည်း ရှိသေးတယ်၊ တော်လှန်ရေးကြီးကို လူထုက အားပေးတာ အတော်အားရစရာ ကောင်းပါတယ်။ အဲဒီတုန်းက စစ်တိုက်ရုံသာ မဟုတ်ဘဲ ရောက်လေရာရွာမှာ မောင်းထောင်းပေးတယ်၊ နွားစာစဉ်းပေးတယ်၊ ကလေးဝိုင်းထိန်းပေးတယ်၊ ရေခပ်စရာတွေ အကုန်ကူညီလုပ်ပေးတော့ ကျေးရွာလူထုက ချစ်ကြတယ်”

“ကုလားကုန်းမှာ ခိုနေတုန်း ဂျပန်က ရွာကို လာဝိုင်းတယ်။ ရွာက ၁၁ အိမ်လောက်သာရှိတာ။ ကျွန်တော်တို့လည်း ပြေးချိန်မရလို့ ရွာသားဟန်ဆောင်ပြီး ဂျပန်စစ်ဗိုလ်ကို ဆီးကြိုကြရတယ်။ ကံကောင်းချင်တော့ စပါးကျီ ထဲ လက်နက်ဝှက်ထားတာ ရှိမလားဆိုပြီး တစ်ပေလောက် လက်နှိုက်ပြီး ရှာသေးတယ်။ ကျွန်တော်က တစ်ပေခွဲ လောက်မှာ ဝှက်ထားတော့ တွေ့မသွားဘူး။ လှံစွပ်ကိုလည်း အိမ်ရှင်အမျိုးသမီးရဲ့ သံသေတ္တာထဲမှာ သော့ခတ်ပြီး ဝှက်ထားတယ်။ သော့တောင်းတော့ အမျိုးသမီးက ပျောက်နေတယ်လို့ ပြောလိုက်တယ်။ ဝါးလုံးခေါင်းထဲမှာ ဝှက်ထားတဲ့ လက်ပစ်ဗုံး၊ ကောက်ရိုးပုံထဲ ဝှက်ထားတဲ့ ယူနီဖောင်းနဲ့ ဒိုင်ယာရီကိုလည်း တွေ့မသွားဘူး။

www.burmeseclassic.com



ကျွန် တော်တို့ ကတုံးဆံတောက်ကလည်း ရှည်နေတော့ ဘိုကေ ဖြီးထားကြတော့ စစ်သားနဲ့ မတူတော့ဘူး”

## တိုင်းပြည်အတွက်

“ဂျပန်က စစ်သားငါးယောက်ရှိတယ်ဆိုတာ တိတိကျကျ သတင်းရထားတော့ သေသေချာချာစစ်တာ၊ စစ်သားနဲ့တူတဲ့ ရွာသားငါးယောက်ကို ဖမ်းသွားတယ်။ ပြည်သူ့ခေါင်းဆောင် သခင်ဘညွန့်ရဲ့ မိန်းမ ဒေါ်သန်းခင်ကိုလည်း ဖမ်းသွားတယ်။ အဖမ်းခံရတဲ့ လူတွေက သူတို့စစ်သားမဟုတ်ဘူး၊ စစ်သားတွေက ဒီလူတွေပါလို့ ကျွန်တော်တို့ကို ထုတ်ဖော် မပြောကြဘူး၊ တိုင်းပြည်အတွက် အနစ်နာခံမယ် ဆိုတဲ့စိတ်ဟာ ဘယ်လောက် အံ့သြစရာကောင်းသလဲ၊ ကျွန်တော်တို့ကလည်း ကိုယ်ကျိုးလုံးလုံးမပါဘဲ လွတ်လပ်ရေးအတွက် လုပ်ခဲ့တာကို သူတို့သိအောင်လုပ်ပြ၊ နေပြကြတော့ သူတို့ကလည်း ယုံကြည်ကိုးစားပြီး အနစ်နာခံကြတာပေ့ါ။ ကျွန်တော်တို့က ရွာသားတွေနဲ့ လက်ပွန်းတတီးနေခဲ့ပေမယ့် သားပျို သမီးပျိုတွေနဲ့ မငြိစွန်းခဲ့ဘူး၊ ညီအစ်ကို မောင်နှမ မိဘဆွေမျိုးသားချင်းလို နေထိုင်ခဲ့ကြတော့ ယုံကြည်စိတ်ချကြတယ်”

“ဟိုတလောဆီက ကျွန်တော်နဲ့ ကြွယ်ကြွယ်တို့က ကုလားကုန်းကျွန်းကို သွားခဲ့ကြသေးတယ်။ နေ့ချင်းပြန်လို့ အားလုံးက ဝိုင်းငိုကြတယ်။ ရွာကလူတွေကိုလည်း မန္တလေး အလည်ခေါ်ပြီး ပြုစုခဲ့ပါတယ်”

“တော်လှန်ရေးပြီးတော့ အင်္ဂလိပ်ကိုလည်း လိုအပ်ရင်ဆက်ချရဦးမယ်ဆိုတဲ့ ခံစားမှုအသိနဲ့ လက်နက်တွေကို မြေမြှုပ်ဝှက်ထားခဲ့တယ်။ ကန္ဒီစာချုပ်အရ တပ်

www.burmeseclassic.com



မတော်မှ စစ်သည်များကို စစ်သား ၅၀၀၀၊ အရာရှိ ၂၀၀ နဲ့ အရန် ၂၀၀ ပဲ လက်ခံဖွဲ့စည်းပေးမယ်ဆိုတာ မကြိုက်လို့ မဟာမိတ်တပ်ကို လက်နက်အပ်ရမယ်ဆိုတော့ မအပ်ချင်ဘူး၊ လက်နက်မအပ်ဘဲ ဇလွန်ဒေါင့်ကြီးဘက်ကို ထွက်လာကြတယ်။ ဟိုတုန်းကတော့ တောခိုတယ်ဆိုတဲ့ ဝေါဟာရမရှိ သေးဘူး။ နောက်တော့ ကိုသန်းလှိုင် (ဝန်ကြီးဟောင်း)တို့ လိုက်လာပြီး လက်နက်တွေ မသိမ်းပါဘူးလို့ ခေါ်လို့ ပြန်လိုက်ခဲ့ကြတယ်”

“၁၉၄၅ ခု အောက်တိုဘာလမှာ လစာလား၊ ဆုကြေးလား ကျပ် ၁၈၀၀ ထုတ်ပေးတယ်၊ လက်မှတ်ထိုးခဲ့ပြီး ငွေမယူဘဲ မင်းတို့ပဲ ဝေယူကြတော့လို့ဆိုပြီး ထွက်လာ ခဲ့တယ်။ ဆိုလိုတာကလည်း တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ပြီး စေတနာသန့်သန့်နဲ့ လုပ်ခဲ့တာ သိစေချင်လို့ပဲ။ ဘာအခွင့်အရေးမှ မယူဘဲ အပြင်မှာ ကျရာအလုပ်လုပ်စားတော့မယ်ဆိုပြီး ၁၉၄၆ ခုနှစ်မှာ ဆယ်တန်းစာမေးပွဲ ဖြေဖို့ ရန်ကုန်သွားပြီး အလွတ်ပညာသင်ခဲ့တယ်။ နောက်တော့ ပြောပြခဲ့တဲ့အတိုင်း လွတ်လပ်ရေး သတင်းစာမှာဝင်လုပ်ဖြစ်တယ်၊ အဲဒီမှာ သတင်းစာပို့ရင်း စစ်ကျောင်း ဆင်းတုန်းက ဆုရခဲ့တဲ့ ဆီကိုနာရီဟာ ဘုရင့်ရုံနဲ့ ကာလတန်ရုပ်ရှင်ရုံအသွား ကြားထဲမှာ ပြုတ်ကျပျောက်ဆုံးလို့ နှမြောမိတယ်”

“ဩော် ဟိုမှာ အိုးဝေသတင်းထောက် လုပ်တုန်းက ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဆေးရုံတက်ရလို့ အင်တာဗျူးသတင်း သွားမေးကြတဲ့ ဓာတ်ပုံလေ”ဟု ကျွန်တော်တို့ နောက်ကျောဘက်နံရံ၌ ချိတ်ဆွဲထားသော ဓာတ်ပုံကို ဦးကျော်သိန်းက ညွှန်ပြလိုက်သည်။

www.burmeseclassic.com



"ကဲ ကြွယ်ကြွယ်နဲ့ အိမ်ထောင်ကျတာကတော့ ၁၉၅၂ ခုနှစ် မန္တလေးမှာ ပြည်ထောင်စုသကြ်န် ရေသဘင် ပွဲတော်ကို ရန်ကုန်က သတင်းထောက်တွေ အတော်များများလာတဲ့အထဲ ကျွန်တော်လည်း ပါလာတော့ သတင်းဓာတ်ပုံရိုက်ကြရင်း ကြွယ်ကြွယ်နဲ့တွေ့ပြီး ဖူးစာဆုံကြတာပါပဲ" ဟု ဦးကျော်သိန်းက နောက်ကြောင်းပြန်သည်။

"ဒီလိုဆို သကြ်န်ဖူးစာပေါ့"ဟု ရန်ကုန်ဦးကျော်စိန်က ဦးကျော်သိန်း စကားအဆုံးတွင် အသောကလေး ဖောက်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၄

## ပြည်တွင်းဖြစ်ကိုသုံးငွေမဖြုန်းနဲ့

'ပြည်တွင်းဖြစ်ကို အားပေးပါ'ဟူသော လှုံ့ဆော်မှုကို တွေ့ရပြန်ပြီ။

ကျွန်တော်တို့ ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင် 'တိုင်းရင်းဖြစ်ကို အားပေးကြပါ' ဟူသော လှုံ့ဆော်သံကို ကြားခဲ့ရ၍ နားယဉ်နေပါပြီ။ ကျွန်တော်တို့ မမွေးမီ ဝံသာနုခေတ် အစလောက်ဆီကပင် လှုံ့ဆော်ခဲ့သည်ဟု ရှေးလူကြီးများထံမှ ကြားခဲ့ဖူးပါသည်။ ထို့ကြောင့် မရိုးနိုင်သော လှုံ့ဆော်မှုဖြစ်၍ သတိမူဆင်ခြင်သင့်ပါသည်။

'တိုင်းရင်းသားချင်း ရိုင်းပင်းပါ။ မြန်မာပိုင်လုပ်ငန်းကို အားပေးပါ'ဟူသော လှုံ့ဆော်မှုလည်း ရှိခဲ့သည်။

သို့သော် ခလုတ်ထိမှ အမိတသည့် သဘောမျိုးဖြစ်နေသည်။ အမြဲမပြတ် ထာဝစဉ်လှုံ့ဆော်မှုမျိုး မဟုတ်ဘဲ အရေးပေါ်မှ သတိပေးတတ်သည့် လှုံ့ဆော်မှု ဖြစ်နေသည်။

နောက် နောက်ကဟိုအဝေးဆီသို့ လှမ်းမျှော်ကြည့်လျှင် မှုန်ဝါးဝါးသာ မြင်ရမည်ဖြစ်၍ ထင်ထင်ရှားရှားမြင်နိုင်ရန် မဝေးသောမနေ့တစ်နေ့က အတိတ်ကာလကို ပြန်ကြည့်ရအောင်။

www.burmeseclassic.com



ပြည်တွင်းဖြစ်ပစ္စည်းများ အတော်အများအပြား ဖြစ်နေပြီဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဈေးကွက် စီးပွားရေးစနစ် ပြန်လည်ကျင့်သုံးလိုက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံခြားဖြစ် ပစ္စည်းများ ပလူပျံအောင် ဝင်လာပါသည်။ ဇီးထုပ်၊ ရှောက်သီးဆေးပြားထုပ်ကအစ ဝွမ်းစပတ်ထားသော နားကြပ်တံပါ နိုင်ငံခြားဖြစ် ပစ္စည်းများ တင်သွင်းလာပါသည်။ အပြင်ပန်း ထုပ်ပိုးပစ္စည်း လှလှပပလုပ်၍ အထဲက ပစ္စည်းမှာ ပြည်တွင်းဖြစ်ပစ္စည်းလောက် မကောင်းခဲ့သော်လည်း နိုင်ငံခြားဖြစ်ကိုမှ အထင်ကြီးသည်။ ဂုဏ်ရှိသည်ဟု ထင်မှတ်ကာ ဈေးကြီးပေး၍ ဝယ်ယူ စားသုံးကြသည်မှာ ယနေ့မျက်မြင် ကိုယ်တွေ့ ဖြစ်သည်။

ထိုစားသောက်စရာ သရေစာအမျိုးမျိုးမှာ ပြည်တွင်းဖြစ်ရှိပြီးသော ပစ္စည်းများသာ ဖြစ်ပါသည်။ ထို့အတူ လူသုံးကုန်ပစ္စည်းမှာလည်း ပြည်တွင်း၌ပင် အဆင့်အတန်း မြင့်စွာ ထုတ်လုပ်နိုင်ပြီးသား ဖြစ်နေပါပြီ။

အထူးသဖြင့် မလိုလားအပ်သော အပိုပစ္စည်းများပင်၊ နိုင်ငံခြားဖြစ်များ တင်သွင်းပြီး မြန်မာနိုင်ငံမှ ငွေများ အလွယ်တကူ ချူ၍နေသည်မှာ နီးရာလမ်းဘေးဆိုင် ကုန်စုံဆိုင်၊ စတိုးဆိုင် တစ်ဆိုင်သို့ ဝင်ကြည့်ပါက တွေ့ရှိရမည်ဖြစ်သည်။

အိမ်ပြင်ထွက် မလေ့လာလိုလျှင် အိမ်ထဲ၌ပင် ကိုယ့်သားသမီး မြေးမြစ်တွေအား အကဲခတ်လိုက်ပါ။ သူတို့ ယနေ့ဝယ်ယူသုံးစွဲနေသော နိုင်ငံခြားဖြစ် အပိုပစ္စည်းများကို လေ့လာတွေ့ရှိနိုင်ပါသည်။ အသုံးမဟုတ်ဘဲ၊ အဖြုန်းသက်သက်ဖြစ်သည်ကို တွေ့ရပါမည်။

www.burmeseclassic.com



အသုံးဝင်သည့် ပစ္စည်းပင်ဖြစ်စေကာမူ ကုန်ပစ္စည်း စံချိန်စံညွှန်း အဆင့်အတန်းတူလျှင် ပြည်တွင်းဖြစ် ကိုသာ သုံးသင့်ပါသည်။ မသုံးလျှင်လည်းဖြစ်သည့် အပို ပစ္စည်းများ ဖြစ်ပါက ပြည်တွင်းဖြစ်ထက် သာလွန်ကောင်းမွန်သည့်တိုင်အောင် ဝယ်ယူမသုံးစွဲသင့်ပါ။ ဝယ်ယူသုံးစွဲပါက ဆိုခဲ့သည့်အတိုင်း အသုံးမဟုတ်ဘဲ ငွေကို ဖြုန်းတီးပစ်ခြင်းသာ ဖြစ်ပါသည်။

အားလူးကြော်၊ ကော်မှုန့်လုံးကြော် စသည်ဖြင့် သရေစာများအပြင် အချို့သရေစာထုပ်များမှာ မြန်မာတို့ နားလည်လွယ်သော အင်္ဂလိပ်စာပင် မပါဘဲ၊ သူတို့နိုင်ငံ သုံးစာဖြင့်သာ ဖော်ပြထားသဖြင့် ဘုမသိ၊ ဘမသိ ဘာထုပ်မှန်းမသိ၊ ရုပ်ပုံကိုသာ မှန်းဆပြီး ရောင်းဝယ်စားသုံးနေကြသည်။ မူကြိုကလေးငယ်ကအစ မက်မောကြသဖြင့် လှိုင်လှိုင်ရောင်းရသောကြောင့် နိုင်ငံခြားဖြစ် သရေစာထုပ်သည် မြန်မာနိုင်ငံမှ ငွေများကို အများဆုံးအလွယ်တကူ ချျုယူနေသော နိုင်ငံခြားကုန်ပစ္စည်း ဖြစ်နေသည်။ ကုန်သေးဖြစ်သော်လည်း ကြီးမားသော ငွေယိုပေါက်ဖြစ်နေသည်။

နိုင်ငံရေးအရလည်းကောင်း၊ လူမျိုးရေးအရလည်းကောင်း၊ 'တိုင်းရင်းသားချင်း ရိုင်းပင်းပါ' ဆိုသော ကိုလိုနီခေတ် ကျွန်တော်တို့ ကျောင်းသားဘဝ ၁၃၀၀ ပြည့်အရေးတော်ပုံကာလ ရန်ကုန်မြို့ ဖရေဇာလမ်း (အနော်ရထာလမ်း) အိန္ဒိယတိုင်းရင်းသားများ ကြီးစိုးသော ညဈေးတန်းကို အားကျ၍ မြန်မာရပ်ကွက်ဖြစ်သော ရေကျော်ရပ်ကွက်တွင် မြန်မာညဈေးတန်း အပြိုင်ပေါ်လာပါသည်။ မြန်မာလူမျိုးများသည် စကော့ကိတ် (သိမ်ဖြူလမ်း)ထောင့်

www.burmeseclassic.com



မှ ပုဇွန်တောင်လိပ်ကန်ပန်းခြံအထိ မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) တစ်လျှောက်တွင် ညနေ လမ်းဘေးဆိုင်များ၊ အိမ်ဆိုင်များ ဖွင့်လှစ်၍ အဝတ် အထည် လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် စား သောက်ဆိုင်များ စည်ကားစွာ မြိုင်မြိုင်ဆိုင်ဆိုင် တည်ခင်းရောင်းချကြသဖြင့် မြန်မာ့စီးပွားရေးအတွက် အတော် အားတက်မိခဲ့သည်။

သို့သော် အချိန်မကြာလိုက်ပါ။ ရေကျော်မြန်မာ ညဈေးတန်းပျောက်ခြင်းမလှ ပျောက်ကွယ်သွားပါသည်။ စာရေးဆရာကြီး ရဲသမိန်၏ မာဃကုန်စုံဆိုင်ကြီး တစ်ဆိုင်သာ ခေတ်အဆက်ဆက် တည်တံ့ကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် 'ရေတက်ငဇင်ရိုင်းလိုပ ပုံခိုင်းလို့ဆိုပြန်သည်။ ကောက်ရိုးမီးတမျှ ဟုန်းကနဲထသည်' ဟု တေးပြုစာဆို မြကလောင်ကတေးဖွဲ့၍ အဆိုကျော် ပြည်လှဖေက သီဆိုခဲ့သော အေဝမ်းဓာတ်ပြား နိုင်ငံကျော် ဖွဲ့ သီချင်း ပေါ်လာပါသည်။

အကျိုးရှိသင့်လောက်တော့ ရှိပါသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံယက် ပလေကပ်လုံချည် စသော အဝတ် အထည်များသာ ဝယ်ယူဝတ်ဆင်နေကြသော မြန်မာများ သည် တိုင်းရင်းဖြစ် လုံချည်များ၊ စောင်များ၊ ပင်ဖြူ-ပင်နီ၊ ပင်ပြာအကွက်ဆန်းများကို အတော်များများ ဝယ်ယူဝတ်ဆင်လာကြသည်။ နာမည်ကျော် ခရုတံဆိပ်နှင့် ဆိုင်းဝိုင်းတံဆိပ်၊ အိန္ဒိယပလေကပ်လုံချည်များ အသုံးနည်းသွားကြသည်။

အိန္ဒိယပလေကပ်လုံချည်နှင့် မိုးရေစောင်များမှာ မြန်မာနိုင်ငံတွင် လမ်းစဉ်ပါတီခေတ်က ပြန်လည်ခေတ်စားလာ၍ ပြည်တွင်းဖြစ် အဝတ်အထည်များ နေရာ

www.burmeseclassic.com



ကို ထိုးဖောက်ပြီး တွင်ကျယ်လာသည်မှာ ယခုအထိဖြစ်သည်။ ပင်ဖြူ-ပင်နီ၊ ပင်ပြာတို့မှာမူ ယခုအခါ အတော် ခေတ်မှိန် သွားပြီဖြစ်သည်။

ကိုလိုနီခေတ်တွင် ရန်ကုန်မြို့လယ်ခေါင် ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံများတစ်ဝိုက်၌ ခံ့ညား ထည်ဝါစွာ ရပ်တည်ခဲ့သော ဂျူးလူမျိုးနှင့် အီတလီလူမျိုး တို့ပိုင် ကွန်တီနင်တယ် (ယခုကုန်သည်ကြီးဟိုတယ်နေရာ)၊ ဆဗွိုင်း (ယခု-ဒဂုန်ဟိုတယ်)၊ ပစ်ကာဒလီ (ယခုအင်းဝ စာအုပ်တိုက်) ကိတ်မုန့်တိုက်နှင့် စားပွဲရုံကြီးများ အလွန် ခေတ်စားခဲ့သည်။ လူမျိုးခြားတို့ အရှိန်ရနေသော ထို စီးပွားရေးလုပ်ငန်းကို စီးပွာရေးစိတ်ဓာတ် ရင့်သန်၍ သတ္တိနှင့် ဖွဲအလွန် ကောင်းသော မြန်မာလူမျိုး ဦးထွန်းရင် (ထိုအချိန်က စာတိုက်မင်းကြီး ဦးထွန်းတင်နှင့် ညီအစ်ကို တော်) က ဇွတ်တိုးဝင်ပြီး မြန်မာပိုင် ဆန်းကဖေးနှင့် မုန့်တိုက်ကို တည်ထောင်ကာ အောက်ခြေမှစ၍ လုပ်ကိုင် ခဲ့သည်။

လူမျိုးခြားပိုင် ကိတ်မုန့်တိုက်ကြီး များကဲ့သို့ ကြီးကြီးမားမား ထည်ထည်ဝါဝါ မဟုတ်ဘဲ၊ စားကောင်း သောက်ဖွယ်ဖြစ်ရန်နှင့် ဧည့်ခံရောင်းဝယ်မှု ကျေပွန်ရန် အဓိကထားပြီး၊ စကော့ဈေး (ဗိုလ်ချုပ်အောင်ဆန်းဈေး) အနောက်ဘက်တန်း၌ ဆိုင်ခန်းကလေးဖြင့် ရဲဝံ့စွာ စတင် လုပ်ကိုင်ခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ အလျှုမင်္ဂလာ ဧည့်ခံပွဲ အခမ်းအနားများ ဧည့်ခံကျွေးမွေးခြင်းတွင် မြန်မာ ပိုင် ဆန်းကဖေးမှာ တမဟုတ်ခြင်း ကျော်ကြားလာတော့ သည်။ စစ်ပြီးနောက်ပိုင်း၌ ဗိုလ်ချုပ်ဈေး အနောက်ဘက် အနီး ရွှေတိဂုံဘုရားလမ်းတွင် သီးသန့်တိုက်၌ ဆန်းကဖေး

www.burmeseclassic.com



ကို ပြောင်းရွှေ့၍ ချဲ့ထွင်ဖွင့်လှစ်ခဲ့သည်။ ပိုင်ရှင် ဦးထွန်းရင်သည် စစ်ပြီးစက ဘိလပ်သို့ သွားရောက် ၍ ဘီစကွတ်စသော မုန့်ဖုတ်လုပ်ငန်း၊ စားပွဲရုံလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းလေ့လာခဲ့ပြီး လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခဲ့သည်။

ဦးဝိစာရလမ်း ဟံသာဝတီလမ်းထိပ် အနီးတွင် ဒဂုန်ဘိလပ်ရည်နှင့် အအေးခန်းကို ဗြိနိသျှစစ်တပ် အင်ဂျင်နီယာတစ်ဦးနှင့်အတူ တည်ထောင်ခဲ့ပြီး ဖျော်ရည်နှင့် ရေခဲထုတ်မှုပါ ချဲ့ထွင်လုပ်ကိုင်ခဲ့သည်။ နာမည်ကျော်ဘာလီဖျော်ရည်မှာ ထိုလုပ်ငန်းမှ ထုပ်လုပ်ခြင်းဖြစ်သည်။ မြန်မာပိုင်ဆန်းကဖေးလုပ်ငန်းများ အတော်အောင်မြင်၍ တွင်ကျယ်ခဲ့သဖြင့် မြန်မာ့စီးပွားရေး လုပ်ငန်းကြီးတစ်ခုသည် ဆိုရှယ်လစ်စီးပွားရေးခေတ်တွင် ချုပ်ငြိမ်းသွားရသည်မှာ နှမြောစရာကောင်းလှသည်။

လွတ်လပ်ရေးရပြီးသောအခါ မြန်မာ့စီးပွားရေး ကြီးထွားအောင်မြင်မှု အတော်များများရှိလာခဲ့သည်။ နိုင်လွန်နှင့် အထည်အလိပ်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ဆေးဝါး၊ ဖျော်ရည်၊ ဘီစကွတ်၊ ချိုချဉ်သကြားလုံး၊ အရက်နှင့် စီးကရက်၊ မီးခြစ်စသော ပြည်တွင်း ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများသည် တွင်ကျယ်လာပြီး နိုင်ငံခြား ငွေယိုပေါက်ကို ပိတ်ဆို့ထားနိုင်ခဲ့ ကြသည့် အပြင် နိုင်ငံခြားသို့ပါ တင်ပို့နိုင်မှုများပင် စတင်နေပြီဖြစ်သည်။

ငွေများများ အလွယ်တကူသုံးလေ့ရှိသော အဖျော် ယမကာနှင့် စီးကရက်လုပ်ငန်းတို့တွင် နိုင်ငံခြားဖြစ်များ ကို အတော်ပိတ်ဆို့ထားနိုင်ခဲ့သည်။ မန္တလေးရှိ နိုင်ငံ တော်အရက်နှင့် ဖြစ်ချက်စက်ရုံမှ ထုတ်လုပ်သော မန္တလေးရမ်အရက်နှင့် PALEALE မန္တလေးဘီယာတို့မှာ

www.burmeseclassic.com



တိုင်းရင်းသားသာမက နိုင်ငံခြားသားတို့၏ အကြိုက် လည်း ဖြစ်၍ နိုင်ငံခြားငွေယိုပေါက်ကို အများဆုံး ပိတ်ဆို့ ထားနိုင်သည်။

ထို့ကြောင့် ကိုလိုနီခေတ်က မြန်မာနိုင်ငံ၌ တွင် ကျယ်ခဲ့သော ဂျာမနီနိုင်ငံလုပ် ကမ္ဘာကျော် သော့တံဆိပ် ဘက်ဘီယာ၊ လက်ဝါးတံဆိပ် ဆော့ဘီယာ၊ တိုက်တံဆိပ် ဂျက်ဖရီးဘီယာ၊ တီတံဆိပ် တင်နင့်ဘီယာတို့မှာ လွတ် လပ်ရေးခေတ်တွင် မန္တလေးဘီယာကို ထိုးဖောက် မဝင် ရောက်နိုင်တော့ပါ။ ချက်နိုင်ငံလုပ် ပေလ်စနာဘီယာ ဝင်လာသေးသော်လည်း မန္တလေးဘီယာကို အမီမလိုက် နိုင်ခဲ့ပါ။

မန္တလေးဘီယာသည် နိုင်ငံခြားမှာပင် ဟိုးလေး တကျော်ဖြစ်ခဲ့သည်။ ၁၉၇၀ ပြည့် ဂျပန်ပြည် အိုစကာမြို့၌ ကျင်းပသော ExPo- 70 ပြပွဲကြီးတွင် မြန်မာနိုင်ငံ ဆိုင် ခန်း၌ ရောင်းချခဲ့သော မြန်မာဘီယာကို ဂျပန်လူမျိုးတို့ အစွဲကြီးစွဲလမ်း၍ တသသ ရှိနေကြသည်ကို ၁၉၇၄ ခုနှစ် ကျွန်တော်တို့ ဂျပန်ပြည်သို့ လေ့လာရေး ခရီးရောက်စဉ်က သိခဲ့ရသည်။

လွတ်လပ်ရေးရပြီးစတွင် ပဲခူးဆန်စပါး ရောင်း ဝယ်ရေးမှာ သူဌေးဦးဘညွန့်တို့က အိုလံပစ်တံဆိပ်ဖြင့် စီးကရက်လုပ်ငန်းကို စတင်လိုက်ရာ ပြည်တွင်းဖြစ် စီး ကရက်လုပ်ငန်း အများအပြား တိုးပွားလာပြီး နိုင်ငံခြား စီးကရက်များ၏ ဈေးကွက်ကို ထိုးဖောက်အောင်မြင်လာ သည်။

ထိုသို့ အောင်မြင်ခဲ့သော ပြည်တွင်းဖြစ်လုပ်ငန်း များမှာ ဆိုရှယ်လစ်စီးပွားရေး ခေတ်တွင် အများအားဖြင့်

www.burmeseclassic.com



ပုဂ္ဂလိကပိုင်မှ ပြည်သူပိုင်သိမ်းသွားပြီး၊ပုဂ္ဂလိက လက်ထက်မှာကဲ့သို့ လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်း မရှိတော့သဖြင့် ပြည်တွင်းဖြစ် ကုန်ပစ္စည်းများနေရာ၌ နိုင်ငံခြားဖြစ် ကုန်ပစ္စည်းများ ဝင်ရောက်၍ တွင်ကျယ်လာတော့သည်။ ကြိုးစားပန်းစား ထူထောင်ခဲ့ရသော ပြည်တွင်းဖြစ်လုပ်ငန်းမှာ အနိစ္စသဘော ကိစ္စချော သွားခဲ့ရသည်။ ထို့ကြောင့်ပလတ်စတစ်အမှိုက်ကအစ နိုင်ငံခြားမှ သွင်းလာကြတော့သည်။

ဆိုရှယ်လစ်စီးပွားရေးခေတ်တွင် မြန်မာနိုင်ငံသို့ ပစ္စည်းမျိုးစုံ အလျှံပယ်တင်သွင်းနေရသဖြင့် အိမ်နီးချင်းနိုင်ငံအားလုံး ရွှေမိုးငွေမိုးရွာကာ နေ့ချင်းညချင်း ချမ်းသာကြွယ်ဝလာကြသည်။ မြန်မာနိုင်ငံ၏ အားပေးမှုကြောင့် အိမ်နီးချင်းနိုင်ငံများတွင် ယခုအထိ မြန်မာတို့၏ ရွှေမိုး၊ ငွေမိုး ရွာသွန်းဆဲပင် ရှိသေးသည်။

ဖော်ပြခဲ့သည့်အတိုင်း ဇီးထုပ်၊ ရှောက်သီးဆေးပြား၊ ချိုချဉ်ထုပ်စသော ဘုမသိ၊ ဘမသိ သရေစာထုပ်များ လှိုင်လှိုင်ဝင်လာမစဲပင်။ ပြည်တွင်းဖြစ်လောက် မကောင်းဘဲ ဈေးကြီးပေး၍ ဝယ်ယူစားသုံးနေကြည်မှာ ရင်နာစရာကောင်းလှသည်။ ထို့ကြောင့် ပြည်တွင်းဖြစ်ကိုသုံးပါ ငွေမဖြုန်းပါနဲ့ဟု လှုံ့ဆော်စာကို အိမ်တွင်းမှာပင် ကပ်ထားလိုက်ချင်သည်။ သို့မှသာ သားသမီး၊ မြေးမြစ်များ သတိရကြမည်ထင်သည်။

ခြိုးခြံချွေတာရေးကို ခေတ်လူအများပင် သတိမမူကြပေ။ ကျွန်တော်တို့ အလယ်တန်းကျောင်းသား ဘဝက ပြည်မြို့မှ ထုတ်ဝေသော ချွေတာခြင်းစာအုပ်ဖြင့် ချွေတာရေးကို ကျောင်းသင်ခန်းစာ တစ်ရပ်အဖြစ် ဆည်းပူး

www.burmeseclassic.com



ခဲ့သည်။

'ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်' ဟူသော ဆောင်ပုဒ်ကို ထိုစာအုပ်ထဲ၌ ဖော်ပြထား၍ အလွတ်ကျက်မှတ်ပြီး ကျင့်သုံးခဲ့ရပါသည်။

တစ်ခုတော့ အလေးအနက် စဉ်းစားစရာ လိုပါသည်။ မသုံးမဖြစ်သည့် အများသုံးပစ္စည်းများမှာ နိုင်ငံခြားဖြစ် ပစ္စည်းဈေးနှုန်းထက် ပြည်တွင်းဖြစ်ပစ္စည်းက ဈေးနှုန်းကြီးမြင့်နေမှု မဖြစ်သင့်ပါ။ (ဥပမာ) မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သည့် ဆေးဝါးများမှာ နိုင်ငံခြားဖြစ် ဆေးဝါးများထက် အဆမတန် ဈေးနှုန်းကြီးမြင့်နေခြင်း၊ ပြည်တွင်းဖြစ် ပဲနှမ်းဆီများက နိုင်ငံခြားဖြစ် စားအုန်းဆီထက် ဈေးနှုန်းကြီးမြင့်နေခြင်းမျိုး ဖြစ်ပါသည်။ ပြည်တွင်းဖြစ်က နိုင်ငံခြားဖြစ်ထက် ဈေးနှုန်းကြီးမြင့်နေလျှင် လူ့သဘာဝအရ သက်သာသည့်ပစ္စည်းကို ဝယ်ယူသုံးစွဲကြသည်မှာ ဓမ္မတာပင်၊ ချွေတာခြင်း သဘောအရလည်း မှန်ကန်ပါသည်။ ထို့ကြောင့် ပြည်တွင်းဖြစ် ကုန်ပစ္စည်းများသည် နိုင်ငံခြားဖြစ် ကုန်ပစ္စည်းများနှင့် တန်းတူစံချိန် စံညွှန်းမီပြီး နိုင်ငံခြားဖြစ်ထက် ဈေးနှုန်းမကြီးရန်လည်း လိုပါသည်။ သို့မှသာ ချွေတာရေးသဘောအရရော ပြည်တွင်းဖြစ် အားပေးသော သဘောအရပါ သဘာဝကျကျ လက်တွေ့ကျင့်သုံးနိုင်ပေမည်။

'လှတာမက်တော့ ညစာခက်မယ်' ဟု သရော်စကား ဆိုကြသော်လည်း လူ့သဘာဝသည် အပြင်ပန်းအလှအပကို မက်မောကြသည်။ ထို့ကြောင့် ထုပ်ပိုးပစ္စည်းလှပခံ့ညားရန်လည်း သတိပြုစီမံသင့်သည်။ အနည်းဆုံးသပ်ရပ်၍ ကြည့်ပျော်ရှုပျော်ဖြစ်အောင် ထုပ်ပိုးပြုလုပ်ရန်

www.burmeseclassic.com



ဖြစ်သည်။ 'တုန်ခြင်းမှုန်ခြင်းသည်းခံပါ'ဟု မြန်မာရုပ်ရှင်ပေါ်ဦးစ လွန်ခဲ့သော (၇၇) နှစ်ကကဲ့သို့ ခေတ်မမီခြင်းမျိုးကို ယနေ့ လက်ခံကြမည်မဟုတ်ပါ။ ခေတ်နှင့်အတူ အမီလိုက် နေကြသည်ကို သတိပြုရန် လိုပါသည်။

"ပြည်တွင်းဖြစ်ကို အားပေးပါ၊ ခြိုးခြံချွေတာပါ" ဆိုသော လှုံ့ဆော်မှုကို သာမန်သဘောမထားကြစေလိုပါ။ ယခုအခါ အရှေ့တောင်အာရှ စီးပွားရေးအကျပ်အတည်း အကြီးအကျယ်ဖြစ်ပေါ်နေရာ မြန်မာနိုင်ငံသို့လည်း ဂယက်ရိုက်ခတ်လာမည် ဖြစ်သဖြင့် ပြည်တွင်းဖြစ်ကို အားပေးကာ ခြိုးခြံချွေတာရေးပြုလုပ်ရန် အရေးကြီး လာပြီဖြစ်၍ အထူးသတိထား ဆင်ခြင်ဖို့လိုအပ်ပါသည်။

တစ်ပွဲတိုးပေါ်ပင်မဟုတ်ဘဲ၊ အမြဲထာဝစဉ် ပြည်တွင်းဖြစ်ကို သုံး၍ ခြိုးခြံချွေတာရေး ကျင့်သုံးမှသာ မြန်မာ့စီးပွားရေး ခိုင်မာတောင့်တင်းလာမည်ဖြစ်လေသည်။

×× ×× ××

www.burmeseclassic.com

# ၅

## ခရီးကမဝေးပါ အချိန်ကကြာ

ဤမှာဘက်ကမ်းသည် မြို့တော်ရန်ကုန်၊ဟိုမှာဘက်ကမ်းသည် ဒလမြို့။

အမြင်ကနီးလှသော်လည်းခရီးမဝေးဘဲ ခရီးရောက်ဖို့ ဇက်ရေယာဉ် စောင့်ရသည်မှာ အချိန်ကြာလှသည်။

သွားရမည့်ခရီးက မြို့တော်ရန်ကုန် ဝါးတန်း (ကီလီ) ဆိပ်ကမ်းမှ ဒလမြို့ဘက်ဆီသို့ မော်တော်ကားများကို ဇက်ရေယာဉ် ကူးတို့ဖြင့်တင်ဆောင်ပြီး ဒလ မြို့မှ ၉ မိုင် ၂ဖာလုံဝေးကွာသော တွံတေးမြို့ဆီသို့ဖြစ်သည်။ ဤခရီးကို ရောက်ဖို့ အတော်စီစဉ်ရပါသည်။

၁၉၉၈ခု၊ ခရစ္စမတ်နေ့ကထောက်ကြွံရှိ သားအကြီးဆုံး ကိုစံဝင်း၏အိမ်သို့ ကျွန်တော်တို့အလည်ရောက်ရှိနေကြသည်။ တစ်ညအိပ်ပြီး နောက်နေ့တွင် ပြန်ရန် ဖြစ်သော်လည်း မြေးနှင့်မြစ်များက နှစ်ည အိပ်ပါဆို၍

www.burmeseclassic.com



သူတို့ဆန္ဒအတိုင်းလိုက်လျှောနေလိုက်ရသည်။ ထို့ကြောင့် စနေ၊ တနင်္ဂနွေ နေ့တိုင်းသွားနေကျ ဘိုကလေးဈေး အဆောက်အအုံအပေါ်ထပ်နေ သမီးထံ ဖုန်းဆက်ပြီး စနေနေ့တွင် မလာနိုင်သေးဘဲ တနင်္ဂနွေနေ့မှ လာမည်ဟု အကြောင်းကြားလိုက်သည်။ တနင်္ဂနွေနေ့မှ အေးအေး ဆေးဆေး ပြန်မည်ဟု ထောက်ကြံ့တွင် မြေးမြစ်များနှင့် စိတ်အေးချမ်းသာစွာ နေလိုက်သည်။

သို့သော် စနေနေ့ည ထမင်းစားပြီးသောအခါ မှောင်ကြီးမည်းကြီးထဲ ကိုယ်ပိုင်ကားတစ်စီးမီးမောင်းထိုး၍မောင်းနှင်ဝင်လာပြီး အိမ်ရှေ့တွင် ရပ်လိုက်သည်။

'ဒေါ်ဒေါ်တို့ ပုံ့ပုံ့တို့လာတယ်' အိမ်ရှေ့ ခြံထိပ်ရှိ ဈေးဆိုင်မှ မြေး သန်းကျော်ဦး ၏ အသံကို အိမ်ပေါ်မှ ကြားလိုက်ရသည်။

သားကြီး ကိုစံဝင်းက ပျာပျာသလဲအိမ်တံခါးဖွင့်ပြီးဆင်း၍ ကြိုသည်။ မိုးချုပ်မှမှောင်ကြီးထဲရောက်လာ၍ 'ဘာများအရေးကြီးပါလိမ့်' ဟု စိုးရိမ်မိသည်။ သမီး တင်တင်ဦး၊ သားမက် ကိုဖေသိန်း နှင့် သူတို့သမီးနှစ်ယောက်တို့သည် ကိုအေးထွန်းတက္ကစီကားပေါ်မှ ဆင်းလာကြသည်။

'အဖေတို့ကို လာခေါ်တာ'

သမီးက ခရီးရောက်မဆိုက် ပြောလိုက်သည်။

'နက်ဖြန်မနက် ကြီးကြီးပုတို့နှင့်အတူ အဖေတို့ကို တွံတေး ဘုရားဖူးဖို့စီစဉ်ထားတယ်။ နေ့ခင်းက ကျောက် မြောင်းအိမ် ရောက်သေးတယ်။ ထောက်ကြံ့သွားတယ် ဆိုလို့ မော်တော်ကားလည်းစီစဉ်ပြီးပြီမို့ အစီအစဉ် မပျက် စေချင်တာနဲ့ လာခေါ်တာပဲ'

www.burmeseclassic.com



သားမက်ကပြောမှ ဘဝင်ကျ၍စိုးရိမ်စိတ်ပျောက်သွားသည်။ ညမအိပ်တော့ဘဲ သူတို့နှင့်ပြန်လိုက်ခဲ့ရတော့ သည်။

၁၉၉၈ ခု၊ ဒီဇင်ဘာလ ၂၇ ရက် နံနက်စောစောဝါးတန်းဆိပ်ကမ်းမှ ဒလဘက်သို့ မော်တော်ကားများ တင်ဆောင်၍ ကူးသန်းပို့ဆောင်နေသော ဇက်ရေယာဉ် ကူးတို့ကို စောင့်နေရသည်။ ပထမဆုံး အခေါက်ဖြင့် ကူးနိုင်ရန်အသင့်ရှိနေသည်။ သားမက်၏ ကြီးတော် အသက် ၉၀ ရှိ ဒေါ်ပု၊ သူ့နှမအငယ်ဆုံး နှင့်သူ့သမီးငယ် ပုံ့ပုံ့၊ ကျွန်တော်နှင့်ဇနီး ဒေါ်ခင်မြ၊ သားမက်နှင့် သူ၏ အရင်းနှီးဆုံး မိတ်ဆွေ ကားမောင်းသူ ကိုအေးထွန်း တို့ပါဝင်ရာ မော်တော်ကားတွင် လူအပြည့်ဖြစ်သည်။ ဇက်စောင့်ရင်း မော်တော် ကားပေါ်မှ ဆင်း၍ ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။ ကုန်စည် ကူးသန်းရောင်းဝယ်မှု၊ လုပ်ငန်းလုပ်ကိုင်မှုအပြင် ဘုရားဖူးများ၊ အပန်းဖြေ အပျော်ခရီးထွက်သူများ ကားကြီးကားငယ် အမျိုးပေါင်း စုံလင်လှသည်။

ဇက်ရေယာဉ်ပေါ်အတက်တွင် ကျွန်တော်နှင့် သားမက် ကိုဖေသိန်းတို့ မောင်နှမသည် ကားပေါ်မှ ဆင်း၍ ခြေကျင်လျှောက်တက်သွားကြသည်။ ဒလဘက် ဇက်ဆိပ်ကမ်းသို့ ဓားလွယ်ခုတ် မောင်းနှင်ရ၍ ၁၅ မိနစ်ခန့် အကြာတွင် ဒလဇက်ဆိပ်ကမ်းသို့ကပ်မိသည်။ ဒလဇက်ဆိပ်တွင်လည်း ရန်ကုန်ဘက်သို့ကူးကြမည့် ကားကြီး၊ ကားငယ်များ မနည်းလှသည်ကို တွေ့ရသည်။ မြို့တော်ကြီးနှင့် အကူးအသန်းများလှသော မော်တော်ကားများကို ဇက်ရေယာဉ် တစ်စင်းတည်းဖြင့်သာ ခေါက်တုံ့ခေါက်ပြန် ကူးသန်းပို့ဆောင်နေရသဖြင့် အမြင်နီးသော်လည်း ခရီး

www.burmeseclassic.com



မဝေးဘဲ ခရီးရောက်ဖို့ဇက်ရေယာဉ်ကို စောင့်ရသည့် အချိန်ကြာလှသည်။

မော်တော်ကားများ အကူးအသန်းများလှသော ဤဇက်ရေယာဉ်ကူးတို့ကို နှစ်စင်းသို့မဟုတ် ထိုထက်ပို၍ ထားပေးလျှင်ဇက်ရေယာဉ်စောင့်ရသည်မှာအချိန်မကြာဘဲ ခရီးမဝေးသော အနီးကလေးကို စောလျင်စွာ ရောက်နိုင်ကြပေမည်။ ယခုတော့ဇက်ရေယာဉ်က တစ်စင်းတည်း၊ ကူးသန်းမည့် မော်တော်ကားတွေကများ၊ ဘဲအုပ်က တစ်ရာ နှစ်ရာ မပေဒါက တစ်ပင်တည်း ဆိုသလို ဖြစ်နေသည်မှာ ဘာကြောင့်ပါလိမ့်၊ စီးပွားရေးဇယား မကိုက်လို့လား၊ ကျွန်တော့်စိတ်ထဲ တွေးစရာတွေ လှိမ့်ဝင်လာသည်။ ဒလမြို့ပေါ်ရောက်တော့ စားသောက်ဆိုင်တွင် နံနက်စောစော အစာဖြည့်ကြသည်။ ပြီးမှ ၉ မိုင် ၂ ဖာလုံခရီး စကြတော့သည်။ ကတ္တရာလမ်း ကောင်းသော်လည်း အချို့နေရာတွင် ချွတ်ယွင်းနေ၍ လမ်းကြမ်းသည်။ ကျွန်တော်သည် တွံတေးသို့ကုန်းလမ်းခရီး မော်တော်ကားဖြင့်ပထမဦး ဆုံးသွားဖူးခြင်းဖြစ်သည်။ သင်္ဘောဖြင့်သာ ရောက်ဖူးသည်။ အကြိမ်မရေတွက်နိုင်အောင် ရေလမ်းမှ ဖြတ်သန်းသွားဖူးသည်။

တွံတေး မရောက်မီ ဗောင်းတော်ချုပ် သာသနာပြု စခန်းသို့ ဝင်ရောက်ကြည်ညိုကြသည်။ ထို့နောက် ကျိုက်ဖူးကျိုက်ပါ ဘုရားသို့ ဝင်ရောက်ဖူးမျှော်ကြသည်။ စေတီတော်ကို ပြန်လည်မွမ်းမံပြုပြင်နေဆဲဖြစ်သည်။ တောကြီးမျက်မည်းထဲ၌ တည်ထားသော်လည်း လာရောက်ဖူးမျှော်သူများ မစဲလှပါ။ ရောက်ဖူးသူများလှသည်။ ကျွန်တော်သာ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။

www.burmeseclassic.com



ကျိုက်ဖူးကျိုက်ပါ စေတီတော်ကို ကြခတ်ဝါးရုံ မင်း သမီးကတည်ထားကိုးကွယ်ခဲ့သည်ဆိုသည်စစ်ကြိုခေတ်က ကျိုက်ဖူးကျိုက်ပါစေတီကို တွံတေး ရာဇဝင် သမိုင်းအဖြစ် ဒိုင်ဗင် ဖိုက်တင် စတန့်မင်းသား (ဦး)တင်ဖေ၊ မင်းသမီး (ဒေါ်) ခင်ခင်တင့်တို့ ဇာတ်ဆောင် ပါဝင်သော 'မောင်ဒီ' ခေါ် သိုက်သမိုင်း ရုပ်ရှင်ကား ရိုက်ကူးပြသခဲ့ သည်ကို ကြည့်ရှုခဲ့ရဖူးသည်။ နိုင်ငံခြားရုပ်ရှင်မှတာဇံခေါ် တော ရိုင်းဇာတ်ကားပြကွက်ဆန်ဆန်ရိုက်ကူးပြသသည်။ မင်း သားတင်ဖေက စကားမပြောဘဲ တာဇံကဲ့သို့ တောတွင်း လူရိုင်းလိုဝတ်ဆင်၍ 'မောင်ဒီ'အဖြစ် သရုပ်ဆောင် သည်။ မင်းသမီးခင်ခင်တင့်က ဘုရင်၏ ကြခတ်ဝါးရုံ ထားသော ပင်တိုင်စံမင်းသမီးတော်အဖြစ် သရုပ်ဆောင် သည်။ စတန့်မင်းသား တင်ဖေက ကြခတ်ဝါးရုံထဲ ဒိုင်ဗင် ထိုးဝင်ရောက်ပြီး ပင်တိုင်စံ ကြခတ်ဝါးရုံမင်းသမီး ခင်ခင် တင့်နှင့် အချစ်စခန်းဖွင့်သည်။ အသံတိတ် ရုပ်ရှင်ခေတ်ဖြစ် ၍ ရုပ်ရှင်ပြစဉ် တူရိယာဝိုင်း က 'တွံတေးရာဇဝင် မောင် တင်ဖေ၊ မခင်တင့် တွဲဖက် အသုံးတော်ခံ'ဟု ဇာတ်ဝင် သီချင်း တီးမှုတ်ပေးသည်။

အချို့က ကျိုက်ဖူးကျိုက်ပါ စေတီသမိုင်းကို ပါးစပ် ရာဇဝင်ကဲ့သို့'ကြိုက်ဖူးကြိုက်ပါ' ဟု အဓိပ္ပါယ် တလွဲတချော် ဖြစ်အောင် ပြောဆိုကြသည်ကိုလည်း ကြားဖူး သည်။ အမှန်မှာ 'ကျိုက်' ဆိုသည်မှာ မွန်ဘာသာဖြင့် ဘုရားစေတီကို ဆိုခြင်းဖြစ်သည်။ ရှေးအခါက ဒဂုန်၊ ဒလ၊ တွံတေးတို့မှာ မွန်တို့ကြီးစိုးရာဒေသဖြစ်၍ စေတီမြောက် မြားစွာ တည်ထားကိုးကွယ်ခဲ့ ကြသည်။

တွံတေး မြို့သို့မှန်လုံကားများဖြင့်ပင် သားသား

www.burmeseclassic.com



နားနား ခရီးသည် ပို့ဆောင်ပေးနေကြ၍ ကိုအေးထွန်းက ထမင်းဆိုင်ကောင်းကောင်း ရှိရာကို မေးမြန်းသဖြင့် လမ်းညွှန်သည့်အတိုင်း အိုကေထမင်းဆိုင်သို့ ဝင်လိုက်သည်။ စားပွဲထိုးက ပုဇွန်ထုပ်ဟင်းပါ ရမည်ဆို၍ ပုဇွန်ထုပ်ကို မမုန်းတမ်း စားလေ့ရှိသော ကျွန်တော့်အကြိုက် ဖြစ်သွားသည်။ တစ်ပိသာလျှင် ကျပ် ၁၅၀၀/- ထက် မလျော့ပါ။ ပုဇွန်ထုပ်ဆီပြန်သာမက အခြားဟင်းရံများလည်း အချက်အပြုတ်ကောင်း၍ တွံတေးတွင် ထမင်း မြိန်ခဲ့သည်။

ရွှေဆံတော် ဘုရားရောက်သောအခါမွန်းလွဲ ၁ နာရီခန့်ရှိပြီ။ တွံတေး ရွှေဆံတော် စေတီရင်ပြင်မှာ မမြင့်မားလှ။ စောင်းတန်းတိုတို နိမ့်နိမ့်ကလေးဖြစ်၍ ခါး နှင့်ခြေမသန်သော ကျွန်တော့်အဖို့ ဝမ်းသာစရာဖြစ်သည်။ စောင်းတန်းမှာ သန့်ပြန့်ရှင်းလင်းသည်။ ပန်းဆိုင်၊ နိဗ္ဗာန် ဆိုင်များရှိသော်လည်း အော်ဟစ်ရောင်းချခြင်း၊ မပြုဘဲ တိတ်ဆိတ် အေးချမ်းစွာ ရောင်းကြသဖြင့် ကြည်နူးစရာပင်။

ရင်ပြင်တော် အလွန်ကျယ်ဝန်းလှသော်လည်း အလွန်သန့်ပြန့် ရှင်းလင်းလှသည်။ ရှေးမူမပျက် အာရုံခံတန်ဆောင်းများ၊ ဇရပ်များရှိသေးသဖြင့် ရှေးမြန်မာ အနုပညာလက်ရာ စစ်စစ်ကို မြင်ရ၍ ကျက်သရေရှိလှသည်။ မွန်းလွဲနေပူရှိန် ပြင်းသည့်အချိန်ဖြစ်၍ ရင်ပြင်တော်အနှံ့ မလျှောက်နိုင်တော့ဘဲ အရိပ်ခိုလှုံကာ အချိန်ကြာမြင့်စွာ ဖူးမျှော်ကြည်ညိုခဲ့ရသည်။

ကျွန်တော်သည် တွံတေး ရွှေဆံတော်ဘုရားကို ဒုတိယအကြိမ် ဖူးမျှော်ရခြင်းပင်ဖြစ်သည်။ လွန်ခဲ့သော ၅၂ နှစ်ခန့်က ပထမအကြိမ်ဖူးမြော်ခဲ့ဖူးသည်။ ထိုစဉ်ယူဘီ

www.burmeseclassic.com



ခေါ် အစိုးရပိုင် သင်္ဘောဖြင့် ပျော်ပွဲစားထွက်ရင်း ဖူးမြော်ခဲ့ရသည်။ ကမကထပြုလုပ်သောပုဂ္ဂိုလ်မှာ မြန်မာနိုင်ငံအစိုးရ ပထမဆုံး ပြန်ကြားရေးဝန်ကြီးကျဆုံး သွားလေသော အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုဖြစ်သည်။

ဒီးဒုတ်ဦးဘချိုသည် နိုင်ငံကျော်စာရေးဆရာကြီး၊ သတင်းစာဆရာကြီး၊ နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ ဂီတ အနုပညာရှင်ကြီးလည်း ဖြစ်၍ စွယ်စုံရ ပုဂ္ဂိုလ်ကျော် ဖြစ်သည်။ ရှေးပဝေသဏီကစ၍ ဒီးဒုတ်ဂျာနယ်ကို ထုတ်ဝေခဲ့ပြီး နိုင်ငံရေးနိုးကြားမှု၊ အမျိုးသားရေး တက်ကြွမှုနှင့် နိုင်ငံတော်လွတ်လပ်ရေးအတွက် ထာဝစဉ် ရှေ့ဆောင်လမ်းပြခဲ့သည်။ ဒီးဒုတ်နေ့စဉ်သတင်းစာကိုလည်း ထုတ်ဝေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဖဆပလ အဖွဲ့ ချုပ်က ဘုရင်အမှုဆောင် ကောင်စီ အစိုးရအဖွဲ့ဝင်ဦး ဆောင်ပါဝင် ဆောင်ရွက်သောအခါ သူအကျွမ်းဝင်သည့် စာနယ်ဇင်းအပြင် အနုပညာနှင့်ပါဆိုင်သည့် ပြန်ကြားရေး ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စွယ်စုံရ ပညာရှင် နိုင်ငံရှေ့ဆောင် ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ကိုယ်နှုတ်နှလုံး (အပြောအဆို အမူအရာ) အားလုံး သိမ်မွေ့နူးညံ့လှသည်။ ငယ်ရွယ်သူတို့ကိုပင် နှိမ်၍ မဆက်ဆံ။ ဆရာတို့ဟုသာ ခေါ်ဝေါ်ဆက်ဆံလေ့ ရှိသည်။ သူနှင့် တွေ့လျှင် ပညာဗဟုသုတလည်းရသည်။ ကျောသားရင် သား မခွဲခြားဘဲ ဆက်ဆံတတ်၍ အတိုက်အခံ ဆန့်ကျင် ဘက်သားများကပင် ကြည်ညိုလေးစား ကြသည်။

"ဆရာတို့လည်း လွတ်လပ်ရေးအတွက် ကြိုးစားပမ်းစားနဲ့ သတင်းစာတာဝန်တွေ ထမ်းရတာ ပင်ပန်းလှပြီ။

www.burmeseclassic.com



တစ်နေ့လောက် ခရီးထွက်ပြီးအပန်းဖြေရအောင်” ဟု ဝန်ကြီးဦးဘချိုက သတင်းစာဆရာများအား အမိန့်ရှိလိုက်သည်။

၁၉၄၇ ခု၊ မေလ ၁၁ရက် တနင်္ဂနွေနေ့တွင် ယူဘီ အစိုးရ သင်္ဘောသုံးစင်းဖြင့် စားသောက်ဖွယ်ရာ အဖျော်ယမကာအစုံဖြင့် ဝန်ကြီး ဦးဘချိုနှင့် သတင်းစာတိုက်ပေါင်းစုံမှ သတင်းစာဆရာများသည် တွံတေးသို့ အပန်းဖြေ ခရီးထွက်ခဲ့ကြသည်။ ဒီးဒုတ်ဦးဘချိုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ခေတ်၌ စစ်ဘေးကို ရှောင်၍ တွံတေးတွင်ခိုလှုံခဲ့ကြသည်။ ဂျပန်ခေတ် ဗမာနိုင်ငံတော်အစိုးရ အတိုင်ပင်ခံ လွှတ်တော် အစည်းအဝေးရှိမှ ရန်ကုန်သို့ ရောက်ရှိလာတတ်သည်။ ထို့ကြောင့် ဦးဘချိုက တွံတေးကို သံယောဇဉ် ကြီးသည်။

တွံတေးရောက်သောအခါ ဝန်ကြီးဦးဘချိုက ရွှေဆံတော် ဘုရားကို ရှေးဦးစွာ ဦးခိုက်ဖူးမျှော်စေပြီး ဘုရားသမိုင်း ကို အကျဉ်းမျှ မိန့်ကြားသည်။ နေ့ခင်းပိုင်းတွင် တွံတေး ဆိုရှယ်ကလပ်၌ ဝန်ကြီး ဦးဘချို က ဘီလိယက်ထိုးကစားပြသည်။ ဝန်ကြီးနှင့်အတူ သွားရသော်လည်း ပျော်ပွဲစားခရီးဖြစ်၍ အဆောင်အယောင် အခမ်းအနားတွေမရှိ။ စိတ်လွတ်ကိုယ်လွတ်၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး အပန်းဖြေခဲ့ရသည်ကို ယခုထိတိုင် မမေ့နိုင် သေးပါ။

ယခု ဒုတိယအကြိမ် တွံတေး ရွှေဆံတော်ဘုရား ဖူးမျှော်ရာတွင် ထူးခြားမှုတစ်ခု တွေ့ခဲ့ရသေးသည်။ ‘ကြွက်အောင်မြေ’ဟုဆို၍ ထူးဆန်းသဖြင့် ဝင်ကြည့်မိခဲ့သည်။ မြို့ဘက်စောင်းတန်းထိပ် ရင်ပြင်တော်ထောင့်၌ ၁၃၄၃

www.burmeseclassic.com



ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၉ ရက်နေ့က အဆိပ်ပြင်းလှသည့်မြွေ၏အမြီးကို ကြွက်က ကိုက်ဖြတ်လိုက်သဖြင့် မြွေသေဆုံးသည်ဟုဆိုသည်။ ထိုအဖြစ်အပျက်ကို ဂေါပကအဖွဲ့က သရုပ်ဖော်ရုပ်တု ပြုလုပ်ထားသည်။

တွံတေးမှ မွန်းလွဲ ၁ နာရီ ခွဲတွင် ပြန်လာရာ ဒလဇက်ဆိပ်သို့ ၂ နာရီ မရောက်မီရောက်သည်။

ဒလဇက်ဆိပ်တွင် ၂ နာရီကျော်မျှ အချိန်ဖြုန်း၍စောင့်နေရပြီးမှ ရန်ကုန် ဘက်ကမ်းသို့ ကျွန်တော်တို့ ကူးလာနိုင်တော့သည်။ ဇက်ရေယာဉ်ကူးတို့ ပို့ချိန် ကုန်သွား၍ မော်တော်ကားကို ဒလဇက်ဆိပ်ကမ်းတွင် ထားခဲ့ရသော အဖြစ်မျိုးမကြုံရသဖြင့် ကံကောင်းသည်ဟု ဆိုရပေတော့သည်။

***

www.burmeseclassic.com

၃

# မီးပုံးပျံစီး၍စွန့်စားဝံ့သူ မြန်မာ့သူရဲကောင်း ဦးကျော်ရင်

ယနေ့ခေတ်တွင် မီးပုံးပျံစီး၍ စွန့်စားသူများပြန်လည်ခေတ်စားလာသည်။

ယခုခေတ် မီးပုံးပျံစီးသူများမှာ ခေတ်မီသိပ္ပံနည်းကျ မီးပုံးပျံပြုလုပ်ရသဖြင့် မပင်မပန်း၊ နေသာထိုင်သာ အိပ်စက်လဲလျောင်း စရာများဖြင့်မီးပုံးပျံအောက်တွင် အိပ်ခန်းသဖွယ် ပြုလုပ်ပြီး စားရေရိက္ခာဆေးဝါး အပြည့် အစုံ၊ ဝေဟင်နှင့်မြေပြင်ဆက်သွယ်ရေးကိရိယာများအပြင် ရုပ်သေ၊ ရုပ်ရှင်ရိုက် ကင်မရာများပါမကျန် သယ်ဆောင်သွားနိုင်ကြသည်။ ကြိုတင်ဝိုင်းဝန်းကူညီပံ့ပိုးကြမည့်သူများလည်း အဆင်သင့်စီစဉ်ထားပြီးဖြစ်သည်။ ထို့ကြောင့်ကမ္ဘာကို ရက်ရှည်ပတ်၍စီးရန် ကြိုးစားကြသော်လည်း မပင်ပန်းလှပေ။ အပျော်ခရီးကဲ့သို့ ဖြစ်လေသည်။

အကယ်၍ မမျှော်လင့်သော အရေးအကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါကလည်း ကယ်တင်ရှင်များအဆင်သင့် ရှိသဖြင့် စိုးရိမ်စရာမရှိပါ။

www.burmeseclassic.com



ရှေးခေတ်က မီးပုံးပျံစီးသူ မြန်မာလူမျိုး ဦးကျော်ရင်လောက်မစွန့်စားရ၍ လွယ်ကူလှပါသည်။ မီးပုံးပျံချင်းလည်း အလွန်ခြားနားလှပါသည်။

ထားဝယ်သား ကျောင်းဆရာဦးကျော်ရင်သည် မည်သို့သော အကျိုးအမြတ်ကိုမှ မမျှော်ကိုး၊ အခွင့်အရေးကိုလည်းမယူဘဲ မြန်မာ့သတ္တိ ကမ္ဘာကသိအောင်အစွမ်းပြသောအားဖြင့် ရေနံချေးလောင်းစာကို မှိုင်းခံ၍သာ ကိုယ့်အားကိုယ်ကိုး သာမန်မီးပုံးပျံစီးပြခဲ့သော မြန်မာသူရဲကောင်း ဖြစ်သည်။ မီးပုံးပျံအောက်တွင် တွဲလောင်းချိတ်ဆွဲထားသော သံကိုင်းပေါ်တွင်ခွထိုင်၍ စီးရသဖြင့် အလွန်အန္တရာယ်များလှပါသည်။ မီးပုံးပျံဝေဟင်သို့ ရောက်သွားလျှင် မြေပြင်နှင့် အဆက်ပြတ်၍ အားကိုးစရာမရှိဘဲ အထိန်းအကျောင်းမရှိသော မီးပုံးပျံကို လေနှင့်အတူ မိမိကံအကြောင်းတရားအတိုင်း ကမ္ဘသကာ ဖြစ်လေသည်။ ရေထဲကျသွားလျှင်လည်း ရေကူးနိုင်ရန် အသက်ကယ်ဘောကွင်းတစ်ခုသာ သူ့အတွက် အားကိုးစရာ ကယ်ဆယ်ရေးပစ္စည်းဖြစ်လေသည်။

သေလျှင်မြေကြီးသာ ဖြစ်မည်ဖြစ်၍ အစွမ်းပြ၍ အသက်ရှင်ခဲ့သော်လည်း ရွှေထီးမဆောင်းခဲ့ပါ။ မည်သည့်ဘွဲ့ထူး ဂုဏ်ထူးမှလည်းမရခဲ့ဘဲ ပြည်သူလူထုကသာ မြန်မာ့သူရဲကောင်းဟု ချီးကျူးပြောဆိုခြင်းကို ခံရပါသည်။

ကျွန်တော်တို့ ငယ်စဉ်ကကျောင်းသားဘဝက ဦးကျော်ရင် မီးပုံးပျံစီးသည်ကို နှစ်ကြိမ်ခန့် အနီးကပ်ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သည်။

မှတ်မိသလောက်မှာ ယခုဗြိတိန်ဘုရင်မကြီး ဒုတိယမြောက် အဲလီဇဘက်၏ ဘိုးတော်ပဉ္စမမြောက်

www.burmeseclassic.com



ဂျော့ဘုရင်ကြီး၏ နန်းသက် ၂၅ နှစ်မြောက် ငွေရတု သဘင် ကျင်းပစဉ်က ယခုဘုရင်မကြီး၏ ဘကြီးတော် ဆဋ္ဌမမြောက် ဧဒွက်ဘုရင်ကြီး အချစ်အတွက် နန်းစွန့် သွားသဖြင့် ယခုဘုရင်မကြီး၏ခမည်းတော် ဆဋ္ဌမ မြောက် ဂျော့ဘုရင်အဖြစ် နန်းတက်ပွဲကျင်းပစဉ်ကဟု ထင်ပါသည်။ ရန်ကုန်မြို့ သိမ်ဖြူကွင်း (ယခု မော်တော် ကားမောင်းသင်ကွင်းနေရာ) တွင် ဦးကျော်ရင် မီးပုံးပျံ စီးပြလေသည်။ နှစ်ပေါင်း ၆၀ကျော်ခဲ့ပါပြီ။ ဦးကျော်ရင် သည် သူ့အသိုင်းအဝိုင်း ကူညီသူ အနည်းငယ်ဖြင့်သာ မီး ပုံးပျံစီးရန် အစီအစဉ် ပြုလုပ်မည်။ ရေနံချေးလောင်စာ ဖြင့် မီးပုံးပျံကြီးကို မှိုင်းခံရာတွင် မြေပြင်၌ ခိုင်ခံ့သော ကြိုးများဖြင့် ဆိုင်းထားသည်။

ဦးကျော်ရင်သည် အရွယ်ကောင်း ၊ အရပ်မနိမ့် မမြင့်၊ မပိန်မဝဘဲ တောင့်တင်းကြံ့ခိုင်သော ကိုယ်လုံး ကိုယ်ထည်ဖြစ်သည်။ ပိုးခေါင်းပေါင်း ပန်းရောင် ကိုယ်တိုင် ပေါင်းပြီး အသားကပ်အင်္ကျီဖြူ အသားကပ် ဘောင်းဘီ ရှည်ဖြူ ဝတ်ဆင်၍ ပိုးတောင်ရှည်ပုဆိုးကို ဇာတ်သဘင် ထဲမှ မင်းသားလတ်များကဲ့သို့ ခါးတောင်းကျိုက်ကာ ကင်း ဗတ်ဖိနပ်အဖြူစီးထားသည်။

ကိုလိုနီခေတ်ဖြစ်၍ သူ့လက်နှစ်ဘက်တွင် ဗြိတိ သျှ တို့၏ ယူနီယံဂျက်အလံနှင့် ယူနီယံဂျက် အလယ်တွင် ကဒေါင်း ရုပ်ပါသော မြန်မာနိုင်ငံ အစိုးရ၏ အလံတို့ကို ကိုင်ဆောင်ထားသည်။

မီးပုံးပျံကြီးမှိုင်းအားပြည့်လုလုတွင် မီးပုံးပျံဆိုင်း ကြိုးထိန်းသူများက မြေပြင်၌ ဆိုင်းထားသော ကြိုးများကို တစ်ချောင်းပြီးတစ်ချောင်းအစီအစဉ် လိုက်ဖြုတ်ကြသည်။

www.burmeseclassic.com



မှိုင်းအားပြည့်၍ မြေပြင်၌ နောက်ဆုံး ထိန်းထားသော ကြိုးများမဖြုတ်မီ ဦးကျော်ရင်သည် ဝိုင်းဝန်းကြည့်ရှုအားပေးနေကြသည့် မင်းပရိသတ်အား လက်နှစ်ဘက်တွင် ကိုင်ထားသော အလံ ၂ ခုကို ကြက်ခြေခတ် ဝှေ့ယမ်းပြီး ဦးထိပ်ထက်တွင် အလံများ မြှောက် အလေးပြုကာ 'လွှတ်' ဟုဆိုပြီး တစတစ အား ယူတက်သွားသော မီးပုံးပျံကြီးအောက်၌ တွဲလောင်းချိတ် ဆွဲထားသည့် သံကိုင်းကိုတွယ်ခို၍ ဂျွမ်းတစ်ပတ်ထိုးပြီး သံကိုင်းပေါ် ခွထိုင်ကာ စီးနင်းလိုက်ပါသွားသည်။

ပရိသတ်ကြီး၏ လက်ခုပ် သြဘာသံနှင့်အတူ ဦးကျော်ရင်ကလည်း အလံနှစ်ခုကို မီးပုံးပျံစီးရင်း ဝှေ့ယမ်းပြသွားသည်။

ဦးကျော်ရင် မီးပုံးပျံစီးခြင်းမှာ လောင်စာမှိုင်းအားရှိသလောက် ဖြစ်၍ နာရီပိုင်းလောက်သာကြာသည်။ လောင်စာကုန်၍ မှိုင်းအန်ပြီး မီးပုံးပျံကြီး မြေပြင်သို့ကျသွားလျှင် ရောက်ရာဒေသမှ အကူအညီယူ၍ ပြန်ခဲ့ရသည်။ အကူအညီ ကြိုတင်စီစဉ်မှု လုံးဝမရှိပေ။

ခေတ်မီ သိပ္ပံနည်းကျမဟုတ်ဘဲ သမားရိုးကျ သဘာဝ မီးပုံးပျံစီးနည်းသာဖြစ်၍ ကိုယ့်အားကိုယ်ကိုး အလွန်စွန့်စားရသော သူရဲကောင်းတို့၏ စိတ်ဓါတ်ဖြင့် မြန်မာ့သတ္တိပြခြင်းဖြစ်သဖြင့် ဦးကျော်ရင် မီးပုံးပျံစီးခြင်းကို ယခုထိတိုင် ပို၍ အံ့သြပြီး အလွန် ချီးကျူးဖွယ် ကောင်းလှသည်။

ဒုတိယ အကြိမ် မီးပုံးပျံစီးရာတွင် ဦးကျော်ရင်မှာ ကံအကြောင်းမလှ၍ ကန်တော်ကြီးအလွန် ယခု တာမွေ အထက(၁)အနီး ကျုံက္ကဆံ လမ်းထိပ်တွင် မြင့်မားသော

www.burmeseclassic.com



သစ်ပင်ထိပ်ဖျားနှင့် ရိုက်မိ၍ မီးပုံးပျံမှ ပြုတ်ကျသဖြင့် ခြေထောက်တွင် ဒဏ်ရာရသွားလေသည်။

အေဝမ်းဖလင်မှ ဒါရိုက်တာ ဦးတင်မောင်က မြဂနိုင်ဇာတ်ကားရိုက်ကူးရာတွင် ပုလိပ်များလိုက်ဖမ်း၍ ထွက်ပြေးလာသော နာမည်ကျော် စတန့်ရုပ်ရှင်မင်းသား (ဦး)ချစ်ရွှေသည် စမ်းချောင်းပဒုမ္မာကွင်း၌ မီးပုံးပျံစီးရန် သံကိုင်းကိုတွယ်ခိုလိုက်မည့်ဦးကျော်ရင်အား တွန်းဖယ်ပြီး မီးပုံးပျံစီးနင်းပါးသွားပုံ ရိုက်ကူးသည်။

မြဂနိုင်ဇာတ်ကားတွင် ချစ်ရွှေက မီးပုံးပျံစီး၍ စတန့်လုပ်ပြီး သရုပ်ဆောင်သည်ကို အားကျမခံဘဲ ဗြိတိသျှဘားမားရုပ်ရှင် (ယခုညွှန့်မြန်မာ)က လူစွမ်းကောင်း ဇာတ်ကားရိုက်ကူးရာတွင် နာမည်ကျော်စတန့်ရုပ်ရှင်မင်းသား (ဦး)တင်ငွေ (နောင် မယ်သီတာနှင့် ရုပ်ရှင်သရုပ်ဆောင် သီတာခင်ထွေး၏ ခင်ပွန်းနှင့် စစ်ပြီးခေတ် ရေတပ်၌ အမှုထမ်းသူ)က လေယာဉ်ပျံစီးပြီး ဂျွမ်းထိုးမှောက်ခုန်လုပ်၍ သရုပ်ဆောင်ရိုက်ကူးသည်။

၎င်းတို့ကို အားကျ၍ ရန်ကုန်မြို့ ဗိုင်းရေအိုးစင်ရပ် ရတနာလမ်းနေ ရှေးခေတ်မြန်မာ့ရုပ်ရှင်တွင် ဇာတ်ပို့ အမျိုးသမီးသရုပ်ဆောင် ဒေါ်မြကြီး၏ သမီးဖြစ်သူ ထိုစဉ်က အသက်နှစ်ဆယ်ခန့်ရှိဦးမည့် မတင်နုကလည်း မီးပုံးပျံစီး၍ စွန့်စားကာ မြန်မာအမျိုးသမီးတို့၏ သတ္တိကို ပြမည်ဟုဆိုလာသည်။ ဒေါ်တင်နုမှာ မျက်နှာဖြူကပြားမလို အသားဖြူဖွေးပြီး၊ ရုပ်ချော၊ ကိုယ်လုံးလှပ ကျော့ရှင်း၍ သွက်လက်ဖျက်လက်သူဖြစ်သည်။

အမျိုးသမီးဖြစ်၍ အန္တရာယ်များလှသဖြင့် မီးပုံးပျံစီးရန် အစိုးရခွင့်မပြု၍ မီးပုံးပျံမစီးခဲ့ရသော်လည်း၊

www.burmeseclassic.com



မီးပုံးပျံ မတင်နေပဟု အမည်တွင်ရစ်ခဲ့သည်။

မီးပုံးပျံစီး၍ မြန်မာ့သတ္တိနှင့် လုံ့လဝီရိယကို ပြခဲ့သော မြန်မာသူရဲကောင်း ဦးကျော်ရင်မှာ ပုဂ္ဂလိကပိုင် မြန်မာ့အလင်းသတင်းစာတွင် ကျွန်တော်တို့နှင့်အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကွယ်လွန်သူ အယ်ဒီတာ ကာတွန်း ဆရာ ဦးကျော်ဆန်း၏ ဖခင်ဖြစ်လေသည်။

* * *

www.burmeseclassic.com

## ၆

## အတွေးနယ်ချဲ့မိပုံက နှစ်ဆယ်ရာစု ကုန်လုလု

ခရစ်နှစ် (ကမ္ဘာ့ပြက္ခဒိန်နှစ်) ၁၉၉၉ ခုထဲ ရောက်လာပြီ။ နှစ်ဆယ်ရာစု၏ နောက်ဆုံးနှစ်လည်းဖြစ်ပြီး ကိုးသုံးလုံးပူးသဖြင့် အမျိုးမျိုးတွေးကြသည်။ ထူးခြားသော တိုက်ဆိုင်မှုများလည်းရှိ၍ တွေးစရာပင်။

နဝင်းကျေသဘောအရ ကုန်ဆုံးခဲ့သော ၁၉၉၈ ခုကို ဂဏန်းလေးလုံးပေါင်းပြီး နဝင်းချေလိုက်လျှင် အကြွင်းမရှိ၊ နဝင်းကျေသည်။

၁၉၉၉ ကို ဂဏန်းလေးလုံးပေါင်းပြီး နဝင်းချေလျှင် နဝင်းမကျေဘဲ အကြွင်း ၁ ဖြစ်နေသည်။

အတွေးသက်သက်ပါ။ နက္ခတ်ဗေဒင် ကိန်းခန်းအရ မဟုတ်ပါ။ ဗေဒင်ပညာလည်း မတတ်ကျွမ်းပါ။ တဘောင်လည်းမဟုတ်။ အတွေးသမားတစ်ဦးအနေဖြင့် စိတ်ကူးပေါက်ရာ တွေးမိခြင်းသာ ဖြစ်သည်။

စေ့စေ့တွေးတော့ ရေးရေးပေါ်ဆိုသလိုပင် အတွေးမျှင်မပြတ်တော့ဘဲ တသီတတန်းကြီးပေါ်လာတော့သည်။ တွေးလေတွေးလေ အတွေးအမျှင်တွေ အများကြီးပေါ်လာပြန်သည်။

www.burmeseclassic.com



ခရစ်နှစ်(ကမ္ဘာ့ပြက္ခဒိန်) ၂၀၀၀ ရောက်ဖို့ ၂၁ ရာစု စရန် လပိုင်းမျှသာလိုတော့သည်။ ၂၀၀၀ ကို နဝင်းချေလိုက်လျှင် ၂ ကြွင်းသည်။ ယခုနှစ်က ၁ ဖြစ်ပြီး နောက်နှစ်ကျတော့ ၂ ဖြစ်လာမည်။ ထိုနည်းလည်း ကောင်းပင် ၂၀၀၁ ခုနှစ်၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉ ခုနှစ်တို့ကို ဂဏန်းလေး လုံးပေါင်းလိုက်လျှင် ၃၊၄၊၅၊၆၊၇၊၈၊၉၊၁၀၊၁၁ ဂဏန်း အစီအစဉ်ဖြစ်လာသည်။ ၂၀၀၇ ခုနှစ်မှာ အစီအစဉ် ၉ ဖြစ်၍ နဝင်းကျေနှစ်ဖြစ်သည်။

ဂဏန်းအစီအစဉ်အတိုင်း ကမ္ဘာကြီးတွင် ဘာလုပ်၍ ဘာတွေဖြစ်လာမည်တော့ မသိပေ။

ကမ္ဘာ့လူသားထဲမှ တစ်ဦးဖြစ်သော ကျွန်တော့် အနေဖြင့် ကိုယ်ရေးကိုယ်တာအရဆိုလျှင် ကျွန်တော် သည် ၁၉၉၈ ထဲတွင် ကျန်းမာရေးအတော် ချို့တဲ့ သည်။ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ လေငန်း စသော ဝေဒနာကြီးများ မဟုတ်သော်လည်း ခါးရိုးကျီး ပေါင်းတတ်ဝေဒနာမှာ အသွားအလာ အနေအထိုင်နှင့် အိပ်စက်ရာတွင် အမျိုးမျိုးဒုက္ခပေးသည်။ နိုင်ငံခြားပြန် အထူးကုသမား တော်ကြီးကိုယ်တိုင်က ကုသ၍ မရတော့ ဆို၍ ပရိတ်ကြီး ၁၁ သုတ်ထဲမှ ဗောဇ္ဈင်သုတ်ကို အားကိုး၍ ရွတ်နေရသည်။ ဗောဇ္ဈသုတ်သည် ရောဂါဝေဒနာ ပြင်းထန်စွာခံစားရသောအခါ ရွတ်ဆိုလျှင် သက်သာချမ်း သာနိုင်သည်ဟု မြတ်စွာဘုရားက မိန့်တော်မူထားသည်။

တီဘီရောဂါမဟုတ်သော်လည်း လွန်ခဲ့သော ၁၈ နှစ်လောက်က ရုတ်တရက် အပြင်းဖျားနား၍ အလုပ် သမားဆေးရုံကြီး၌ အဆုတ်ထဲမှ ရေနှင့်အသားစ ထုတ်ယူ

www.burmeseclassic.com



ကာ ရောဂါရှာဖွေကြပြီး တီဘီဟု မသင်္ကာဖွယ် ထင်ရသော မှတ်ချက်ဖြင့် ခြောက်လကျော်မျှ တီဘီကာကွယ်ဆေးကို နေ့စဉ်ထိုးခဲ့ရသည်။ အဆုတ်အအေးမိတတ်သဖြင့် ချောင်းဆိုးရင်ကျပ် မကြာခဏ ဖြစ်တတ်သည်။ ညမိုးမှောင်သောအခါ အသက်ရှူကျပ်သဖြင့် အိပ်၍မရဘဲ ထထိုင်နေရသည်။ ထိုဝေဒနာများအတွက်ကိုမူ အစားသောက်ရှောင်၍ ရေချိုးဆင်ခြင်ပြီး နွေးနွေးထွေးထွေးနေကာ ဆေးဝါးမှီဝဲရသေးသည်။

ကျွန်တော့် မွေးလ၊ မွေးရက်၊ မွေးနေ့မှာ ကမ္ဘာ့ပြက္ခဒိန်အရ ဖေဖော်ဝါရီလ ၅ ရက်၊ သောကြာနေ့ ဖြစ်သည်။ မြန်မာပြက္ခဒိန်အရဆိုလျှင် တပို့တွဲလဆုတ် ၉ ရက်၊ သောကြာနေ့ဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ဖေဖော်ဝါရီလ ၅ ရက်မှာ သောကြာနေ့ဖြစ်၍ ကျွန်တော့်မွေးရက်နှင့် တိုက်ဆိုင်နေသည်။ တပို့တွဲလဆုတ် ၅ ရက်နေ့ နှင့် ထပ်တူဖြစ်နေသည်။ တပို့တွဲလဆုတ် ၉ ရက်နေ့မှာလည်း ဖေဖော်ဝါရီလ ၉ ရက်နေ့ပင်ဖြစ်၍ ၉ ရက်နေ့ချင်း ထပ်တူတိုက်ဆိုင်နေပြန်သည်။ ထိုသို့ ထူးခြားစွာ တိုက်ဆိုင်နေသဖြင့် ထိုနေ့ မွေးနေ့မတိုင်မီ အတော်ကိုနေမကောင်းဖြစ်မိ၍လည်း သို့လော. . . သို့လော တွေးလာမိသည်။ တပို့တွဲလဆုတ် ၉ ရက်နေ့မှာ ရက်ရာဇာ ဖြစ်၍ အတော်စိတ်သက်သာသွားမိပါသည်။

ကျွန်တော့် မွေးသက္ကရာဇ်မှာ ၁၂၈၇ ခုနှစ်၊ ခရစ်နှစ် ၁၉၂၆ ခုနှစ်ဖြစ်၍ ထိုဂဏန်းများကို ပေါင်းပြီး နဝင်းချလိုက်လျှင် အကြွင်းမရှိ၊ နဝင်းကျေနေသည်။ အဘဦးထွန်းဦး၊ အမိ ဒေါ်နှင်းရီတို့၏ သောကြာနေ့ ဖွား သားအငယ်ဆုံးကို ဇာတာခွင်အရ အမည်သညာ ခေါ်စရာ

www.burmeseclassic.com



ကား (မောင်)သန်းညွန့်ဖြစ်၍ (သ)အက္ခရာမှာ နေ့နံသင့် ၆ ဂဏန်းဖြစ်ပြီး (ည)အက္ခရာမှာ နေ့နံအရ ၃ ဂဏန်း ဖြစ်သဖြင့် ပေါင်းလိုက်လျှင် ၉ ဖြစ်လာပြန်၍ နဝင်းကျေ သွားပြန်သည်။

ကိုးဂဏန်းကို လူအများစုက အတော်ပင် အာရုံ ပြုကြသည်။ နဝင်းဟုလည်း အလေးထားကြသည်။

ကျွန်တော့် အတွေးတွေ နယ်ကျယ်သွားတော့ သည်။ မဆုံးနိုင်ဘဲ ထပ်၍ နယ်ချဲ့လိုက်မိသေးသည်။ ယခု မြန်မာသက္ကရာဇ်မှာ ၁၃၆၀ ပြည့်ဖြစ်၍ ဂဏန်းလေးလုံး ပေါင်းပြီး နဝင်းချေလိုက်လျှင် နဝင်းမကျေဘဲ ယခုနှစ် ၁၉၉၉ ခုလိုပင် အကြွင်း ၁ ပင် ဖြစ်နေ၍ ယခုနှစ် မြန်မာ သက္ကရာဇ်နှင့် ခရစ်နှစ်တို့မှာ အကြွင်း ၁ ချင်း တူနေပြန် သည်။

မြန်မာသက္ကရာဇ်ကို နောက်နှစ် နောက်နှစ်များ ကို ပေါင်း၍ နဝင်းချေလိုက်လျှင် အကြွင်း ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ စသဖြင့် ခရစ်နှစ်နှင့် ထပ်တူ ဂဏန်းအစီအစဉ်လိုက် တိုက်ဆိုင်နေပြန်သည်။

အတိတ်နိမိတ်တော့ မကောက်တတ်ပါ။ အတိတ် ကောက်ရန် အတော်ခက်လှပါသည်။ စစ်မဖြစ်မီ ကျွန် တော်တို့ငယ်စဉ် ကျောင်းသားဘဝက ရန်ကုန်မြို့ပေါ် ရပ်ကွက် ဆွမ်းကြီးလောင်းပွဲ၊ မဟာဒုတ်ပွဲစသော ပွဲတော် များတွင် လောင်းကစားဝိုင်းများကို တရားဝင် ဖွင့်ခွင့်ပေး လေ့ရှိသည်။ သုံးကောင်ထီတွင် ထီဆရာက (တွံတေး သဘော် တာဝဆိုက် မြာကကြိုက်တော့ ဟစ်လို့ ဟစ်လို့ ခေါ်) ဟု အတိတ်စိမ်းပေးသည်ကို မှတ်မိသေးသည်။ ကံ စမ်းထီထိုးသူများက ထိုခေတ် နာမည်ကျော် ရုပ်ရှင်

www.burmeseclassic.com



မင်းသား (ဦး)ဘတင့်၊ ဘမြင့်၊ ဘချစ်၊ မောင်မောင်အေး၊ မောင်မောင်လေး၊ ဒိုင်ဗင်ဖိုက်တင် စတန့်မင်းသား တင်ငွေ၊ တင်ဖေ၊ ကျော်အေး၊ ချစ်ရွှေ စသဖြင့် အတိတ်စိမ်းကောက်၍ ကိုယ့်အကြိုက် ရုပ်ရှင်မင်းသား နာမည်များကို ဖော်ပြပြီး ထီထိုးကြသည်။

အချိန်တန်၍ ထီဆရာက ထီဖွင့်ပြီး ချိတ်ပိတ်ထားသော စာအိတ်ကို ဖွင့်လိုက်သောအခါ (ဘိုးစိန်ကြီး သုံးစုံ) ဟု အော်ဟစ်ကြေညာပြီး သဘင့်ဥသျှောင် နိုင်ငံကျော်ဇာတ်မင်းသား ဂရိတ်ဦးဘိုးစိန်ကြီး၏ ခာတ်ပုံသုံးပုံကို ပရိသတ်အားလုံးမြင်အောင်ပြလိုက်သည်။ ထီထိုးသူများက ရုပ်ရှင်ကိုသာ အာရုံထား၍ ဇာတ်သဘင်ကို မေ့နေကြသည်။ ဦးဘိုးစိန်ကား ထိုခေတ်က အထက်တန်းစား အမျိုးသမီး ပွဲကြည့်ပရိသတ်များကပင် စွဲမက်ကြ၍ ဆေးပေ့ါလိပ်ကြီးထဲ ရွှေဒင်္ဂါးပြားထည့်ပြီး လက်ဆောင်ပေးလေ့ရှိကြသည်။ ရုပ်ရှင်မင်းသားများထက် စန်းပွင့်သော ဦးဘိုးစိန်ကြီးကို သတိမထားကြသဖြင့် အတိတ်စိမ်းကောက်ပုံ တက်တက်စင်အောင် လွဲမှားပြီး ထီပေါက်သူမရှိဘဲ လုံးဝ ဒိုင်စားခံလိုက်ရသည်။ သုံးကောင်ထီမှာ ချိတ်ပိတ်စာအိတ်ထဲတွင် ခာတ်ပုံသုံးပုံထည့်ထားရာ တစ်ပုံတစ်မျိုးစီ ဖြစ်ချင်ဖြစ်မည်။ မျိုးတူ နှစ်ပုံ ဖြစ်ချင်ဖြစ်မည်။ မျိုးတူ သုံးပုံလည်း ဖြစ်နိုင်သည်။ သုံးပုံမှန်လျှင် ဆုငွေသုံးဆ၊ နှစ်ပုံမှန်လျှင် ဆုငွေ နှစ်ဆ၊ တစ်ပုံမှန်လျှင် ဆုငွေ တစ်ဆသာရသည်။

အတိတ်စိမ်းကောက်ရသည်မှာ မလွယ်လှဘဲ ကပ်၍လွဲတတ်သည်ကိုလည်း ရယ်စရာအဖြစ် ဖတ်ဖူးသည်။

www.burmeseclassic.com



စစ်ပြီးစ ၁၉၄၇ ခုနှစ်က တစ်ကျပ်တန်၊ လစဉ် ထုတ်စာစောင်တွင် (အမည်မမှတ်မိတော့) နာမည်ကြီး စာရေးဆရာတစ်ဦး၏ အတိတ်စိမ်းကောက်သော 'သုံးရောင်ခြယ်' ဆိုသည့် ဟာသစာတစ်ပုဒ်ကို သတိရမိသေးသည်။

မြင်းပွဲဝါသနာအိုးဖြစ်၍ အတိတ်စိမ်းကောက်လေ့ရှိရာ၊ ထိုအပတ် မြင်းပွဲနေ့မှာ မတ်လဆန်း ၃ ရက်ဖြစ်၍ ၃ ဂဏန်းကို အတိတ်စိမ်းကောက်လိုက်သည်။ သူကြိုက်သည့် မြင်းမှာလည်း တတိယပွဲစဉ်မှ သုံးရောင်ခြယ် အမည်ရှိ မြင်းဖြစ်၍ မြင်းနံပါတ်မှာ ၃ ဖြစ်နေပြန်သည်။ မြင်းပွဲသို့ ဂျစ်တက္ကစီကား ငှားစီးသွားရာတွင် ဂျစ်ကားနံပါတ်မှာ RC3 ဖြစ်နေပြန်သည်။ (C)ဆိုသော အက္ခရာမှာ A B C အင်္ဂလိပ်အက္ခရာတွင် တတိယစာလုံး ဖြစ်ပြီး နံပါတ်ကလည်း ၃ ဖြစ်နေ၍ သူ၏ အတိတ်စိမ်းမှာ အားလုံးတိုက်ဆိုင်နေသည်။ ထို့ကြောင့် သုံးရောင်ခြယ် အမည်ရှိမြင်းကိုသေချာပေါက်တွက်၍ (PLACE) ပလေးပင် အခုအခံမထားတော့ဘဲ ရှိသမျှ ပိုက်ဆံကို (WIN)ဝင်းချည်းပုံအောလိုက်သည်။ မြင်းနံပါတ် ၃ သုံးရောင်ခြယ်သည် တာထွက်မှစ၍ တာလမ်းတစ်လျှောက်လုံး ရှေ့ဆုံးမှပြေးလာသဖြင့် တစ်ကွင်းလုံး သုံးရောင်ခြယ်ဟူသော အသံများဆူညံနေသည်။ ပန်းအဝင်တွင် အခြားမြင်းများနှင့် ရောထွေးပြီး အုပ်လိုက် ဖြစ်သွားသည်။ နိုင်မြင်းများ ကြေညာသောအခါ မြင်းနံပါတ် ၃ ရောင်ခြယ်မှာ တတိယဖြစ်သွားသည် ဟူ၏။

ဆင်ခြင်စရာကား အတိတ်စိမ်း ကောက်ရာတွင် ဆုံးအောင်မကောက်ဘဲ လောဘကြီး၍ ဝင်းချည်းပုံအော

www.burmeseclassic.com



လိုက်သည်။ ဆုံးအောင် အတိတ်ကောက်လျှင် အကယ်၍ ခြေချော်လက်ချော်ဖြစ်ခဲ့သော် တတိယနေရာ ဖြစ်သွားနိုင်၍ (ပလေး)ကို သတိထားမိပြီး ပလေးခံထိုးလိုက်ပါကတတိယဆုရမည်ဖြစ်သဖြင့် အရှုံးမရှိဘဲ အရင်းရဦးမည်။ ပလေးထိုးလျှင် တတိယပန်းဝင်သော မြင်းအထိဆုငွေ အလျော်ခံရသည်။ ပလေးမခံမိ၍ အပြန်တွင် လမ်းစရိတ် မရှိသဖြင့် အိမ်သို့ ခြေလျင်ပြန်ခဲ့ရသော ကိန်းဆိုက်တော့ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၈၁
# နှစ်သစ်မင်္ဂလာ အေးချမ်းသာ ယာ

သက္ကရာဇ် ၁၃၆၁ ခုနှစ်သို့ ရောက်ပြီ။

၁၃၆၁ ခု နှစ်သစ်ကူးသည် ထူးပါ၏။ ဆန်းပါဘိ။

မြန်မာနှစ်သစ်ကူး အခါတော် သင်္ကြန်သည် နှောင်းတန်ခူးလတွင် ကျရောက်လေ့ရှိသည်။ ဦးတန်ခူးလတွင်သာ နှစ်ဆန်းလာတတ်သည်။ ၁၃၆၁ ခုနှစ်သည် ကဆုန်လဆန်း ၃ ရက်နေ့ကျမှ နှစ်ဆန်းတော့သည်။ ဦးကဆုန်ရက်ဟုပင် ခေါ်ရသေးသည်။

တန်ခူးလ တစ်လလုံးသာမက ကဆုန်လဆန်း ၂ ရက်နေ့အထိပင် ၁၃၆၀ ပြည့်နှစ်ဟောင်း ဖြစ်၏။ ၁၃၆၀ ပြည့်နှစ်ဟောင်းသည် နှောင်းရက်တွေများ၍ အခါနှောင်းသည့် ကာလရှည်ကြာလှသည်။ နှောင်းကဆုန်လဆန်း ၂ ရက်ဟုပင် ဖြစ်သွားသေးသည်။ နှောင်းကဆုန်ရက်ဆိုသည်မှာ ကြုံတောင့် ကြုံခဲလှသည်။

www.burmeseclassic.com



၁၃၆၀ ပြည့်နှစ်ဟောင်း ကုန်လုလု၊ သင်္ကြန် အကြိုနေ့ နှောင်းတန်ခူးလဆုတ် ၁၃ ရက် (၁၃. ၄. ၉၉) တွင် တစ်နေ့လုံး မိုးအုံ့၍ ပူအိုက်သော ရာသီဥတုဒဏ်ကို ခံစားနေရသော ရန်ကုန်လူထုအား အပူသက်သာစေသည်။ မိုးဖွဲကလေးများပင် ကျလိုက်သေးသည်။

ထိုည ၁၀ နာရီခွဲတွင် လေငြိမ်၍မိုးသည်းထန်စွာ ရွာသွန်းလာတော့သည်။ အဆက်မပြတ် ရွာသွန်းရာ၊ အချိန်အနည်းငယ်သာ မိုးအရှိန်လျော့ပြီး မိုးရာသီ အလယ်ခေါင်ကဲ့သို့ မာန်ဟုန်ပြင်းပြင်းဖြင့် သဲကြီးမဲကြီး တစ်ညလုံး ရွာသွန်းသည့်အပြင် သင်္ကြန်အကျနေ့ နှောင်းတန်ခူးလကွယ် (၁၄. ၄. ၉၉)နေ့ မွန်းလွဲပိုင်းအထိ မိုးသည်းထန် လှသည်။

မိုးလေဝသဌာန၏ ကြေညာချက်အရ ၅၃ နှစ်အတွင်း ကော့သောင်း၌ မိုးရေချိန် စံချိန်သစ်တင်ပြီး ရန်ကုန်မြို့လယ်၌ ၁၀ ဿမ ၃၅ လက်မ ရွာသွန်းခဲ့ကြောင်း ကမ္ဘာအေး၌ ၇ ဿမ ၃၂ လက်မ၊ ထားဝယ်၌ ၅ -ဿမ ၁၆ လက်မ၊ မင်္ဂလာဒုံ၌ ၄ ဿမ ၆၄ လက်မ၊ ကော့သောင်း၌ ၃ ဿမ ၃၁ လက်မ ရွာသွန်းကြောင်း။ ကမ္ဘာအေးတွင် ၃၁ နှစ်အတွင်း စံချိန်သစ်တင်ပြီး မင်္ဂလာဒုံ၌ ၅၂ နှစ်အတွင်း စံချိန်သစ်တင်သည်ဟု ဆို၏။ နွေရာသီတွင် ရေခန်းလုလု ဖြစ်နေသော ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ မြစ်ချောင်း၊ အင်းအိုင်များ ရေပြည့်လျှံသွားတော့သည်။

သီးနှံစိုက်ပျိုးရေး၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေးနှင့် သောက်သုံးရေအတွက် ရေဖောဖောသီသီ အလျှံပယ်ဖြစ်သွား၍ အားရစရာပင်။

ရန်ကုန်မြို့တွင်း၌ မော်တော်ကားများသည် ရေပြည့်လျှံနေသော လမ်းများပေါ်တွင် မြစ်ချောင်းထဲ၌ ခုတ်မောင်းနေရသည့် မော်တော်ဘုတ်(ရေယာဉ်) များကဲ့သို့ အချိန်အတော်ကြာ မောင်းရသဖြင့် လှိုင်းထနေတော့သည်။

ကန်တော်ကြီးကို ခြေကန်ပက်လေ့ရှိသော ရန်ကုန် သင်္ကြန်မှာ အကျနေ့တွင် သိကြားမင်းက ရန်ကုန် သင်္ကြန်ရေထက် အဆပေါင်း ထောင်သောင်းမက သင်္ကြန်မိုးဖြိုင်ဖြိုင် လောင်းလိုက်၍ ရန်ကုန်သင်္ကြန်မှာ အရှုံးပေးလိုက်ရသည်။

ပူအိုက်လှသည်ဟုညည်းညူနေကြသောရန်ကုန်လူထုမှာ ချမ်းစိမ့်စိမ့် ဖြစ်လာ၍ အချို့မှာ အနွေးထည်ပင် ဝတ်ဆင်ကြသေးသည်။

ကွယ်လွန်သူ နိုင်ငံကျော် သတင်းစာဆရာ၊ စာရေးဆရာကြီး ဇဝနက သင်္ကြန်အခါရောက်လျှင် သိကြားမင်းအကြောင်း ဟာသရေးလေ့ရှိသည်ကို သတိရမိသည်။ ဆရာ ဇဝနသာ သက်ရှိထင်ရှားရှိသေးလျှင်၊ ယခုနှစ် သင်္ကြန်အကြိုနေ့ညမှ အကျနေ့ မွန်းလွဲပိုင်းအထိ အဆက်မပြတ် သဲကြီးမဲကြီး ရွာသွန်းနေသော သင်္ကြန်မိုးကို အကြောင်းပြု၍ သိကြားမင်းအား ဟာသရေးဦးမယ်ကို မြင်ယောင်မိသည်။

ရန်ကုန်တွင် ဧည့်သည်နည်းနေသဖြင့် အခန်းလွတ်တွေ များနေသော ခေတ်မီထိပ်တန်း ဟိုတယ်ကြီးများ၌ ဇိမ်ခံတည်းခိုရန် အဆင်သင့်ဖြစ်နေ၍ သိကြားမင်းသည် မိဖုရားလေးဦးနှင့် မာတလိသာမက တာဝတိံသာရှိ သူ့ဆွေမျိုးအားလုံးအပြင် အခြွေအရံများပါ ခေါ် ဆောင်၍

www.burmeseclassic.com



လူ့ပြည်ဆင်းကာ ပူအိုက်သော ရာသီဥတုဒဏ် ခံစားနေရသော လူထုအားအေးချမ်းသာယာ ကြည်နူးသွားအောင် သင်္ကြန်ရေ အားရပါးရ လောင်းပေးလိုက်သည်။ သိကြားသာသနာခေတ်တွင် သိကြားမင်းက လူ့ပြည်ကို ကယ်တင်ရှင်ကြီးလုပ်ကာ နာမည်ကောင်း ယူလိုက်သည်ဟု ဟာသလုပ်၍ ရေးကောင်းရေးသားပေလိမ့်မည် ထင်ပါသည်။ ဆရာဇဝန၏ ဟာသသည် ကလိထိုး၍ ရယ်ရခြင်းမျိုး မဟုတ်ဘဲ ဟာသကို အကွက်ဆိုက်အောင် ရှုမြင်တတ်၊ တွေးဆတတ်၊ သုံးသပ်တတ်သည့် အရေးအသားမျိုး ဖြစ်၍ ပြောင်မြောက်လှ၏။

၁၃၆၀ ပြည့်နှစ်ဟောင်း သင်္ကြန်အတက်နေ့မှာ သောကြာနေ့ (၁၆. ၄. ၉၉) ဖြစ်၍ သောကြာသားသမီးများ တာစားသည်ဆို၏။ ကျွန်တော်မှာ သောကြာသားဖြစ်၍ အတော်သတိထားရ၏။ သင်္ကြန်အခါတွင်း ဥပုသ်မစောင့် ဖြစ်သော်လည်း အကုသိုလ်နည်းအောင် အပြစ်မရှိအောင် ကိုယ်နှုတ်နှလုံး သုံးပါးလုံး ဆင်ခြင်နေရပါသည်။ ငယ်စဉ်က သတင်းထောက်လုပ်ဖက် အရီးတောင်း ဦးကျော်သိန်းက“ဒီနှစ်မန္တလေး သင်္ကြန်ပွဲကို ရန်ကုန် ဦးကျော်စိန်၊ ဒေးဒရဲဦးမြတ်ဆွေတို့နဲ့အတူ ဆက်ဆက်လာပါဦး”ဟု စရိတ်ငြိမ်းဖိတ်ခေါ်သော်လည်း တောင်းပန်၍ ငြင်းပယ်နေလိုက်သည်။ ခရီးသွားခိုက်၊ အမြင်မတော်၊ အကြားမတော်မှုများ ကြုံတွေ့လျှင် အပြစ်ဆိုမိမည် မဟုတ်ပါလား။ အကုသိုလ်ကား လွယ်လွယ်ဖြင့် ကြုံတွေ့တတ်၏။

ယခုနှစ် ရန်ကုန်သင်္ကြန်မှာ မြူမှောင်တိမ်မကင်းဘဲ အကြတ်နေ့အထိ သင်္ကြန်မိုးဖြိုင်ဖြိုင် သဲကြီး

www.burmeseclassic.com



မဲကြီး ရှာသွန်းသည်။ နှစ်ဆန်းတစ်ရက်နေ့မှာလည်း နေသာ မိုးအုံ့ပြီး မိုးထစ်ချုံးကာ မိုးသေးမိုးဖွဲ အနည်းငယ်ရွာသေးသည်။ နှစ်ဆန်း၂ရက်နေ့မှာပင် ညနေမိုးမှောင်ပြီး လေပြင်းတိုက်၍ မိုးသည်းထန်လိုက်သေးသည်။

မည်သို့ဆိုစေ ယခုနှစ် သင်္ကြန်မိုးသည် ၁၃၆၀ ပြည့်နှစ်ဟောင်းကို အတာရေဖြင့် ဆေးကြောပေးရုံသာမက လူ့ပြည်လူ့ရွာကို မကြုံဖူးအောင် မိုးရေဖောဖောသီသီ အလျှံပယ်ဖြည့် ဆည်းပေးလိုက်သဖြင့် အေးချမ်းသာယာသော ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေတော့သည်။

ထို့ကြောင့် ၁၃၆၁ ခုနှစ်သစ်သည် ထူးပါ၏။ ဆန်းပါဘိ။ အေးချမ်းသော နိမိတ်ကို ဆောင်ပြီး လောဘ ဒေါသ မောဟများ ပယ်ကာ ငြိမ်းချမ်းသာယာသည့် လူ့ပြည်လူ့ရွာအဖြစ် ပြီးပြည့်စုံသော နှစ်သစ်ဖြစ်ပါစေသတည်းဟုသာ ဆန္ဒပြုရန် လိုပေတော့သည်။

* * *

www.burmeseclassic.com



# မြန်မာ့အလင်း ဦးတင်၏ တာဝန်မှု

သတင်းစာဆရာ (စာနယ်ဇင်းဆရာ)တို့သည် ရှေး ပဝေသဏီမှ အဖြစ်အပျက် အကြောင်းအရာများကိုလည်း ဘက်စုံ အတွေ့အကြုံ (သို့မဟုတ်) သုတပြည့်စုံအောင် နှံ့စပ်ရသဖြင့်၊ အရေးကြုံလျှင် အခြေအမြစ် အထောက်အထားခိုင်လုံစွာဖြင့် ရေးသားတင်ပြနိုင်ရပါမည်။

သို့ဖြစ်၍ စာရေးသူအား သတင်းစာဆရာဖြစ်အောင် လက်တွေ့သင်ကြားပေးခဲ့သည့် ကျေးဇူးရှင် မြန်မာ့အလင်းဦးတင်က သူဦးစီး၍ ပြန်လည်ထူထောင်ပေးခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ဗဟုသုတစုံ စာစောင်အတွက် ကူညီဆောင်ရွက်ပေးရန် ဖော်ပြပါအတိုင်း တာဝန်အချို့ ပေးအပ်ခဲ့သည်။

မြန်မာ့အလင်းဦးတင်၏ လက်ရေးမူပူးတွဲ

(မိတ္တူ)

www.burmeseclassic.com

BURMESE CLASSIC .com

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com

## ဂျာနယ်ကျော် ဦးချစ်မောင်၏ အင်္ဂလိပ်စာ

လွန်ခဲ့သော ၅၅ နှစ်ကျော်က ဂျာနယ်ကျော် ဦးချစ်မောင်၏ ဆန္ဒအရ ဂျာနယ်ကျော်တွင် ယာယီ ဝင်ရောက်လုပ်ကိုင်ပေးခဲ့ရသော စာရေးသူအား ထောက်ခံစာရေးသားပေးခဲ့သည့် ဆရာဦးချစ်မောင်၏ ကျစ်လျစ်သော အင်္ဂလိပ်စာ အရေးအသား။

(မိတ္တူ)